

# စီးပွားရေးထိုးကျနေတဲ့ တရုတ်

**စိုးမင်းဦး**

**ယနေ့တရုတ်နိုင်ငံ ရင်ဆိုင်နေရသည့် အခြေခံအကျဆုံး ပြဿနာမှာ တရုတ်နိုင်ငံ၏ စီးပွားရေး မညီမျှမှုဖြစ်နေခြင်းကို ပြည်တွင်း စီးပွားရေး၌သာမက နိုင်ငံတကာ စီးပွားရေး၌လည်းတွေ့ရပြီး နိုင်ငံ၏ စီးပွားရေးသည် တဖြည်းဖြည်း ထိုးဆင်းနေခြင်း ဖြစ်သည်။**

ယနေ့ကမ္ဘာပေါ်မှ သတင်းသမားများ၊ သုတေသီများ အားလုံး၌ အကြီးမားဆုံး မေးခွန်းတစ်ခုရှိပါ၏။

တရုတ်နိုင်ငံ၏ စီးပွားရေး နှေးကွေးစွာ ကျဆင်းနေခြင်းမှာ မည်မျှအထိ ဖောက်နက်သနည်းဆိုသည့် မေးခွန်းပင်ဖြစ်သည်။

ထိုမေးခွန်းအတွက် အဖြေထက် ယနေ့တရုတ်နိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာကို ရှေးဦးစွာသိထားမှုဖြစ်ပေလိမ့်မည်။

BBC သတင်းဌာနမှ သတင်းဆောင်းပါးရှင် Karishma Vaswani က လောလောဆယ် တရုတ်နိုင်ငံ၏ လုပ်သားများနှင့် လုပ်ငန်းခွင် အခြေအနေများကို ထဲထဲဝင်ဝင်တင်ပြထား၏။

ခုံတန်းရှည်ပေါ်၌ အလုပ်သမားများက ခေါင်းငိုက်စိုက်နှင့် ခန္ဓာကိုယ်ကို ကွေးကွေးထိုင်နေကြသည်။

သူတို့မျက်နှာပေါ်သို့ တစ်ချက်တစ်ချက် ရိုက်ခတ်နေသော သတ္တုပြားဖြတ်စက်မှ မီးပွားများ အလင်းရောင်က မကြာခဏ ကျရောက်နေ၏။

ထိုမြင်ကွင်းသည် ၁၉ ရာစုနှစ်ဗြိတိန်နိုင်ငံ၏ ဆင်းရဲမွဲတေလှသော အလုပ်သမားများ ဘဝကို ပြန်ပြောင်း အမှတ်ရစေပါ၏။ ထိုအကြောင်းများကို စာရေးဆရာကြီး ချားလ်ဒစ်ကင်း ဝတ္ထုများထဲ၌ ကွက်ကွက်ကွင်းကွင်း ဖော်ပြထားခဲ့သည်ကို တွေ့ရနိုင်သည်။

ထိုသို့ နှိုင်းယှဉ်လိုက်ခြင်းက ၁၉ ရာစု ခေတ်ဗြိတိန်၏ အလုပ်သမားနှင့် ၂၁ ရာစု တရုတ်နိုင်ငံမှ အလုပ်သမားဘဝကို နှိုင်းယှဉ်ကာ တစ်ထပ်တည်းဟု သတင်းသမားက ဆိုလိုက်သည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

ရာစု နှစ်စုကျော်မျှ နောက်ကျနေသော တရုတ်နိုင်ငံဟု ဆိုလိုက်သည့် အဓိပ္ပာယ်လည်းဖြစ်ပါ၏။တရုတ်နိုင်ငံသည် ထိုမျှ အောက်ကျနောက်ကျရောက်နေရပြီလား၊

စာရေးသူက သူမြင်ရသည့် မြင်ကွင်းသည် ၁၉ ရာစု ဗစ်တိုးရီးယားခေတ်က အင်္ဂလန် မဟုတ်ပါဟု ဆို၏။

စင်စစ် သူမြင်နေရသည့် မြင်ကွင်းကား တရုတ်နိုင်ငံ အရှေ့

*စာမျက်နှာ (၂)သို့*



*တရုတ်နိုင်ငံတွင် စီးပွားရေးထိုးကျနေ၍ စက်ရုံအလုပ်ရုံများမှ အလုပ်သမားများ လျှော့ချနေရာ လျှော့ချသည့်အလုပ်သမားထဲတွင် မိမိပါဝင်လေမည်လားဟု တချို့က စိုးရိမ်နေကြသည်။*

*စာမျက်နှာ - ၁*
*စိုးမင်းဦး မှ အဆက်*

မြောက်ဘက် တာလျန့် Dalian မြို့ပြင် အလုပ်စခန်းနေရာမှ မြင်ကွင်းဖြစ်ပါ၏။

ဤအလုပ်သမားများ သည် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုခန့်က တရုတ်နိုင်ငံ၏ စီးပွားရေးကို နိုင်ငံတကာမှ အံ့သြယူရသည်အထိ မောင်းနှင်ပေးခဲ့သူများဖြစ်သည်။

ယခုတော့ ဤမြို့တစ်ခွင်ရှိ လုပ်ငန်းခွင်အားလုံး သူတို့ကဲ့သို့ ပျင်းရိစွာ မသက်မသာ အလုပ်မရှိသည့် ဘဝနှင့် အနာဂတ်ကာလကို လှမ်းမျှော်ကြည့်နေကြရပြီ။

ချောင်အောက် Quiao Ao ဆိုသူ အလုပ်သမားကမူ ဤစက်ရုံ၌ တာဝန်ထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ခန့်ရှိပြီး ထိုလေးနှစ်ကာလ၌ သူတပ်ဆင်ပေးခဲ့ရသည့် ကြီးမားသော အင်ဂျင်စက်ကြီးများကို ဥရောပတိုက်နှင့် ဂျပန်နိုင်ငံ ပို့ပေးခဲ့ရသည်။

သူသည် ရွှေ့ပြောင်းလုပ်သားတစ်ဦးဖြစ်ပြီး သူ့မိတ်ဆွေအခြား လုပ်သမားများ နည်းတူ တစ်ရပ်တစ်ကျေးမှ လာရောက်အလုပ်လုပ်သူဖြစ်၏။

သူကပြောပြသည်။

"အမှာစာတွေက ဒီနှစ်စောစောပိုင်းကစပြီး ကျဆင်းလာတာ၊ အခုဆိုရင် ကျွန်တော် အချိန်ပိုတောင်မလုပ်ရတော့ဘူး။ အရင် အလုပ်ကောင်းတုန်းက အချိန်ပိုဆင်းလုပ်ရတာပေါ့။ အခုတော့ အလုပ်လည်းမရှိ ငွေလည်းမရှိတော့ဘူးပေါ့"

ဤအဖြစ်မျိုးကို ယနေ့ တရုတ်နိုင်ငံတစ်လွှား၌ မတွေ့ချင်မမြင်ချင်အဆုံး မြင်တွေ့ကြားသိနေရသည်။



တရုတ်နိုင်ငံသည် နောက်ဆုံး အကျပ်အတည်းကို ဖြေရှင်းသည့်အနေနှင့် နိုင်ငံတစ်ဝန်းလုံး၌ လူနေအိမ်များ တစ်လုံးပြီးတစ်လုံးဆောက်၏။
အလုပ် သမားများ အလုပ်ရရန်အတွက်ဖြစ်၏။
ယခုတော့ တရုတ်နိုင်ငံ၏ ဒေါက်တိုင်သဖွယ် အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများအားလုံး ဒုက္ခနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

## ၂၀၀၈ ထက်ပိုဆိုးတယ်

တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုသည် လုပ်ငန်းငယ်လေးများအတွက် အထိနာခဲ့စေပြီး ၂၀၀၉ ခုနှစ် နောက်ပိုင်းမှစ၍ ယခု အဆိုးရွားဆုံးဖြစ်လာခဲ့သည်။

စက်ရုံပိုင်ရှင် ဝမ်ဟဲက ပြောပြရာ၌ ယခုနှစ် ဇွန်လအထိ အမှာစာများက ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း အထိ ကျဆင်းသွားသည်။ ယခုအတိုင်းသာ ဆက်သွားပါက အလုပ်သမားအချို့ ဖြုတ်ပစ်ရတော့မည်ဟု ပြောပြသည်။

"ကျွန်တော် ဒီအလုပ်လုပ်တာ ၈ နှစ် ၉နှစ်ရှိပြီ၊ အခု လောက်ဆိုးရွားတာ တစ်ခါမှမကြုံဖူးဘူး"ဟု ပြောပြသည်။

"ဒီနယ်မြေမှာရှိတဲ့ လုပ်ငန်းတွေ အတော်များများ ပိတ်ကုန်ကြပြီ။ ဒါဟာ ၂၀၀၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးပဲ"ဟုလည်းဆိုသည်။

တရုတ်နိုင်ငံသည် နောက်ဆုံး အကျပ်အတည်းကို ဖြေရှင်းသည့်အနေနှင့် နိုင်ငံတစ်ဝန်းလုံး၌ လူနေအိမ်များ တစ်လုံးပြီးတစ်လုံး ဆောက်၏။ အလုပ်သမားများ အလုပ်ရရန်အတွက်ဖြစ်၏။

ယခုတော့ တရုတ်နိုင်ငံ၏ ဒေါက်တိုင်သဖွယ် အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများအားလုံး အခက်အခဲနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။ ချန်ရှိန် Changxing မြို့သည် တာလျန့်မြို့မှ မိုင် ၅၀ အကွာ၌ရှိသည်။ အရံ မြို့ဟုအမည်ခေါ်တွင်ပြီး တရုတ်နိုင်ငံ၏ အနာဂတ်ကာလမြို့တော်ဖြစ်သည်။

သတင်းသမားသည် ထိုချန်ရှိန်မြို့သို့ ရောက်သွားသည်။ ထိုမြို့၌ တိုက်သစ်များက မျက်စိတစ်ဆုံး၊ ထိုးထိုးထောင်ထောင်။

လူသွားလမ်း၊ လမ်းဖြတ်ကူးသည့် လမ်းမီး၊ ပလက်ဖောင်း၊ အားလုံးအပြည့်အစုံ။ သို့သော်မြို့ဖြစ်သော်လည်း လူသူတစ်ယောက်မှမရှိ။

ထိုပုံရိပ်သည် တရုတ်နိုင်ငံ၏ ယနေ့မြင်ကွင်းဖြစ်ပါ၏။

ထိုမြင်ကွင်းကို သုံးသပ်၍ သုတေသီများ၊ လေ့လာသူများ၊ သတင်းသမားများ၊ ဘောဂဗေဒ ပညာရှင်များက အမျိုးမျိုး စဉ်းစားကြသည်။ အဖြေရှာကြသည်။ ယနေ့ကမ္ဘာ့စီးပွားရေး၌ အကြီးမားဆုံး မေးခွန်းမှာ-

တရုတ်နိုင်ငံ စီးပွားရေး နှေးကွေးစွာ ကျဆင်းနေခြင်းမှာ မည်မျှမတ်စောက်နေသနည်း။

ထိုမေးခွန်းအတွက် အဖြေရှာသူတို့သည် ထူးဆန်းသည့် အချက်တစ်ခုကို ထပ်မံတွေ့၍ ထောက်ပြကြသည်။

တရုတ်နိုင်ငံသည် ဩဂုတ်လ စောစောပိုင်း၌ သူ၏ ငွေကြေးယွမ် yuan တန်ဖိုးကို အံ့အားသင့်ဖွယ် လျှော့ချလိုက်ခြင်းဖြစ်ပါ၏။

တရုတ်နိုင်ငံမှမူဝါဒချမှတ်သူများက ထုတ်ကုန်တင်ပို့မှု မြင့်တင်လို၍ အကြံပေးခဲ့ခြင်း ကြောင့်လား။

ယနေ့တရုတ်နိုင်ငံ ရင်ဆိုင်နေရသည့် အခြေခံအကျဆုံး ပြဿနာမှာ တရုတ်နိုင်ငံ၏ စီးပွားရေး မညီမျှမှုဖြစ်နေခြင်းကို ပြည်တွင်း စီးပွားရေး၌သာမက နိုင်ငံတကာ စီးပွားရေး၌လည်း တွေ့ရပြီး နိုင်ငံ၏ စီးပွားရေး တဖြည်းဖြည်းထိုးဆင်းနေခြင်း ဖြစ်သည်။

ဘောဂဗေဒ ပညာရှင်များက ပြည်တွင်း စီးပွားရေးချိန်ခွင်လျှာ ညီမျှမှုကို ကြည့်ရာ၌ နိုင်ငံတစ်နိုင်ငံ၌ အလုပ်လက်မဲ့နှင့် ငွေကြေးဖောင်းပွမှုသည် အလွန်မြင့်မား၍လည်းမဖြစ်၊ အလွန်နိမ့်ကျ၍လည်း မဖြစ်ဟူသော အချက်ကို အလွန်အလေးထားလေ့ရှိသည်။

နိုင်ငံတကာ စီးပွားရေး ချိန်ခွင်လျှာ ညီမျှမှုဆိုခြင်းမှာ နိုင်ငံတစ်နိုင်ငံ၏ ငွေစာရင်းကို ကြည့်လေ့ရှိကြသည်။ ကမ္ဘာပေါ်မှ ချေးယူထားသော ငွေကြေးပမာဏသည် များလည်းမများရ၊ နည်းလည်းမနည်းရပါ။

ထိုရှုထောင့်ဖြင့် တရုတ်နိုင်ငံကို ကြည့်ကြသည့်အခါ တရုတ်နိုင်ငံသည် အဆိုပါချိန်ခွင်လျှာ နှစ်မျိုးလုံးကို မနည်းရုန်းကန်ကြိုးစားနေရသည့် သဏ္ဌာန်မြင်နေရ၏။

တရုတ်နိုင်ငံ၌ မူဝါဒချမှတ်သူများသည် တင်ကြို၍ လှည့်ကွက်တစ်ခု လုပ်ထားပုံရသည်။ သို့သော် အဆိုပါ လှည့်ကွက်ကို ထိန်းချုပ်နိုင်စွမ်းလည်း ရှိပုံမပေါ်ပါ။

အထက်ပါ စိန်ခေါ်မှုကို ရင်ဆိုင်ရာ၌ အလွယ်ကူဆုံး နည်းလမ်းမှာ နိုင်ငံတကာက ချမှတ်ထားသော စီးပွားရေး မူဝါဒများနှင့်အတူ ညှိနှိုင်းပူးပေါင်း ဖြေရှင်းမှသာ အဆင်ပြေမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ နှလုံးသည်းပွတ်သဖွယ်ပြဿနာလည်းဖြစ်၊ ဖြေရှင်းရခက်သည့် တစ်ခုတည်း အချက်မှာ ဖြစ်နိုင်ဖွယ်မရှိသော အချက်သုံးချက်ဖြစ်သည်။

ထို အချက် သုံး ချက် ကလည်း နိုင်ငံတကာ မက္ကရိုစီးပွားရေး Macroeconomics ၌ မပါမဖြစ်သော အချက်များဖြစ်ပါ၏။

အဆိုပါ အချက်သုံးချက် တစ်ချိန်တည်းတွင် ပြီးပြည့်စုံရမည်ဆိုသည့် နိုင်ငံကလည်း ရှားမည်ဖြစ်သည်။

ပထမအချက်မှာ တည်ငြိမ်သောငွေကြေး။

ဒုတိယအချက်မှာ ရင်းနှီးမြှုပ်နှံမှုကို လုံးဝလွတ်လပ်စွာ ရွှေ့လျားခွင့် (ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှုတွေကို ထိန်းချုပ်မှု လုံးဝမရှိခြင်း)။

တတိယအချက်မှာ လွတ်လပ်သော ငွေကြေး မူဝါဒထားရှိ

*စာမျက်နှာ (၃)သို့*



*တရုတ်နိုင်ငံ၏ ပျက်စီးလုနီးပါးဖြစ်သွားသော အိမ်ရာ စီမံကိန်းများထဲမှ ပုံသဏ္ဌာန်တစ်ခု။*

P-4

A

F1

*စာမျက်နှာ - ၂*
*စိုးမင်းဦး မှ အဆက်*

ခြင်းတို့ဖြစ်သည်။ နိုင်ငံတစ်ခုသည် အထက်ဖော်ပြပါ အချက်သုံးချက်၌ အချက်နှစ်ချက်နှင့် ပြည့်စုံသည်ဆိုလျှင်ပင် မူဝါဒနှင့် ကိုက်ညီသည်ဆိုရမည်။

ဥပမာအဖြစ် ဗြိတိန်နိုင်ငံကို စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံအဖြစ် သတ်မှတ်ထားကြသည်။ ထိုဗြိတိန်နိုင်ငံ၌ပင် ရင်းနှီးမြှုပ်နှံမှု ငွေကြေးကို လွတ်လပ်စွာ ပြောင်းရွှေ့နိုင်သည့် လွတ်လပ်သော ငွေကြေးမူဝါဒရှိသည်။ ငွေကြေး လဲလှယ်မှုနှုန်းထားကို ထိန်းချုပ်မှု လုံးဝမရှိခြင်းဖြစ်၏။

နိုင်ငံတကာ၌ ဗဟိုဘဏ်ဟု သတ်မှတ်ခေါ်ကြသည့် ဘဏ်ဖြစ်သော အင်္ဂလန်ဘဏ် Bank of England သည်သူ၏ ဘဏ်တိုးနှုန်းထားကို ဗြိတိန်နိုင်ငံ၏ စီးပွားရေးအပေါ်အခြေခံ၍ သတ်မှတ်သည်။ အတိုးအလျှော့ လွတ်လပ်စွာပြုလုပ်ခွင့်ရှိသည်။

အင်္ဂလန်၌ ရင်းနှီးမြှုပ်နှံထားသော ငွေများကို ထုတ်သွင်းလုပ်ချင်သလို လုပ်ပိုင်ခွင့်ပေးထားသည်။ ငွေကြေးတန်ဖိုး သတ်မှတ်မှုကို ဈေးကွက်က သတ်မှတ်သည်။ အတက်အကျ အစဉ်အမြဲရှိ၏။

**အမြင်သဘောတရားနှင့် ပြောင်းလဲခြင်း**

၁၉၈၀ ခုနှစ်များ နောက်ပိုင်းကာလနှင့် ၁၉၉၀ ခုနှစ်အတွင်း စောစောပိုင်းကာလ၌ ဗြိတိန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်စေလိုသည်။ ငွေကြေးလည်း တည်မြဲနေစေလိုသည်။ တစ်ဖက်၌လည်း တည်ငြိမ်သော ငွေကြေးလဲလှယ်မှုလိုလားသည်။ ထိုအချက်များပြည့်စုံပါမှ လွတ်လပ်သော ငွေကြေးမူဝါဒ ချမှတ်နိုင်မည်ဟု သဘောပေါက်ခဲ့၏။

တရုတ်နိုင်ငံ၏ မူဝါဒကမူ ရောထွေးနေသည်။ လွတ်လပ်သော ငွေကြေးမူဝါဒရရှိလိုသည်။ ငွေကြေးလဲလှယ်မှုနှုန်းထားကို ထိန်းချုပ်လိုသည်။ ယင်းအမိပ္ပာယ်မှာ ငွေကြေးရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာ ရွှေ့ပြောင်းခြင်းကိုလည်း ကန့်သတ်လိုပြန်သည်ဟုဆိုရမည်။

အမှန်တကယ်၌ အခြေအနေ အရပ်ရပ်သည် ရှုပ်ထွေးမှုကရှိနေသည်။

တရုတ်တို့သည် ရင်းနှီးမြှုပ်နှံမှု မရွှေ့ပြောင်းစေရန် ထိန်းချုပ်လိုမှုက သူတို့စိတ်ထဲ၌ ရှိနေပြီးသားဖြစ်နေသောကြောင့်ပင်။



**တရုတ်တို့သည် သူတို့နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှု ငွေကြေးများ စီးသာစီးဝင်စေလိုသည်။ မထွက်ရန် တားဆီးလိုသည့်စိတ်ကလည်း ရှိနှင့်နေပြီးဖြစ်ပါ၏။ ဤသည်မှာ အစိုးရအားလုံးလိုလို၏ စိတ်ထားဖြစ်သည်။ သို့သော် နိုင်ငံတကာ၌ ထိုသို့ အတင်းအကြပ်ပြုလုပ်၍မရ။ နိုင်ငံတကာအဆင့် ဖြစ်လာသော နိုင်ငံတွင် ငွေကြေးစီးဆင်းမှုကို လွတ်လပ်မှုပေးရမည်။ သို့မှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာမည်ဖြစ်သည်။**

ငွေကြေးသည် တရုတ်နိုင်ငံတွင်းသို့ စီးဝင်မည်။ တစ်ခါတစ်ရံ ထွက်သွားမည်။ ထိုသို့ဖြစ်စေရန်လည်း တရုတ်နိုင်ငံသုံး ယွမ်ငွေကို အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်ထားသည်။

သို့သော် သူတို့က ငွေကြေးတည်ငြိမ်စေရန် တင်းတင်းကြပ်ကြပ်လုပ်ဆောင်လိုနေပါသေး၏။

အမှန်တကယ်၌ တရုတ်တို့သည် သူတို့နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှု ငွေကြေးများ စီးသာစီးဝင် စေလိုပြီး ပြန်ထွက်မသွားရန် တားဆီးလိုသည့် စိတ်ကလည်း ရှိနှင့်နေ ပြီး ဖြစ်ပါ၏။ ဤသည်မှာ အစိုးရ အားလုံးလိုလို၏ စိတ်ထားဖြစ်သော်လည်း နိုင်ငံတကာ၌ ထိုသို့ အတင်းအကြပ်ပြုလုပ်၍မရ။ နိုင်ငံတကာအဆင့် ဖြစ်လာသော နိုင်ငံတွင် ငွေကြေးစီးဆင်းမှုကို လွတ်လပ်မှုပေးရမည်။ သို့မှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာမည်ဖြစ်သည်။ သူတို့သည် အခြေအနေ အရပ်ရပ်ကို သုံးသပ်၍ မတည်ငြိမ်ဘူးထင်လျှင် ရုတ်ခြည်း ပြန်ထွက်သွားလိုသည်။ ဤသည်မှာ ငွေရှင်ကြေးရှင်များ၏ ဆန္ဒဖြစ်သည်။

မိမိတို့နိုင်ငံသို့ ဝင်လာသောငွေ၊ ရင်းနှီးမြှုပ်နှံသောငွေကို ပြန်မထွက်စေလိုသည့် ဆန္ဒရှိလျှင် ရင်းနှီးမြှုပ်နှံသူတို့ကလည်း အချိန်နှင့်အမျှ စောင့်ကြည့်နေမည်။ သိပ်မသေချာလျှင် ချက်ချင်းပြန်ရွှေ့သွားမည်သာဖြစ်၏။

သို့သော် အခြေအနေ အရပ်ရပ်သည် ပြောင်းလဲနေပါ၏။ တရုတ်နိုင်ငံသည် သူပိုင်ငွေဖြစ်သော ယွမ်ငွေကို နိုင်ငံတကာ အဆင့်မီစေရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေ၊ International Monet - ary Fund-IMF ၌ စာရင်းဝင်ငွေကြေး ဖြစ်စေရန် တင်သွင်းထားပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတကာ အဆင့်သို့ သတ်မှတ်ထားသောငွေကြေးဆိုလျှင်၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များရှိပါ၏။ ရင်းနှီးမည့် ငွေကြေးများကို ထိန်းချုပ်၍မရစေရန် မိမိတို့ နိုင်ငံပိုင် ဗဟိုဘဏ်၌ အသေအချာ အပ်နှံ၍ သိသာထင်ရှားစွာ လူအများသိစေရန် ဖွင့်ဟကြေညာထားရမည်။

အထက်တွင် ဖော်ပြထားသည့် ငွေကြေးမူဝါဒသုံးမျိုး သုံးစားနှင့် အညီဖြစ်စေရမည်။ မူသုံးမျိုးဆိုသည်မှာ ငွေကြေးတည်ငြိမ်သည့်မူ၊ ရင်းနှီးမြှုပ်နှံမည့် ငွေကို လိုအပ်သလို ရွှေ့ပြောင်းခွင့်ပေးမည့်မူ၊ ငွေကြေးတန်ဖိုးကို မထိန်းချုပ်ရဆိုသည့်မူများဖြစ်ပါ၏။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း စီးပွားရေးပုံစံသည် နွေးကွေးလာပြီ ဆိုသည်နှင့် ငွေကြေးအခြေအနေသည် အလွယ်တကူ ရွှေ့ပြောင်း၍ရရန် လိုအပ်လာပြီဖြစ်၏။ ထိုသို့ ရွှေ့ပြောင်းရန် မူလည်း ရှိကိုရှိရမည်။

ငွေကြေးရင်းနှီးမြှုပ်နှံ သူသည် ရင်းနှီးမြှုပ်နှံမှု အဆုံးရှုံးမခံနိုင်၍ နေရာရွှေ့လိုမည်။ ထိုသို့ ရွှေ့ပြောင်းခွင့်ကို မူရင်းနိုင်ငံ အစိုးရက ခွင့်ပြုရမည်။ ခွင့်ပြုသည့်မူများလည်း အသင့်ရှိပြီးဖြစ်ရမည်။

ဆိုလိုသည်မှာ တရုတ်နိုင်ငံ၏ ငွေကြေး ယွမ်ငွေသည် ခိုင်မာသော ငွေကြေးမဟုတ်ဘဲ အင်အားချည့်နဲ့သော ငွေဖြစ်ကြောင်းက လက်တွေ့၌ပြနေပေပြီ။

ထို့ကြောင့်လည်း နိုင်ငံတကာ၌ ထင်ရှားကျော်ကြားသည့် ဥရောပနှင့် အာရှဒေသ ငွေကြေးအဖွဲ့တစ်ခုဖြစ်သော Eurasia Group မှ ကာသစ်ဆန်ကာရန် Karthik Samkaram အဖွဲ့က တရုတ်ယွမ်ငွေ၏ခိုင်မာမှု ယုံကြည်မှုရှိရန် အခက်အခဲဖြစ်နေသည်ဟု ဆို၏။

ထို့ကြောင့်ပင် သူတို့က ယုံကြည်မှုကို ငြင်းချက်ထုတ်ပြန်၏။ သူတို့အနေနှင့် တရုတ်နိုင်ငံကို နိုင်ငံတကာအဆင့် စီးပွားမှုပိုင်ရှင်အဖြစ် သတ်မှတ်ရန်မဖြစ်နိုင်ဟု ဆို ၏။

ရှင်းရှင်းဆိုရပါလျှင် နိုင်ငံတစ်ခု၏ ပြည်တွင်း၌ပင် အင်အားမရှိသော၊ အင်အားချို့တဲ့သော ငွေကြေးတစ်ရပ်သည် ဘဏ္ဍာရေး အခြေအနေအရပ်ရပ်ကို ထိန်းချုပ်နိုင်စွမ်းမရှိနိုင်ပါဟု ဆိုလိုရင်းဖြစ်ပါ၏။

ပမာအားဖြင့် တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုခုသည် တရုတ်နိုင်ငံ အစိုးရဘဏ်ဖြစ်သော တရုတ်နိုင်ငံ ပြည်သူ့ဘဏ် Peopl e's

*စာမျက်နှာ (၃၄)သို့*



*အလုပ်အကိုင် အခွင့်အလမ်းသစ်များရလိုရငြား အလုပ်ခေါ်စာ ကြော်ငြာများအား ကြည့်ရှုနေသည့် လူငယ်တစ်ဦး။*

## The Remarkable OF THE WEEK

### လူငယ်တွေရဲ့ အနာဂတ်

ကျွန်မတို့ ဒီနိုင်ငံဟာ ဆင်းရဲတယ်ဆိုတာ ထူးထူးထွေထွေ ပြောနေစရာ မလိုပါဘူး။ ဆင်းရဲနေခြင်းအကြောင်းရင်းက နိုင်ငံကြောင့် မဟုတ်ဘူး။ ကျွန်မတို့ နိုင်ငံဟာ သဘာဝအားဖြင့် ဆိုလို့ရှိရင် အင်မတန် ချမ်းသာကြွယ်ဝရမယ့် နိုင်ငံပါ။ စနစ်မကောင်းလို့ ဆင်းရဲနေရတာပါ။ ဒါကြောင့် ဒီနိုင်ငံတိုးတက်စေချင်ရင် စနစ်ကို ပြောင်းရမယ်။ စနစ်ကို မပြောင်းရင် ကျွန်မတို့ လူငယ်တွေရဲ့ အနာဂတ်ဟာ အာမခံချက်မရှိဘူး။ ဒီနိုင်ငံမှာဆိုရင် လူငယ်တွေ သိပ်များတာပဲ။

လူငယ်တွေကို ပြုစုပျိုးထောင်နိုင်မှ ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်အတွက်ကောင်းမယ်။ ခံစရာရှိရင် ခံရဲရမယ်လို့ ဖေဖေပြောခဲ့တယ်။ "လုပ်ရဲတာ သတ္တိမဟုတ်ဘူး။ ခံရဲတာသတ္တိ" တဲ့။ မမှန်တာ လုပ်လို့ရှိရင် မမှန်တာလုပ်တဲ့အတိုင်းပဲ အပြောခံရမယ်။ ဒါဟာ ကျွန်မတို့ရဲ့ မှန်ကန်တဲ့ နိုင်ငံရေးပဲ။

ဒေါ်အောင်ဆန်းစုကြည်
၁၀-၈-၂၀၁၅ (ပွင့်ဖြူမြို့)
၂-၂-၂၀၁၅ (ပြည်မြို့)

**Since 1997**

**ဈေးကွက် ဂျာနယ်**

**တာဝန်ခံအယ်ဒီတာ** - ကောင်းကျော် (စီးပွားရေး)
**အမှုဆောင်အယ်ဒီတာ** - ဝိုင်းယဉ်နွယ်
**အဖွဲ့ဝင်အယ်ဒီတာ** - မင်းမင်းစန်း
Graphic Designer - ထူးကိုကိုညွန့်
DTP & Layout - နှင်းမိချို
**သတင်းအဖွဲ့** - ဝေယံမြင့်၊ ဒသမ
ကိုအောင် (Photo)
**သရုပ်ဖော်** - ဝင်းကို
Marketing **(ရန်ကုန်)** - Zaygwet Media
**ထုတ်ဝေသူ** - ဦးတင့်အောင် (၀၀၃၉၀)
**ပုံနှိပ်သူ** - ဦးကြင်ရွှေ (၀၀၉၆၉)
မိသားစုရောင်စုံပုံနှိပ်တိုက်

ဈေးကွက်ဂျာနယ်ရုံးခန်းလိပ်စာ
အမှတ် ၉၉-A (မြေညီ)၊ ၄၂- လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၇၀၇ ၁၈၃၊ ၇၁၀ ၁၀၂၊ ၃၈၀ ၁၆၉၊
၀၉- ၂၅၂ ၂၂၆၁၅၅၊ ၀၉- ၂၅၂ ၂၂၆၂၅၅
စာမူပေးပို့ရန် Email
**zaygweteditor@gmail.com**




# လူငယ်တွေအတွက် အိုင်ဒီယာ

**ဒေါက်တာခင်မောင်ညို**

အိုင်ဒီယာဆိုတာဘာလဲ။

အိုင်ဒီယာဆိုတာ စိတ်ကူး။

အတွေးအခေါ်၊ အကြံအစည်တဲ့။

ကျွန်တော်ကတော့ အကြံအစည်ကို သဘောကျတယ်။

မိတ်ဆွေတစ်ဦးက အတွေးအခေါ်တဲ့။

အိုင်ဒီယာဆိုတာ စိတ်ကူးပါဗျာတဲ့။ မပြည့်စုံပါဘူး။

အင်္ဂလိပ်အဘိဓာန်တစ်ခုမှာ idea ဆိုတာ An idea is nothing more nor less than a new combination of old elements လို့ ပြောတယ်။

ကျွန်တော်အကြိုက်ဆုံး အဓိပ္ပာယ်သတ်မှတ်ချက်ပါပဲ။

အသစ်တွေထွက်ဖို့ အဟောင်းတွေကနေရတာပဲ၊ အဲဒါအိုင်ဒီယာပါတဲ့။

နောက်တစ်ခုကတော့ Something new that can't be seen from what proceeded it တဲ့။

အသစ်တစ်ခုခုပါပဲ၊ ဘယ်ကနေလာသလဲဆိုတာကိုတော့မသိပါလို့ ဆိုထားတယ်။ ဒါဟာလည်းမှန်ပါတယ်။ ဒါပေမယ့် အသစ်ဆိုတာ idea ပေါ့လေ။ သူ့ကို သိဖို့တော့လိုတယ်။ ပိုကောင်းတာလေးက-

It is flash of insight that lets you see things in a new light, that unites two seemingly desperate thoughts into one new concept ပါပဲ။

အတွင်းမှာ လင်းသလိုလက်သလိုဖြစ်ပေါ်ပြီး အဲဒီ အလင်းရောင်အသစ်ထဲမှာ မြင်ရတွေ့ရကာ စိတ်ပျက်စရာကောင်းတဲ့ အရာနှစ်ခုရောယှက်ပြီး အမြင်တစ်ခုကို လက်ခံရရှိ. . . ဒါဟာ အိုင်ဒီယာပါတဲ့။

ကျွန်တော့်အနေနဲ့တော့ အိုင်ဒီယာဟာ အဟောင်းထဲကလာတယ်ဆိုတာကို အတော်လေးကြိုက်ပါတယ်။

မိမိသိထားတာတွေကပဲ ပေါင်းစပ်ကာတွေးခေါ်မြော်မြင်တာဖြစ်တယ်၊ ကြံစည်စဉ်းစားနိုင်တာဖြစ်တယ်။

အိုင်ဒီယာအသစ်ရရှိစေဖို့ သင်လုပ်ရမှာကတော့ မိမိသိထား တဲ့ အဟောင်းတွေကို တစ်မျိုးတစ်ဖုံ ပေါင်းစပ်ကြည့်ဖို့ပါပဲ။

အိုင်ဒီယာသစ်ဟာ လွယ်လွယ်ကူကူ ရှင်းရှင်းလေးပါပဲ။

ဒါတွေကိုရဖို့ ပါရမီရှင်တစ်ယောက်ဖြစ်ဖို့ မလိုပါဘူး။

ဂျေဘရိုနော့စကီးကတော့ "အိုင်ဒီယာအသစ်ဆိုတာဟာ အထူးအဆန်းလို့ ထင်နေတာကိုက မှားတာပါပဲ" တဲ့။

သာမန်လူတွေဟာ နေ့စဉ် အိုင်ဒီယာသစ်တွေရနေကျပါပဲလို့ သူကပြောသွားတယ်။

"ဘယ်လို ဈေးရောင်းကောင်းအောင် လုပ်ရမယ်"

"ဘယ်လို တီထွင်မှုတွေပြုရမယ်"

"ပစ္စည်းတွေကို ဘယ်လိုပြုပြင်ရမယ်"

"ကလေးတွေကို စာဘယ်လိုသင်ရမယ်"

"နေရေးထိုင်ရေးအတွက် စရိတ်သက်သာအောင် ဘာတွေလုပ်ရမယ်"စတဲ့ အိုင်ဒီယာပေါင်းစုံဟာ လူတွေရဲ့ ဦးနှောက်တွေထဲမှာ နေ့စဉ်ထွက်နေကြတာပဲဖြစ်တယ်။

မိမိတို့ဟာ အဟောင်းတွေစုပြီး အသစ်ကို ပြုစုတာပါပဲ။

အဟောင်းတွေထဲက မကောင်းတွေကို ပယ်တာကို သဘောပေါက်နိုင်ပါတယ်။

လူတွေက အမှားတွေ လုပ်တတ်တယ် မဟုတ်ပါလား။

အဲဒီအမှားတွေကို သုံးသပ်ပြီး အမှန်ပြင်တာကို သင်ခန်းစာယူတယ်လို့ဆိုတယ်။

အဟောင်းတွေထဲက ကောင်းတာတွေကို ယူပြီးအသုံးချရင် အတုယူတယ်လို့ခေါ်တယ်။

ကောင်းတဲ့အဟောင်းတွေကိုပေါင်းပြီး အမြင်သစ်တွေရတယ်ဆိုရင် idea ရတယ်ပေါ့တဲ့။

ကျွန်တော်တို့တစ်တွေ ဝိဇ္ဇာ ဘာသာရပ်တွေကို သိပ္ပံနည်းကျကျ တွေးရအောင်လို့ဆိုတာတွေကို ကြားဖူးကြမှာပါပဲ။

ဒါဟာ ဘာသာရပ်နှစ်ခု ပေါင်းစပ်တာပဲ။ Merge လုပ်တယ်လို့ဆိုတယ်။

ဇီဝဗေဒနဲ့ ဓာတုဗေဒ ပေါင်းစပ်ရင် Biochemistry ဆိုတာ ဖြစ်လာတယ်။ ဒီလိုပေါင်းစပ်တော့ အများကြီးအကျိုးရှိတယ်။

ဒီလိုပေါင်းစပ်ခြင်းကြောင့် မျိုးရိုးဗီဇတွေအကြောင်း သိလာတယ်။

ဒီအင်အေ (DNA) တွေကအစ ပုံတူမျိုးပွားခြင်း (cloning) စတာတွေအထိ ရှာဖွေလာနိုင်တယ်။

ဒါတွေဟာ အဟောင်းတွေကို အခြေခံပြီး အသစ်တွေဖြစ်အောင် ပေါင်းစည်းကြည့်တာပါပဲ။

ဒီအိုင်ဒီယာတွေဟာ လူသားတွေကို အများကြီး အကျိုးပြုတာပါပဲ။

ဒါပေမယ့် အိုင်ဒီယာအသစ်တွေဟာ အဟောင်းတွေထဲကနေ ဒီအတိုင်းထွက်တာမဟုတ်ဘူး။ သူ့ကို ပုံတူကူးချလို့မရဘူး။ ကုန်ထုတ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ လက်တွေ့ပြဿနာတစ်ခုဖြစ်ဖူးတာကို ပြောပြမယ်။

တစ်ခါက ပါမောက္ခတစ်ယောက်ဟာ ပလတ်စတစ်တစ်မျိုးကို လက်တွေ့ထုတ်လုပ်ခဲ့တယ်။

> ကျွန်တော့်အနေနဲ့တော့ အိုင်ဒီယာဟာ အဟောင်းထဲက လာတယ်ဆိုတာကို အတော်လေးကြိုက်ပါတယ်။ မိမိသိထားတာတွေကပဲ ပေါင်းစပ်ကာတွေးခေါ် မြော်မြင်တာဖြစ်တယ်၊ ကြံစည်စဉ်းစားနိုင်တာဖြစ်တယ်။ အိုင်ဒီယာအသစ်ရရှိစေဖို့ သင်လုပ်ရမှာကတော့ မိမိသိထားတဲ့ အဟောင်းတွေကို တစ်မျိုးတစ်ဖုံ ပေါင်းစပ်ကြည့်ဖို့ပါပဲ။

*စာမျက်နှာ (၅) သို့*

# ပြည်သူကိုသာ မျက်နှာမူမည်




မောင်ကိုကို(အမရပူရ)

NLD ၏ campaign ကာလဖြစ်ပါသည်။

NLD ၏ နာယကကြီး ဦးတင်ဦးက NLD သည် တစ်ပြည်လုံးမှာ အပြည့်အဝအနိုင်ရရှိပါက ပြည်သူလက်မခံသော စီမံကိန်းများကို လုပ်ခွင့်ပြုမည် မဟုတ်ဟု ပြောဆိုပါသည်။

ပြည်သူလူထု ဘက်ကလည်း ဦးသိန်းစိန် အစိုးရသည် မြစ်ဆုံစီမံကိန်းကို ခေတ္တရပ် ဆိုင်းထားသော်လည်း သောင်မတင်ရေမကျ ထားထားကြောင်း သိကြသည်။ မြစ်ဆုံ စီမံကိန်းသည် ဧရာဝတီကို တိမ်ကောစေမည့်ကိစ္စဟု ပြည်သူက နားလည်ထား၏။ မြစ်ဆုံစီမံကိန်းကို လုံးဝ ဆန့်ကျင်ကန့်ကွက်မည်ဟု ပြည်သူဘက်က သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

*　*　*

၂၀၁၅ ရွေးကောက်ပွဲ တွင် NLD ဘက်မှလွှတ်တော်ကိုယ်စားလှယ် တစ်ထောင်ကျော်ဝင်ရောက်အရွေးခံမည် ဖြစ်ပါသည်။

မြို့နယ် အသီးသီးမှာ NLD ကို မဲပေးရန် ဒေါ်အောင်ဆန်းစုကြည်က လိုက်လံစည်းရုံးနေ၏။

ဒေါ်အောင်ဆန်းစုကြည်က ထပ်တလဲလဲ ပြောသည်။

အဖွဲ့ချုပ်ကိုယ်စားလှယ်များ၏ နာမည်ကို မကြည့်နှင့်။

ပါတီနှင့် အလံကိုသာကြည့်၍ မဲပေးကြပါ။

ဆုံးမစရာရှိလျှင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဆုံးမမည်။

*　*　*

NLD မှ လွှတ်တော်ကိုယ်စားအဖြစ် အရွေးခံမည့် အမတ်လောင်းများကို Facebook ပေါ်မှာ ကျွန်တော်တို့တွေမြင်နေကြရပြီဖြစ်သည်။

အသက် သုံးဆယ်နှင့် လေးဆယ်ကြား၊ အသက် လေးဆယ်နှင့် ငါးဆယ်ကြား အရွယ်ကောင်းများကို NLD ဗဟိုမှ အများဆုံး ရွေးချယ်ထားသည်။

NLD လွှတ်တော်ကိုယ်စားလှယ်များထဲမှာ ဒေါ်ဇင်မာအောင်ကဲ့သို့သော လူငယ်အမျိုးသမီးမျိုးကို လူအားလုံးက ဝိုင်းဝန်းထောက်ခံကြသည်။ ပခုက္ကူမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးမှာ ငယ်ရွယ်ချောမောသည့်အတွက် Facebook အပေါ်မှာ ရေပန်းစားလျက်ရှိ၏။

**NLD သည် ပြည်သူကို မျက်နှာမူပြီး လုပ်မည်ဖြစ်ကြောင်း ပြည်သူ့အားကို ကိုးကာ ပြည်သူကို တန်ဖိုးထား၍ ဆောင်ရွက်မည် ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အမြဲပြောခဲ့သည်။**

*　*　*

NLD ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်၍ မိမိတို့၏ သူငယ်ချင်းများလည်း ပါဝင်နိုင်ပါသည်။

မိမိ၏ သောက်ဖော်သောက်ဖက်ဖြစ်စေ၊ ပုလင်းတူဘူးဆို့ဖြစ်စေ သူသည် NLD လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သွားခဲ့လျှင် ထိုသူကို ကျွန်တော်တို့ လေးစားရပါမည်။

သင်၏ သူငယ်ချင်း၊ ငယ်ပေါင်းကြီးဖော်၊ ဆဲမနာ ဆိုမနာ တစ်ဦးသည် သက်န်းဆီးပြီး ဒုလ္လဘ ရဟန်းဝတ်သွားလျှင် သင်ကဦးချကန်တော့ရပါမည်။

ထိုအတူပင်ဖြစ်ပါသည်။

သင့်သူငယ်ချင်း NLD အမတ်အား Facebook ပေါ်မှနေ၍ မှိုချိုးမျှစ်ချိုး၊ ငယ်ကျိုးငယ်နာတွေ ထုတ်ဖော်၍ မပြောသင့်သောအချိန်ကာလဖြစ်ပါသည်။ အောက်ကလိအာ စကားများ မပြောသင့်ပါ။

သူသည် သူ့အလုပ်၊ သူ့တာဝန်ကို လေးစားစွာ လုပ်ကိုင်ဆောင်ရွက်သွားပါလိမ့်မည်။

*　*　*

NLD သည် ပြည်သူကို မျက်နှာမူပြီး လုပ်မည်ဖြစ်ကြောင်း၊ ပြည်သူ့အားကိုကိုးကာ ပြည်သူကို တန်ဖိုးထား၍ ဆောင်ရွက်မည် ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အမြဲပြောခဲ့သည်။

*　*　*

NLD သည် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရ၏။ အန္တရာယ်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ရ၏။

အဖမ်းအဆီးခံခဲ့ရသည်။

ထောင်ချခံခဲ့ရသည်။

သည်အထဲက အလံမလှဲ့ ရဲဝံ့စွန့်စား၊ သတ္တိကောင်းစွာ ယနေ့အထိ အလံထူနိုင်ခဲ့၏။

NLD ကိုယ်စားလှယ်လောင်း ရွေးချယ်ရာတွင် ထိုသို့ NLD တွင် တစ်ချိန်လုံး အနစ်နာခံ ကိုယ်ကျိုးစွန့် လုပ်ဆောင်သူကိုသာ ရွေးချယ်ခြင်းမဟုတ်ပါ။

"ကျွန်မတို့အနား တစ်ချိန်လုံးမကပ်လို့ဆိုပြီး ဖယ်ရှားတယ်ဆိုရင် ဒါဟာ ပြည်သူ့မျက်နှာကြည့်တာ မဟုတ်ဘူး။ ကိုယ့်မျက်နှာကိုယ် ကြည့်ရာပဲ ရောက်မယ်လို့ ကျွန်မထင်တယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သည်။

ပြည်သူကို အကျိုးပြုမည့် ကိုယ်စားလှယ်လောင်းကိုသာ NLD ဗဟိုမှ ရွေးချယ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောပါသည်။

NLD သည် ပြည်သူကို မျက်နှာမူပြီး ပြည်သူအကျိုးကို ဆောင်ရွက်မည့် ပါတီဟု ဒေါ်အောင်ဆန်းစုကြည်က ထပ်တလဲလဲ ပြောခဲ့ပြီ။

တိုင်းပြည်ကြီးများ တိုးတက်ရန် အစိုးရသာမက ပြည်သူတစ်ရပ်လုံး အသိရှိရှိဖြင့် လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။

**မောင်ကိုကို (အမရပူရ)**

---

***တမျက်နှာ - ၄***
***ဒေါက်တာခင်မောင်ညို မှ အဆက်***

အဲဒီ ပလတ်စတစ်ဟာ Themosetting ဖြစ်တယ်။ ဆိုလိုတာက အအေးခံလို့ ခဲသွားပြီးရင် နောက်တစ်ကြိမ် အပူပေးပြီး ပျော်စေလို့မရတာမျိုးပဲ။ ဥပမာအနေနဲ့ မီးခလုတ်အညိုတွေ၊ အမည်းတွေဟာ အဲဒီပလပ်စတစ် အမျိုးအစားပဲ။

ပညာရှင် ပါမောက္ခက သူ့ရဲ့အောင်မြင်တဲ့လုပ်ရပ်ကို ဂျာနယ်တစ်စောင်မှာ ဖော်ပြလိုက်တယ်။

ဒီတော့ စီးပွားရေးလုပ်သူက လာဝယ်တယ်။

ထုတ်လုပ်သူ သိပ္ပံပညာရှင်က ပြောတယ်။

"ကျုပ်က ဓာတ်ခွဲခန်းထဲမှာပဲ စမ်းထားတာပါ။ အမြောက်အမြား စီးပွားဖြစ်ထုတ်တာကို ကျုပ်မသိဘူး"ပေ့ါ။

ဒီလုပ်ငန်းကို ဝယ်တဲ့လူက "ကိစ္စမရှိပါဘူး။ သူ့မှာ လုပ်ငန်းနားလည်သူရှိတယ်"လို့ ပြောတယ်။

ဒါနဲ့ အရောင်းအဝယ်ဖြစ်သွားတယ်ပေ့ါ။

ခြောက်လလောက်ကြာတော့ စီးပွားရေးသမားက ပါမောက္ခဆီကို ဖုန်းဆက်တယ်။

"ဆရာကြီးခင်ဗျား၊ ကျုပ်တို့ စက်ရုံဆောက်ပြီးသွားပြီ၊ ရွှေ့ပြေးစက်ရုံလေးပါ။ သေးပေမယ့် တစ်နေ့ ၁၀ တန်ကျစက်ရုံပါ"

"ဟုတ်ကဲ့ကောင်းပါတယ်" လို့ ပါမောက္ခကဖြေတယ်။

"ဒီနေ့စက်ရုံကို စလည်ပါတယ်"

"အဆင်ပြေလား"

"ဆရာကြီးပေးတဲ့ နည်းအတိုင်းလုပ်တာ ပလတ်စတစ်တွေတော့ဖြစ်ပါတယ်"

"အင်း ဖြစ်ရမှာပေ့ါ၊ ကျုပ် ဒီလိုဖြစ်အောင် အကြိမ်ကြိမ်စမ်းထားတာပဲ"

"ဟုတ်ကဲ့ဆရာကြီး၊ ခုကျွန်တော်တို့ ဓာတ်ပြုတဲ့သံဓာတ်ပြုအိုး (reacter) ထဲမှာ ပလပ်စတစ်ကြီးရပါပြီ"

"ကောင်းမှကောင်းပဲ"

"ဒါပေမယ့် ဆရာကြီး၊ ဓာတ်ပြုအိုး (reacter) က ဘောလုံးကြီးလိုပဲပေ့ါ။ သံမဏိဘောလုံးကြီးပဲဆိုပါတော့။ အဝတော့ ကျဉ်းတယ်။ အဲဒီထဲ အရည်တွေထည့်ကြိုလိုက်တာ ခုခဲသွားပြီ ဆရာကြီး"

"အဲဒါဆိုကောင်းတာပေ့ါ၊ ဘာပြဿနာရှိလို့လဲ"

"အဲဒါ ခဲသွားတဲ့ ပလပ်စတစ်လုံးကြီးကို ဘယ်လိုထုတ်မလဲလို့ မေးချင်တာပါ။ ဆရာကြီးတုန်းက ဘယ်လိုထုတ်လဲ"

"ဘုရား၊ ဘုရား"

×　×　×

ဒါပါပဲလေ။ မှတ်ထားဖို့က Idea is a feat of association တဲ့။ အိုင်ဒီယာဆိုတာ အဟောင်း ထဲက အကောင်းတွေပေါင်းထားတာပါ။ အကောင်းတွေကိုရတာပါ။

ဒါပေမယ့် ဘာတွေကို ဘယ်လိုလုပ်တာလဲဆိုတာကိုတော့ အတိအကျသိရမယ်။

*တမျက်နှာ (၃၃) သို့*

# တောင်တွေလျှင် ဥမင်ဖောက် မြစ်တွေလျှင် တံတားဆောက်



ကြူးနှစ်

သွားရမယ့်လမ်းခရီးမှာ အခုအခံအတားအဆီးဖြစ်နေတဲ့ တောင်တစ်လုံးတွေ့တဲ့အခါ ဘာလုပ်ကြမလဲ။ ကျောက်တောင်ကြီးဆိုရင်တော့ ဥမင်လိုဏ်ခေါင်းဖောက်ရမှာပေါ့။ ကျုပ်တို့ မြန်မာပြည်သူပြည်သားတွေရဲ့ ကာယစိတ္တနှစ်ဖြာကျန်းမာ၊ ချမ်းသာရေးလမ်းခရီးမှာ ပိတ်ဆို့ ဟန့်တားနေခဲ့တာကတော့ ထုနဲ့ထည်နဲ့ ကြီးမားလှတဲ့ ခြတောင်ပို့ကြီးခင်ဗျ။

အဲသည်ဇရာမ ခြတောင်ပို့ကြီးဆိုတာ အုပ်စိုးသူ မင်းဆိုးမင်းညံ့ လူလိမ် လူကောက် 'ငို့ဘ' သမားများကို ရည်ညွှန်းတဲ့ နိမိတ်ပုံပါပဲခင်ဗျ။

သမိုင်းကြောင်းကလေး နည်းနည်းလှန်ကြည့်ကြစို့။

၁၉၄၈ ခုနှစ်မှာ ကျုပ်တို့နိုင်ငံ လွတ်လပ်ရေးရလာပြီးတဲ့နောက် ရာဇပလ္လင်ပေါ် ဘယ်သူတွေတက်ခဲ့ကြသလဲ။ ဖဆပလအစိုးရနဲ့ ပထစအစိုးရဆိုတဲ့ အရပ်သား လူကြီးမင်းများ မဟုတ်လား။ သူတို့ တိုင်းပြည်တည်ဆောက်ရေးဆောင်ရွက်ခဲ့ကြပါလား။ နီး နီး နီး။ ပြည်တွင်းသောင်းကျန်းမှုကို ဖြေရှင်းနေရပါတယ်လို့ အကြောင်းပြပြီး တစ်ဖက်မှာတော့ ပြည်တော်သာ စီမံကိန်းရဲ့ အသီးအပွင့်တွေကို စားသောက် ဝါးမျို၊ ဒူးနှန့်ဖိမ်ယစ်နေခဲ့ ကြပါသဗျ။ အဲသည်တော့ 'ငိုချင်လျက်လက်တို့' ဖြစ်နေတဲ့ စစ်တပ်က (အသက်ရင်းပြီးတိုက်ရတော့ ငါတို့၊ စားသောက်မျိုဆိုနေကြတာက သူတို့ ဒင်း(သင်း)တို့ကို ရာဇပလ္လင်ပေါ်ကနေ ကန်ချပစ်မယ်) ဆိုပြီး ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းလိုက်တော့တာပါပဲ။ စစ်တပ်ခေါင်းဆောင်ကြီးက အကြံကြီးသဗျ။ တိုင်းချစ်ပြည်ချစ်စိတ်လည်း မရှိဘူး။ ဒါကြောင့် သူရာဇပလ္လင်ပေါ်တက်တာနဲ့ အာဏာရှင်စနစ် အသက်သွင်းလိုက်တာပေါ့။

ကျုပ်တို့ မြန်မာပြည်သူလူထုမှ တကယ့် အစစ်အမှန် (ပန်းနာ) ရောဂါသည်တွေခင်ဗျ။ ကိုယ့်မင်းကိုယ့်ချင်း ပဒေသရာဇ်ခေတ်မှာလည်း မင်းဆိုး မင်းညစ် လူညံ့ လူဖျင်းတွေကြောင့် ပင်ပန်းခဲ့ကြပြီ။ နယ်ချဲ့ဝင်အုပ်တော့လည်းပဲ လူမျိုးခြား ခြေဖဝါးအောက်မှာ အသက်ထွက်မတတ် ပင်ပန်းခဲ့ကြဖူးပြီ။ လွတ်လပ်ရေးရပြန်တော့လည်း စားဖားခွတပ်တွေရဲ့ ဒဏ်ကြောင့် ပန်းရတာပါပဲ။ ဟော-စစ်အာဏာရှင် စနစ်လည်း ဝင်လာကရော ပန်းရုံသာမကတော့ဘဲ နာလာရပြန်ပကော။ အသည်းခိုက်အောင် ရိုးတွင်းချဉ်ဆီအထိ တစစ်စစ်နာရတာနော်။

အဲလို ပန်းနာ ရောဂါရခဲ့တဲ့ နှစ်တွေ နည်းရော့သလား။ နှစ်ပေါင်း ၅၀ ကျော်ဗျ။ မျိုးဆက်နှစ်ဆက်ကျော်ခံစားခဲ့ရတာ။ ကျုပ်ခံခဲ့ရတယ်။ ကျုပ်သား ခံခဲ့ရတယ်။ ကျုပ်မြေးကလေးတွေ ခံစပြုနေကြပြီ။ ကျုပ်တို့လို ပန်းနာမျိုးဆက်တွေနဲ့ အသက်ဝင်နေတဲ့ တိုင်းပြည်ဟာ ဘယ်လိုလုပ်ပြီး လူလူသူသူဖြစ်နိုင်တော့မလဲဗျာ။ 'တော်မရှက်'ဆိုတဲ့ စကားအတိုင်း ဝတ်လွန်းတော့လည်း အိမ်နီးချင်း နိုင်ငံတွေဆီသွားပြီး ကျွန်ခံကြရတော့တာပ။

"ကျွန်သွားခံတယ်၊ ကျွန်သွားခံတယ်နဲ့၊ မင့်စကားကြီးကရင့်သီးလွန်းပါသကွယ်။ ဟိုနိုင်ငံတွေမယ်က လုပ်ခလစာကောင်းလို့ ငွေသွားရှာကြတာပါ"လို့ ကြီးတော်တစ်ဦးက ကျုပ်ကို ဆုံးမတယ်။ ဘာရမလဲ။ အမှန်တရားအတွက်ဆိုကျုပ်က ကြီးတော်မကလို့ မယ်တော်ကြီးပဲဖြစ်ဖြစ် ကျုပ်က နှုတ်လှန်ထိုးပစ်မှာပဲ။

'ပညာမရှိ သူ၏ဝန်ထမ်း' လို့ ကြီးတော်ပဲ မကြာခဏ ပြောသ

> သက်တမ်းကုန်တော့မယ့်
> သမ္မတကြီးရဲ့
> ပြုပြင်ပြောင်းလဲရေးဆိုတာမျိုးတော့
> မဖြစ်ကြစေနဲ့ဗျို့။
> ထိုင်နေအကောင်းသား
> ထသွားမှ ကျိုးမှန်းသိဆိုတဲ့
> စကားပုံလိုလည်း
> ဖြစ်မသွားအောင် သတိထားရမယ်။
> (ပြင်မယ် ပြင်မယ် အကုန်လုံးပြင်မယ်)
> ဆိုပြီးတော့လည်း Revolution
> ဆန်ချင်လို့ မဖြစ်ဘူး။ ဒီမိုကရေစီ
> အစိုးရတစ်ရပ်ကနေပြီး
> ဒီမိုကရက်တစ်နည်းကျကျ ဦးဆောင်၊
> လူထုက တက်ညီလက်ညီနဲ့
> နောက်ကလိုက်မှပဲ ကျုပ်တို့ရဲ့
> သန်း ၅၀ မျှသော
> ပန်းနာရောဂါသည်တွေကို
> ကုစားနိုင်မှာပဲ။

မှတ်လားလဗျာ။ အခုနိုင်ငံခြားကို ထွက်အလုပ်လုပ်တဲ့ ကျုပ်တို့ နိုင်ငံသား ညီအစ်ကိုမောင်နှမများဟာ ပညာတတ်ကြလို့လား၊ ဒီခေတ်မှာ ဘွဲ့ရလည်း ပညာတတ်လို့ မခေါ်နိုင်ဘူး။ ပညာမတတ် အရင်းအနှီးမရှိတဲ့သူက ငွေရှင် ကြေးရှင်လက်အောက်ကို ရောက်တော့ ကျွန်ဖြစ်သွားတာပေါ့လဗျ"

ကျုပ်ရဲ့ ကျေးကျွန်အယူအဆဟာ အရပ်ထဲမှာတော့ အကြီးအကျယ် အငြင်းပွားစရာပဲ။

Shore-job တောက်တိုမယ်ရသွားလုပ်တာကို ကျွန်သွားခံတယ်လို့ ကျုပ်ကပြောတော့ မျက်စိမျက်နှာပျက်ကြတယ်ဗျ။ တချို့ဆိုကျုပ်ကို ချောင်းပြီး ခေါင်းကိုရိုက်ခွဲချင်ကြတယ်လို့တောင် ကျုပ်သတင်းရပေမယ့် ကျုပ်စကားကိုတော့မပြင်ဘူး။ နေပြည်တော်ကကြားအောင်လည်း အော်ပြောရဲတယ်။ အင်္ဂလိပ်ဘာသာမယ် Servant ဆိုတာ အိမ်တွင်းအစေခံကျွန်ပဲ၊ ရှေးကတော့ ငွေဝယ်ကျွန် Serf လို့ ခေါ်သဗျ။

ငွေဝယ်ကျွန်ကတော့ ငွေနဲ့ပြန်ရွေးနိုင်ရင်ရွေး၊ မရွေးနိုင်ရင်တော့ သားစဉ်မြေးဆက် ကျွန်ဖြစ်တော့တာပဲ။ ဖအေ့လက်ထက်မှာ တိုင်းပြည်က ဆင်းရဲလွန်းလို့ ပြည်ပမှာ ကျွန်သွားခံရတယ်ဆိုရင်တော့ တစ်ကြိမ်တစ်ခါမို့ထားဦး။ ဖအေက မွေးတဲ့ သားလက်ထက်မှာလည်း တိုင်းပြည်က 'ဖွတ်' ဖြစ်နေဦးမယ်ဆိုရင်တော့ သားလည်း ကျွန်ဖြစ်မှာသေချာနေပြီ။

တိုင်းပြည်ဆင်းရဲလို့ အခြေခံလူတန်းစားထဲက လူငယ်လူရွယ် ပညာမဲ့ကလေးတွေ တိုင်းတစ်ပါးမှာ ကျွန်သွားဖြစ်ရတာ သိပ်မဆန်းဘူးလဗျ။ မဆင်းရဲသင့်တဲ့ တိုင်းပြည်ဆင်းရဲသွားရတာကတော့ မခံချိစရာပ။

"ပြည်တွင်းစစ်ရှိနေခဲ့တာကိုး ဆရာရဲ့" လို့ မိတ်ဆွေတစ်ယောက်က ထောက်ပြပါတယ်။

"ဘာပြည်တွင်းစစ်လဲ။ အခွင့်အာဏာလုတဲ့ စစ်ပွဲ၊ ကိုယ်ကျိုးစီးပွားကာကွယ်ကြတဲ့ စစ်ပွဲ၊ အဝေမတည့်ကြတဲ့ စစ်ပွဲ"လို့ ကျုပ်က ပြန်အော်ပါတယ်။

အင်း-ဟုတ်တော့ဟုတ်သားလဗျ။ စစ်ကိုအကြောင်းပြပြီး စစ်ပြိုင်အုပ်စုတွေ စီးပွားရှာလိုက်ကြတာ၊ မြန်မာ့အဖိုးတန် သစ်တောတွေလည်း ပြုန်းပြီး သယံဇာတတွေလည်း ပြောင်သလောက်ဖြစ်သွားပြီ။ တိုင်းပြည်မွဲတာဟာ ပြည်သူလူထု မွဲတာပဲလဗျ။ အုပ်စိုးသူ လူလည်လူပါးတွေက မမွဲတဲ့အပြင် ဘီလျံနာဖြစ်တဲ့သူတောင် ဖြစ်လို့ မဟုတ်လား။

ကျုပ်တို့ ဘိုးဘွားတွေရဲ့ ရှေးစကား (ပျက်အစဉ်ပြင်ခဏ) ဆိုတာရှိသမှုတ်လား။ အချိန်ယူပြီး စိတ်ရှည်ရှည်နဲ့ ပြင်ရမှာပေါ့လဗျာ။ ၂၀၁၅ ရွေးကောက်ပွဲအပြီး တက်လာမယ့် အစိုးရက ဦးဆောင်ပြီး ပြင်ရမှာပေါ့။

သက်တမ်းကုန်တော့မယ့် သမ္မတကြီးရဲ့ "ပြုပြင်ပြောင်းလဲရေး" ဆိုတာမျိုးတော့ မဖြစ်ကြစေနဲ့ဗျို့။ "ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ"ဆိုတဲ့ စကားပုံလိုလည်း ဖြစ်မသွားအောင် သတိထားရမယ်။ (ပြင်မယ် ပြင်မယ် အကုန်လုံး ပြင်မဟ) ဆိုပြီးတော့လည်း Revolution ဆန်ချင်လို့ မဖြစ်ဘူး။ ဒီမိုကရေစီ အစိုးရတစ်ရပ်ကနေပြီး ဒီမိုကရက်တစ်နည်းကျကျ ဦးဆောင်၊ လူထုက တက်ညီလက်ညီနဲ့ နောက်ကလိုက်မှပဲ ကျုပ်တို့ရဲ့ သန်း ၅၀ မျှသော ပန်းနာရောဂါသည်တွေကို ကုစားနိုင်မှာပဲ။

ဥမင်ဖောက်ရင်လည်း အများရဲ့စုပေါင်းညီညာတဲ့ အားနဲ့မှ၊ တံတားဆောက်ရင်လည်း ပြည်သူအများတက်ညီလက်ညီရှိပါမှ။ ကန့်လန့်တိုက်မယ့် ဘေးလွယ်အိတ်တွေ၊ ခိုးမယ့်၊ နှိုက်မယ့်၊ လူလိမ်လူကောက်တွေ၊ ပြည်သူကို လိမ်မယ့် ညာမယ့်၊ လူနပ်လူပါး နိုင်ငံရေးသမားတွေကိုတော့ လာမယ့် ရွေးကောက်ပွဲ အမှိုက်ပုံးထဲမှာ ချန်ထားရစ်ခဲ့ကြဖို့တော့ မမေ့ကြပါနဲ့နော်။

ကြူးနှစ်

## တောင်မြေပြိုကျမှုဖြစ်ပေါ်ခဲ့သည့် မောင်တော-ဘူးသီးတောင် ကားလမ်းပေါ်တွင် ယာဉ်နှင့် ကုန် ၁၃ တန်ထိ ဖြတ်သန်းသွားလာ ခွင့်ပြုထားသော်လည်း တန်ပိုယာဉ်များ ဖြတ်သန်းမှုရှိနေဟုဆို

ရာသီဥတု ဆိုးဝါးမှုကြောင့် တောင်မြေပြိုကျကာ တစ်လခန့် ဘက်ပြောင်းသွားလာခဲ့ရသည့် မောင်တော- ဘူးသီးတောင် ကားလမ်းပေါ်တွင် ယာဉ်နှင့် ကုန် ၁၃ တန်ထိ ဖြတ်သန်းသွားလာ ခွင့်ပြုထားသော်လည်း တန်ပိုယာဉ်များ ဖြတ်သန်းမှုရှိနေကြောင်း မောင်တောခရိုင်လမ်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကားလမ်းအခြေအနေကို ကြည့်ပြီးတော့ ယာဉ်နဲ့ ကုန်ကို ၁၃ တန်ထိ သွားလာခွင့်ပြုထားပါတယ်။ ၁၈ တန် ကားကြီးတွေကိုတော့ သွားလာခွင့်ယာယီရပ်ဆိုင်းထားပါတယ်။ ဒါပေမယ့် ညအချိန်မှာ ခိုးဖြတ်တာတွေရှိနေပါတယ်။ တန်ပိုယာဉ်တွေ ဖြတ်သန်းသွားလာလို့ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့အတွက် မကောင်းပါဘူး"ဟု မောင်တောခရိုင်လမ်းဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းက ပြောသည်။

တောင်မြေပြိုကျမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် ကျောက်များ ခင်းကျင်းထားပြီး ပွင့်လင်းရာသီ အမြဲတမ်းလမ်းကောင်းအဖြစ် ခင်းကျင်းပြီးမှသာ ယာဉ်နှင့် ကုန် ၁၃ တန် အထက်ယာဉ်များကို ဖြတ်သန်းသွားလာခွင့် ပြုမည်ဖြစ်ကြောင်း ဦးဇော်မင်းက ဆိုသည်။

"ဘူးသီးတောင်-မောင်တော ကားလမ်းက မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးအတွက် အရေးပါတဲ့ လမ်းဖြစ်ပါတယ်။ အဲဒီလမ်းပိတ်ဆို့မှုဖြစ်ရင် ပို့ကုန်တင်တဲ့ ကားတွေမဖြတ်နိုင်ဘဲ ကုန်သွယ်မှုလည်း ရပ်တန့်တတ်ပါတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းကို လိုက်နာသင့်ပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

မောင်တော-ဘူးသီးတောင်ကားလမ်းမှာ အကွာအဝေးအားဖြင့် ၁၆ မိုင်သာရှိသော်လည်း တောင်ကြားလမ်းဖြစ်ခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်းတို့ကြောင့် လမ်းပြိုမှုနှစ်စဉ် ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

**မောင်ကံ**

## သတ်မှတ်ရက်အတွင်း ဆက်သွယ်ခြင်းမရှိသော ကုမ္ပဏီများ မှတ်ပုံတင်စာရင်းမှဖျက်မည်

လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) သို့ အောက်တိုဘာလ ၁၆ ရက်နေ့ နောက်ဆုံးထား၍ သတင်းပေးပို့ ဆက်သွယ်ကြရန် စက်တင်ဘာ ၁၈ ရက်က ဒုတိယအကြိမ် ထပ်မံအသိပေးခဲ့ပြီး မဆက်သွယ်ပါက မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း DICA က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်ကို စက်တင်ဘာ ၁၄ ရက်နေ့ နောက်ဆုံးထားသတင်းပေးပို့ကြရန် ပထမအကြိမ်ထုတ်ပြန်ခဲ့သည်။

သို့သော် ကုမ္ပဏီများက အခက်အခဲရှိ၍နောက်ဆုံး သတင်းပို့ရမည့်ရက်ကို တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ခြင်းကြောင့် သတင်းပို့ရမည့်ရက်ကို အောက်တိုဘာလ ၁၆ ရက်နေ့သို့ တိုးမြှင့်ပေးခဲ့ပြီး ယင်းအချိန်ထိ ဆက်သွယ်ခြင်းမရှိသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၄၇ နှင့်အညီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံထုတ်ပြန်ခြင်းဖြစ်သည်။

လက်ရှိတွင် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီ အက်ဥပဒေများအရ ကုမ္ပဏီများကို မှတ်ပုံတင်ဖွဲ့စည်းလျက်ရှိပြီး ကုမ္ပဏီများဥပဒေကို ပြင်ဆင်ရန်အတွက် မူကြမ်းများ ရေးဆွဲထားပြီးဖြစ်သည်။

လက်ရှိတွင် မှတ်ပုံတင်ထားသော ပြည်တွင်းကုမ္ပဏီ ၄၃၀၀၀ ကျော်နှင့် နိုင်ငံခြားကုမ္ပဏီ ၄၀၀၀ ကျော် ရှိပြီး ပြည်တွင်း ပြည်ပ ကုမ္ပဏီစုစုပေါင်း ၄၇၀၀၀ ကျော်ရှိကြောင်း ကုမ္ပဏီများဦးစီးဌာန စာရင်းများအရ သိရသည်။ သို့သော် ယင်းကုမ္ပဏီများအနက် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် အခွန်ဆောင်သည့် ကုမ္ပဏီ ရှစ်ထောင်ကျော်သာရှိကြောင်း အခွန်စစ်ဆေး ကြီးကြပ်ရေးဘုတ်အဖွဲ့မှ သတင်းရရှိသည်။

**တေဇ**

## အွန်လိုင်းမှတစ်ဆင့် အလုပ်ခေါ်ယူမှုနှင့်ရှာဖွေလျှောက်ထားမှုနှုန်း ရာနှုန်းပြည့်မြင့်တက်လာဟုဆို

မြန်မာနိုင်ငံတွင် အွန်လိုင်းမှတစ်ဆင့် အလုပ်ခေါ်ယူမှု၊ လျှောက်ထားမှုများမှာ လွန်ခဲ့သည့် ခြောက်လခန့်မှစတင်ပြီး ရာနှုန်းပြည့်မြင့်တက်လာကြောင်း ပြည်တွင်းအွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Work.com.mm ၏ စစ်တမ်းတစ်ခုအရ သိရသည်။

မြို့ပေါင်း ၄၀ ကျော်ရှိ အလုပ်နေရာများအတွက် လစဉ်အသုံးပြုသူ ပေါင်း ၂ သန်းနီးပါးခန့်ရှိနေပြီဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လမှစပြီး မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ တိုးတက်လာခဲ့ခြင်းသည် အွန်လိုင်းမှတစ်ဆင့် ဝန်ထမ်း ခေါ်ယူမှုနှုန်းနှင့် အလုပ်ရှာဖွေမှုနှုန်း တိုးတက်လာသည့်အပြင် လူမှုအဖွဲ့အစည်းအတွင်း အွန်လိုင်းအသုံးပြုမှု ယခင်ကထက်ပိုမိုတွင်ကျယ်မှုရရှိလာခြင်းကို ပြသနေခြင်းဖြစ်ကြောင်း Work.com.mm ၏ Managing Directr ဖြစ်သူ Gijs Verheijke က ပြောသည်။

Work.com.mm တွင် အလုပ်ခေါ်ယူထားသော Company အနေဖြင့် အလုပ်လျှောက်လွှာပေါင်း ၁၀၀၀၀ ကျော်ကို အပတ်စဉ် ရရှိနေပြီး ဩဂုတ်လတွင် အလုပ်ရှာဖွေကြည့်ရှုသည့် အကြိမ်ပေါင်း ၅၆၀၀၀၀ ရှိသည် အထိ စံချိန် ချိုးသွားနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**တေဇ**

## မော်တော်ယာဉ်များ၌ LED ရောင်ပြန်မီးများ တပ်ဆင်ကြော်ငြာလျှင် အရေးယူသွားမည်

LED ရောင်ပြန်မီးများ တပ်ဆင်သည့် ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် မော်တော်ယာဉ်များအား အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လမ်းမကြီးငယ် အသွယ်သွယ်ပေါ်တွင် မောင်းနှင်နေသော မော်တော်ယာဉ် အချို့၌ LED ကြော်ငြာ တပ်ဆင်မှုများရှိနေရာ အဆိုပါ LED ရောင်ပြန် ကြော်ငြာများ၏ အလင်းရောင်ပြန်များကြောင့် မော်တော်ယာဉ်မောင်းနှင်သူများ၏ အမြင်အာရုံကို အနှောင့်အယှက်ဖြစ်စေသဖြင့် မော်တော်ယာဉ် မတော်တဆမှုများ ဖြစ်ပွားလာနေသည်ကို စစ်ဆေးတွေ့ရှိရသောကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မည်သည့် မော်တော်ယာဉ်မှ LED ရောင်ပြန်မီးများ တပ်ဆင်ကာ ကြော်ငြာ ဝန်ဆောင်မှုများ မပြုလုပ်ရန်နှင့် ပြုလုပ်နေသည်ကို စစ်ဆေးတွေ့ရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် စီစဉ်ရကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ဆိုင်းဘုတ်များ ကပ်ခြင်း၊ ဆိုင်းဘုတ်ချိတ်ဆွဲခြင်းနှင့် ရေးဆွဲခြင်းစသည့် ဆိုင်းဘုတ်ကြော်ငြာများအား နေရာများသတ်မှတ် ခွင့်ပြုပေးလျက်ရှိသည်။

**ဒသမ**

## ဒဂုံ-ရော အဝေးပြေးအတွင်းရှိ မြေကွက်များ အရစ်ကျစနစ်ဖြင့် ရောင်းချမည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ကော်မတီပိုင် ပေ ၄၀×၆၀ မြေကွက်များအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အခွန်ဌာန (ရုံးချုပ်) မြို့တော်ခန်းမ ပေါ်ထပ် ကျောက်တံတားမြို့နယ် ဖုန်း ၀၉-၄၂၀ ၁၇၁၆၁၅၊ အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး ဖုန်း ၀၉-၇၉၅၈ ၉၉၁၇၊ ဘုရင့်နောင်ပွဲရုံ ကုန်တင်ယာဉ်ရပ်နား စခန်း ကွပ်ကဲမှုရုံး၊ ဖုန်း ၀၁-၆၈၀၀၀၃၊ စော်ဘွားကြီးကုန်းရုံပွဲနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး ဖုန်း ၀၁-၆၄၁ ၃၃၁၊ ဒဂုံဧရာ ပွဲရုံနှင့် ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံး၊ ဖုန်း ၀၉-၇၃၀ ၂၄၃၈၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



**အိမ်ခြံမြေဝယ်ယူလိုသူများ သတိပြုစရာ**

# ရောင်းသူ၏ခွင့်ပြုချက်ဖြင့် နေသူရှိသည့် အိမ်တိုက်ခန်းအား ဝယ်ခြင်း

**ထီယု (ဥပဒေ အတိုင်ပင်ခံ)**

မကြာမီက ဤဂျာနယ်တွင် အိမ်ငှားရှိသည့် အိမ်ကို ဝယ်မိလျှင် ဆောင်ရွက်ရမည့် အချက်များကို ဗဟုသုတအဖြစ်ရေးသားခဲ့ပါသည်။ ယခုအခါ ရောင်းသူက ခွင့်ပြုချက်ဖြင့် နေထိုင်သူရှိနေသည့် အိမ်ကို ဝယ်လျှင်မည်သို့ဖြစ်နိုင်သလဲဟု မိတ်ဆွေတစ်ဦးက မေးမြန်းလာပါသည်။

မှန်ပါသည်။ အိမ်၊ တိုက်ခန်း စသည့်အဆောက်အအုံများကို ဝယ်ယူသည့်အခါ အဆိုပါရောင်းချမည့် အဆောက်အအုံတွင် ရောင်းချမည့်သူ အခမဲ့ နေထိုင်ခွင့်ပြုထားသော သူများရှိနေတတ်ကြသည်။

မူလကတော့ အိမ်၊ တိုက်ခန်းရောင်းမည်ဆိုလျှင် ချက်ခြင်းဆင်းပေးပါမည်ဟု ကတိပြုကြသော်လည်း အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့်အခါ ရွှေ့ပြောင်းရန်နေရာ အခက်အခဲရှိနေ၍ တစ်လ၊ နှစ်လခန့် နေထိုင်ခွင့်ပြုပါဟု တောင်းဆိုသည့် ကိစ္စရပ်များ မကြာခဏဖြစ်လေ့ရှိပါသည်။ နောက်ပိုင်းတွင် အိမ်မှဆင်းမပေးတော့ဘဲ အိမ်ငှားအဖြစ်နေပါရစေ စသဖြင့် အခွင့်အရေးတောင်းလာရာမှ အိမ်နှင်လိုမှု စွဲဆိုရသည်လည်းရှိလာပေသည်။

**ခွင့်ပြုချက်ဖြင့် နေထိုင်သူအားနှင်လိုခြင်း**

အိမ်၊ တိုက်ခန်း လက်ရောက်ရှိသူက မည်သူ့ကိုမဆို ခွင့်ပြုချက်ဖြင့်ထားပိုင်ခွင့်ရှိပေသည်။ ထို့အတူ မိမိခွင့်ပြုထားသည့် ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ကိုလည်း မည်သည့် အချိန်တွင်မဆို ရုပ်သိမ်းနိုင်ပေသည်။ ထိုသို့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ကို ရုပ်သိမ်းကြောင်း ခွင့်ပြုသူက ခွင့်ပြုချက်ဖြင့် နေထိုင်သူထံအကြောင်းကြားသော်လည်း နေထိုင်ခွင့်ပြုထားသည့် အဆောက်အအုံမှ ဖယ်ရှားမပေးဘဲ ဆက်လက်နေထိုင်ကြသည်လည်းရှိပေသည်။

ထိုအခြေအနေတွင် အဆောက်အအုံမှ ဖယ်ရှားပေးရန် တရားစွဲဆိုရန်မှလွဲ၍ တခြားမရှိတော့ပေ။

ဤတွင် ခွင့်ပြုချက်ဖြင့်ထားသူက ခွင့်ပြုချက်ကို ရုပ်သိမ်းသည့်နေ့မှစ၍ ခြောက်နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်ပေသည်။ ခြောက်နှစ်ကာလကျော်လွန်သွားပါက တရားစွဲဆိုပိုင်ခွင့်ရှိမည် မဟုတ်သဖြင့် အဆောက်အအုံအား လက်လွှတ်ဆုံးရှုံးသွားတတ်ပါသည်။

**အမွေဆက်ခံသူသည် ခွင့်ပြုသူဖြစ်လာခြင်း**

အိမ်၊တိုက်ခန်း၊ အဆောက်အအုံတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုရာတွင် နေထိုင်စဉ်ကာလအတွင်း ခွင့်ပြုချက်ပေးသူ ကွယ်လွန်သွားပါက ၎င်း၏ အမွေဆက်ခံသူတို့သည် ဥပဒေအရ ခွင့်ပြုချက်ပေးသူအဖြစ် အလိုအလျောက်ရောက်ရှိသွားမည်ဖြစ်ပါသည်။

"ဦးသိန်းအောင်ပါ ၂ ဦးနှင့် ဒေါ်ဝင်းပါ ၃ ဦး၊ ၁၉၈၄ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၃၃၁" အမှုတွင် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူအမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုသူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိကြောင်းထုံးဖွဲ့လမ်းညွှန်ထားသည်ကို တွေ့ရပါသည်။

**အဆောက်အအုံဝယ်သူသည် ခွင့်ပြုသူဖြစ်မလာခြင်း**

မကြာခဏဖြစ်တတ်သည့်
သဘောမှာ အဆောက်အအုံ
ဝယ်သူသည်
အဆိုပါ အဆောက်အအုံကို
လက်ရောက်ရရှိခြင်းမရှိဘဲ
အိမ်ငှားဖြစ်စေ
ခွင့်ပြုချက်ဖြင့်
ထားရှိနေသူဖြစ်စေရှိနေသည့်
အိမ်၊ တိုက်ခန်း
အဆောက်အအုံကို
ဝယ်မိခြင်းဖြစ်သည်။

မကြာခဏဖြစ်တတ်သည့် သဘောမှာ အဆောက်အအုံဝယ်သူသည် အဆိုပါ အဆောက်အအုံကို လက်ရောက်ရရှိခြင်းမရှိဘဲ အိမ်ငှားဖြစ်စေ၊ ခွင့်ပြုချက်ဖြင့်ထားရှိနေသူဖြစ်စေ ရှိနေသည့် အိမ်၊ တိုက်ခန်း အဆောက်အအုံကို ဝယ်မိခြင်းဖြစ်သည်။

အထက်ပါ စီရင်ထုံးလမ်းညွှန်အရ ခွင့်ပြုချက်ပေးသူ ကွယ်လွန်သွားပါက ၎င်း၏အမွေဆက်ခံသူသည် အလိုအလျောက်ခွင့်ပြုချက်ပေးသူဖြစ်လာသော်လည်း အဆောက်အအုံဝယ်လိုက်သူမှာမူ ခွင့်ပြုချက်ပေးသူအဖြစ် ဥပဒေအရ အလိုအလျောက်ဖြစ်မလာပေ။

ဤသည်နှင့် ပတ်သက်၍ တရားရုံးချုပ်မှ ဆုံးဖြတ်ထားသော "ဦးစံသောင်းနှင့် ဦးအေးပါ ၂ ဦး၊ ၁၉၈၆ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၁၀၈" အမှုမှာ ဦးအေးနှင့် ဇနီးဒေါ်အေးတို့က ဦးစံသောင်းအပေါ် အခမဲ့နေထိုင်ခွင့်ပြုထားသော တိုက်၏ အပေါ်ထပ်မှ ဖယ်ရှားပေးရန် တိုင်းတရားရုံးတွင် တရားစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် ဦးစံသောင်းမှ တရားရုံးချုပ်သို့ အယူခံဝင်လာသော အမှုဖြစ်သည်။

တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်သည်မှာ အချင်းဖြစ်တိုက်နှင့် မြေကွက်ကို ဦးစံသောင်း၏ အဘိုးဦးဘဦးထံမှ၊ ဒေါ်သန်းရွှေက မှတ်ပုံတင်စာချုပ် ၁၆၆၆/၆၃ ဖြင့် ပထမဝယ်ယူခဲ့သည်။ ထို့နောက် ဦးအေးနှင့် ဇနီးဖြစ်သူ ဒေါ်အေးတို့က အချင်းဖြစ်တိုက်နှင့် မြေကွက်ကို ဒေါ်သန်းရွှေထံမှ မှတ်ပုံတင်စာချုပ် အမှတ် ၁၇၂/၇၀ ဖြင့် ထပ်မံဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူပြီးနောက် အချင်းဖြစ်တိုက်နှင့် မြေကွက်ကို ရောင်းချသူ ဒေါ်သန်းရွှေဝယ်စဉ်က အချင်းဖြစ် တိုက်၏ အပေါ်ထပ်တွင် နေထိုင်ခွင့်ပြုထားသည့် ဦးစံသောင်းအပေါ် ဖယ်ရှားပေးရန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဦးစံသောင်းကသူသည် အဘိုးဖြစ်သူ ဦးဘဦးမကွယ်လွန်မီကတည်းက အဘိုးနှင့်အတူ ပိုင်ရှင်တစ်ဦးအဖြစ်နေထိုင်လာခဲ့သူသာဖြစ်သောကြောင့် ဦးအေးတို့၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူမဟုတ်ကြောင်း ထုချေထားသည်။

မူလရုံးအမှုတွဲရှိ အထောက်အထားတို့အရ ဦးစံသောင်းသည် ဒေါ်သန်းရွှေမဝယ်မီကတည်းက ဦးဘအေးနှင့်အတူ နေထိုင်ခဲ့သူဖြစ်ပြီး၊ ဦးအေးတို့က တရားစွဲဆိုသည်အထိ အချင်းဖြစ်တိုက်အပေါ်ထပ်တွင် နေထိုင်လျက်ရှိသူဖြစ်ကြောင်း အမှုတွင် အငြင်းမပွားချေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၈ ပါပြဋ္ဌာန်းချက်အရ ပစ္စည်းလွှဲပြောင်းပေးသောအခါ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်အတူ အကျိုးသက်ဆိုင်ခွင့်အရပ်ရပ်သည် လွှဲပြောင်းရရှိသူထံ ရောက်ရှိသွားသည်။ အကျိုးသက်ဆိုင်ခွင့်ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်ပါက ထိုပစ္စည်းမှ ပေါ်ပေါက်သော ငှားရမ်းခများ၊ ကြွေးမြီများစသည့် ဥပဒေနှင့်အညီ ခံစားခွင့်များသာဖြစ်သည်။ ပစ္စည်းပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၈ တွင် ရည်ညွှန်းထားသော လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ လွှဲပြောင်းပေးနိုင်သည့် အခွင့်အရေးမဟုတ်ပေ။ ထို့ကြောင့် ပစ္စည်းကို ဝယ်သူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိမည် မဟုတ်ချေ။

သို့ဖြစ်၍ မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူ ဦးစံသောင်းအား ပစ္စည်းဝယ်ယူသူ ဦးအေးတို့ အနေဖြင့် ဖယ်ရှားခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အထက်ပါ စီရင်ထုံးများအရ မူလပိုင်ရှင် (ရောင်းသူ) ၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူရှိနေသည့် အိမ်၊ တိုက်ခန်းအဆောက်အအုံတို့ကို မဝယ်သင့်ကြောင်းနှင့် အခန်းလွတ်ဖြစ်မှသာ ဝယ်ယူသင့်ကြောင်း အကြံပြုရေးသားလိုက်ပါသည်။

**ထီယု (ဥပဒေ အတိုင်ပင်ခံ)**




P-4

A

## ဒီရေတောများ ရှင်သန်ပေါက်ရောက်မှု၌ မြန်မာနိုင်ငံသည် ကမ္ဘာ့ သတ္တမနှင့် အရှေ့တောင်အာရှတွင် ဒုတိယအမြောက် အဆင့်တွင်ရှိ



ကမ္ဘာ့ဒီရေတောများ၏ သုံးပုံတစ်ပုံခန့်မှာ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများတွင် တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်World Mangrove Atlas 2010 အရ ဒီရေတောများ ရှင်သန်ပေါက်နေရောက်နေသည့် ဧရိယာအကျယ်အဝန်းမှာ ဧက ၁.၂ သန်းခန့်ရှိနေသဖြင့် တစ်ကမ္ဘာလုံးရှိ ဒီရေတောများ ရှင်သန်ပေါက်ရောက်နေသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် သတ္တမမြောက်နေရာတွင်ရှိနေရာ အရှေ့တောင်အာရှတွင် ဒုတိယမြောက် ဒီရေတောသံယဇာတ အများဆုံး ရှင်သန်ပေါက်ရောက်သော နိုင်ငံစာရင်းတွင်ပါရှိနေကြောင်း မြန်မာနိုင်ငံဒီရေတောအခြေပြု ကမ်းရိုးတမ်းဒေသစီမံ အုပ်ချုပ်မှုဆိုင်ရာ အကျိုးဆက်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲသတင်းများအရ သိရသည်။

ဒီရေတောများသည် ရာသီဥတုထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုမှ လျော့ချပေးခြင်းကဲ့သို့ အကျိုးကျေးဇူးများလည်းရရှိနေသည့် အပြင် ကမ်းရိုးတမ်းဒေသများ၏ လူမှုစီးပွားဆိုင်ရာ အခြေခံလိုအပ်ချက်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိနေသည့် သဘာဝဂေဟစနစ်များဖြစ်သည်။ မကြာသေးမီဆယ်စုနှစ်များအတွင်း ပတ်ဝန်းကျင်း ထိန်းသိမ်းရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများ လျော့ချရေး အစီအစဉ်များတွင် ဒီရေတောများ၏ အရေးပါပုံကို ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် သုတေသနပညာရှင်များက အသိအမှတ်ပြုလာခဲ့ကြသည်။

ယခုအခါဒီရေတော ဂေဟာစနစ်များသည် ကမ္ဘာ့ လေထုအတွင်းမှ ဖန်လုံးအိမ်အာနိသင်ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို အခြားသောဂေဟ စနစ်များနှင့် နှိုင်းယှဉ်ပါက အဆပေါင်းများစွာ စုပ်ယူနိုင်ခြင်းနှင့် သိုလှောင်ထားနိုင်စွမ်းရှိခြင်းတို့ကြောင့် ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းများကို ကမ္ဘာတစ်ဝန်းပိုမို မြင့်တင်ဆောင်ရွက်လာကြခြင်းဖြစ်ကြောင်း သိရသည်။

ဒသမ

## မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ အာဆီယံဒေသနှင့် အာရှဒေသခရီးစဉ်သစ်များကိုတိုးချဲ့ပြေးဆွဲမည်

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံတကာ သင်္ဘောလိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း (Myanmar Five Star Line)မှ အာဆီယံဒေသ နှင့် အာရှဒေသ၊ သင်္ဘောလိုင်းခရီးစဉ်သစ်များကို တိုးချဲ့ ပြေးဆွဲသွားရန် စီမံ ဆောင်ရွက်နေကြောင်း အဆိုပါ သင်္ဘောလိုင်း၏ သတင်းအချက်အလက်များအရသိရသည်။

မြန်မာ့ ကြယ်ငါးပွင့်က လက်ရှိတွင် သင်္ဘောလုပ်ငန်းကုမ္ပဏီအနေနှင့် ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံလမ်းကြောင်းများကို ခုတ်မောင်း ပြေးဆွဲပေးလျက် ရှိပြီး ဗီယက်နမ်နိုင်ငံ နှင့် အာဆီယံဒေသတွင်း လမ်းကြောင်းများ တိုးချဲ့ ပြေးဆွဲရန် စီမံဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့တိုးချဲ့ ပြေးဆွဲနိုင်ရေးအတွက် သင်္ဘောသစ်များ ထပ်မံ ဝယ်ယူရန် စီမံ ဆောင်ရွက်နေသည်ဟု ဆိုသည်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ပြည်တွင်းခရီးစဉ်များအနေနှင့် ရန်ကုန်၊ မြိတ်၊ ကော့သောင်း၊ မြိတ်၊ ရန်ကုန်ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဒသမ

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးများ မုံရွာ၊ ပုသိမ်၊ ထားဝယ်နှင့် မကွေးမြို့များတွင် ဆက်လက် ဖွင့်လှစ်ပေးသွားမည်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်ကြီးနှင့် နေပြည်တော်မြို့ကြီးများတွင် ဖွင့်လှစ်ပေးခဲ့ပြီး မုံရွာ၊ ပုသိမ်၊ ထားဝယ်နှင့် မကွေးမြို့များတွင် ဆက်လက် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

၁၉၈၈ ခုနှစ် မှ ၂၀၁၁ ခုနှစ် အတွင်းတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း စုစုပေါင်း နှစ်သောင်းကျော်ထိသာရှိနေခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ဆောင်ရွက်ရန်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် လာရောက် မှတ်ပုံတင်ထားသည့် အရေအတွက်မှာ လေးသောင်းငါးထောင်ကျော်ရှိနေပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မတီသတင်းများအရ သိရသည်။

ဒသမ

## အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာသန်းလေးရာ အတည်ပြု

မြန်မာနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ပြည်သူတိုင်း လျှပ်စစ်မီး သုံးစွဲနိုင်ရေးဟူသည့် ရည်မှန်းချက်သို့ ရောက်ရှိနိုင်ရန်အတွက် ပင်မလျှပ်စစ် ဓာတ်အားလိုင်းများ တိုးချဲ့သွားရန်နှင့် ကျေးလက်ဒေသများတွင် ပင်မလျှပ်စစ်ဓာတ်အားလိုင်းပြင်ပ နည်းလမ်းများ အသုံးပြုကာ လျှပ်စစ်မီးရရှိရေးကို ကမ္ဘာ့ဘဏ်အုပ်စု၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရသိရသည်။

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်းရန်ပုံငွေ (International Development Association-IDA) မှ အမေရိကန်ဒေါ်လာ သန်းလေးရာ အတိုးမဲ့ချေးငွေ ထုတ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ချေးငွေဖြင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံကိန်း (National Electrification Plan-Nep) အကောင်အထည်ဖော်ရန် ငွေကြေးနှင့် နည်းပညာ အကူအညီများကို ပံ့ပိုးသွားနိုင်မည် ဖြစ်ကြောင်းသိရသည်။

"အမေရိကန်ဒေါ်လာ သန်းလေးရာနဲ့ ဆောင်ရွက်သွားမယ့် ယခု စီမံကိန်းက မြို့တွေကို ပင်မလျှပ်စစ်ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပေးနိုင်မှာဖြစ်သလို၊ ဝေးလံတဲ့ ကျေးလက်ဒေသတွေအထိ လျှပ်စစ်မီး ရရှိအောင် ကူညီသွားမှာဖြစ်လို့ စာသင်ကျောင်း၊ ကျန်းမာရေး ဆေးပေးခန်းတွေလည်း မီးကို အသုံးပြုလာနိုင်ပါလိမ့်မယ်။ ၂၀၃၀ ပြည့်မတိုင်မီ ပြည်သူတိုင်း လျှပ်စစ်မီး သုံးစွဲနိုင်ရေးဆိုတဲ့ ရည်မှန်းဆောင်ရွက်ချက်ကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုပြီး ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau က ပြောသည်။

"အမေရိကန်ဒေါ်လာ သန်းလေးရာနဲ့ ဆောင်ရွက်သွားမယ့် ယခုစီမံကိန်းက မြို့တွေကို ပင်မလျှပ်စစ်ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပေးနိုင်မှာဖြစ်သလို၊ ဝေးလံတဲ့ ကျေးလက်ဒေသတွေအထိ လျှပ်စစ်မီးရရှိအောင် ကူညီသွားမှာဖြစ်လို့ စာသင်ကျောင်း၊ ကျန်းမာရေး ဆေးပေးခန်းတွေလည်း မီးကို အသုံးပြုလာနိုင်ပါလိမ့်မယ်။ ၂၀၃၀ ပြည့်မတိုင်မီ ပြည်သူတိုင်း လျှပ်စစ်မီး သုံးစွဲနိုင်ရေးဆိုတဲ့ ရည်မှန်းဆောင်ရွက်ချက်ကို ကျွန်တော်တို့အနေနဲ့ ကြိုဆိုပြီး ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau က ပြောသည်။

ကမ္ဘာ့ဘဏ်၏ ချေး ငွေဖြင့် ဆောင်ရွက်မည့် ယခု စီမံကိန်းသည် လက်ရှိပင်မလျှပ်စစ်ဓာတ်အားလိုင်းကိုဗို့အား အလယ်အလတ်နှင့် ဗို့အား အနိမ့်ကွန်ယက်များကို ထပ်မံချိတ်ဆက်ခြင်းဖြင့် တိုးချဲ့သွားမည်ဖြစ်ပြီးမြို့ပေါ်ရှိ အိမ်ထောင်စုများကို လျှပ်စစ်မီး ပိုမိုပေးအပ်သွားနိုင်ရန် ကူညီသွားမည်ဖြစ်သည်။

ထို့အပြင် ပင်မဓာတ်အားလိုင်းနှင့် ဝေးလံသည့် နေရာများတွင် တည်ရှိသည့် ကျေးရွာများအတွက် ပင်မ လျှပ်စစ်ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးရရှိရေး နည်းလမ်းများကို အသုံးပြုကာ လျှပ်စစ်မီး အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နည်းလမ်းများတွင် နေစွမ်းအင်နှင့် အသေးစား လျှပ်စစ်ကွန်ယက်စနစ်များ တည်ဆောက်ပြီး ယခုစီမံကိန်းကြောင့် အိမ်ထောင်စုပေါင်း ၁.၂ သန်း လျှပ်စစ်မီး ရရှိရနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းကပြောသည်။

"အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံကိန်းက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖြစ်ထွန်းစေမှာဖြစ်တယ်။ မြို့ပြနဲ့ ကျေးလက်မှာ နေထိုင်ကြတဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ၊ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပေးအပ်နိုင်စေဖို့နဲ့ စာသင်ခန်းတွေ မီးလင်းဖို့ ကူညီနိုင်ပါလိမ့်မယ်"ဟု လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြောသည်။

ယခုစီမံကိန်းကို ခြောက်နှစ်အကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းမှ စာသင်ကျောင်း၊ ဆေးခန်းနှင့် ကျေးရွာခန်းမများ စုစုပေါင်း အရေအတွက် နှစ်သောင်း သုံးထောင်ခန့်နှင့် လမ်းမီးတိုင် စုစုပေါင်း တစ်သိန်းသုံးသောင်း နှစ်ထောင်ခန့်အတွက် လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ရာ ကျေးလက်ဒေသများတွင် စီးပွားရေးလုပ်ငန်းများကို ညအချိန်အထိ ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ လုံခြုံရေးကိုလည်း ကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

တေဇ

# တရုတ်စီးပွားရေး ကျဆင်းနေပြီလော



**မင်းရွှေမောင်**

ခုတစ်လော တရုတ်ပြည်က ထွက်ပေါ်လာတဲ့ မျှော်လင့်မထားတဲ့ သတင်းတွေကြောင့် တစ်ကမ္ဘာလုံးက တရုတ်အပေါ် အာရုံစူးစိုက် မျက်စိဒေါက်ထောက်ကြည့်နေကြရတယ်။ တရုတ်စီးပွားရေး တကယ်ပဲ ကျဆင်းသွားပြီလားလို့ပေါ့။

လွန်ခဲ့တဲ့ ဆယ်စုနှစ် သုံးခုလောက်က အဆက်မပြတ် ဒုန်းစိုင်းတိုးတက်လာခဲ့တဲ့ တရုတ်စီးပွားရေးဟာ ခုတော့ ခြေကုန်လက်ပန်းကျပြီး အင်အားကုန်ခန်းစပြုလာပြီလို့ တချို့က ယူဆကြတယ်။ တကယ်တော့ အဲသလို ယူဆစရာလည်း ဖြစ်နေပါတယ်။

တရုတ်ပြည်တွင်းမှာ ကုန်စည်သယ်ယူပို့ဆောင်ရေး နှေးကွေးသွားတယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျော့နည်းသွားတယ်။ ကုန်ကြမ်းတင်သွင်းမှု ကျဆင်းလာတယ်။ စက်တင်ဘာလဆန်းက ထုတ်ပြန်တဲ့ သတင်းအရဆိုရင် ဩဂုတ်လအတွင်းက နိုင်ငံခြားသို့ ကုန်စည်တင်ပို့မှု ၅.၅ ရာခိုင်နှုန်း ကျဆင်းသွားတဲ့အပြင် နိုင်ငံခြားမှ တင်သွင်းမှုလည်း ၁၃.၈ ရာခိုင်နှုန်းလောက် လျော့နည်းသွားတယ်။ ခုတစ်လော အဲသလို ကျဆင်းမှုတွေဟာ လစဉ်ဆက်တိုက်ဆိုရလောက်အောင် ဖြစ်နေခဲ့တာပါ။ ပြီးတော့ တရုတ်ပြည်တွင်း ကြွေးမြီးလည်း တရားလွန်မြင့်တက်လာခဲ့တယ်။

အဲဒီလို အခြေအနေမှာ ဖြစ်ချင်တော့ တရုတ်စတော့ ဈေးကွက် ပြိုလဲသွားတယ်။ မရှေးမနှောင်းမှာ တရုတ်ဗဟိုဘဏ်က ယွမ်ငွေ တန်ဖိုးကို လျှော့ချလိုက်တယ်။ ဒီဖြစ်ရပ်တွေကြောင့် ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်တစ်လုံးကို ဂယက်ရိုက်ခတ်သွားတယ်။

တရုတ် စီးပွားရေး အခြေအနေကို အနီးကပ် စောင့်ကြည့်လေ့လာ အကဲခတ်သူ အချို့ကတော့ လောလောဆယ် တရုတ်စီးပွားရေး ကျဆင်းနေတယ်ဆိုပေမယ့် ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ဘူးလို့ မြင်ကြသလို၊ ရေရှည်ကျဆင်းမှုလည်း မဟုတ်လောက်ဘူးလို့ ခန့်မှန်းကြတယ်။ ဒါပေမယ့် ကွဲပြားခြားနားတဲ့ အမြင်တွေလည်း ရှိပါတယ်။

မော်ဂန်စတန်လေ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေး လုပ်ငန်းက လွှမ်းခြုံစီးပွားရေးအမြင်ရှိတဲ့ ဘောဂဗေဒမှူး Ruchir Sharma က တရုတ်စီးပွားရေး တိုးတက်မှုဟာ အများဆုံး ၄ရာခိုင်နှုန်းလောက်ပဲရှိနိုင်တယ်လို့ ခန့်မှန်းတယ်။ အချို့သော ပုဂ္ဂိုလ်တွေရဲ့ ခန့်မှန်းချက်များကတော့ သူ့ထက်တောင် ပိုဆိုးသေးတယ်။ တရုတ်ရဲ့ တိုးတက်မှုဟာ နှစ် သို့မဟုတ် သုံး ရာခိုင်နှုန်းလောက်ပဲ ရှိနိုင်တယ်လို့ ဆိုကြတယ်။ စောင့်ကြည့်လေ့လာကြသူတွေကြားမှာ တူညီတဲ့အချက်တစ်ချက်တော့ရှိတယ်။ တရုတ်အစိုးရ ပြောသလို တရုတ်စီးပွားရေးဟာ ခုနစ်ရာခိုင်နှုန်းနဲ့ ဆက်လက်တိုးတက်နေပါတယ်ဆိုတာကိုတော့ မယုံကြည်ကြဘူး။ မဖြစ်နိုင်ဘူးလို့ ဆိုကြတယ်။

**တရုတ်ဗဟိုဘဏ်က ဩဂုတ်လ ၁၁ ရက်နေ့မှာ ယွမ်ငွေကို တန်ဖိုးလျှော့ချခဲ့တယ်။ တန်ဖိုးလျှော့တာက သိပ်မများပေမယ့် စတော့ဈေးကွက် ဘောင်ဘင်ခတ်နေချိန်မှာ လုပ်ဆောင်ခဲ့ခြင်းဖြစ်လို့ ရင်းနှီးမြှုပ်နှံသူတွေ အထိတ်တလန့် ဖြစ်ကုန်တယ်။ တရုတ်ဘဏ်က ငွေကြေးဈေးကွက်ထဲမှာ အမြဲလိုလို ဝင်ရောက်စွက်ဖက်လေ့ရှိတဲ့အတွက် တစ်နေ့တည်းမှာတင် ငွေလဲနှုန်းက အကြိမ်ကြိမ်ပြောင်းလဲနေတတ်တယ်။ ဒါကြောင့် အခုယွမ် တန်ဖိုးလျှော့ချလိုက်မှုကိုလည်း တရုတ်ဗဟိုဘဏ်က ငွေလဲနှုန်း ချိန်ညှိမှု တစ်ရပ်သာဖြစ်တယ်လို့ ယူဆကြတယ်။**

**စတော့ဈေးကွက်အရည်ပျော်**

အရှိန်အဟုန် ခပ်ပြင်းပြင်းနဲ့ မြင့်တက်လာတဲ့ စတော့ဈေးကွက်ဟာ ဇွန်လနဲ့ ဇူလိုင်လများမှာ ရက်ပေါင်း ၃၀ အတွင်း၊ တန်ဖိုး ၃၀ ရာခိုင်နှုန်းလောက် ပြုတ်ကျပြီး ပြိုလဲသွားခဲ့တယ်။ အစိုးရက တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်ဖုံနဲ့ မပြိုလဲရအောင် ကျားကန်ပေးခဲ့ပေမယ့် ဘာမှမတတ်နိုင်ခဲ့ဘူး။ အစိုးရအနေနဲ့ စတော့ဈေးကွက် မပြိုလဲရအောင် ဟန့်တားကာဆီးရာမှာ ယွမ်ငွေ တစ်ထရီလီယံလောက် သုံးစွဲပြီး ရှယ်ယာအများအပြား ဝယ်ယူခဲ့ပါသေးတယ်။ ဒါပေမယ့် မတားဆီးနိုင်ခဲ့ဘူး။ စတော့ဈေးကွက်ဟာ ဆက်လက်ကျဆင်းသွားခဲ့တယ်။

ဒီတော့ စတော့ဈေးကွက် ဝရုန်းသုန်းကားဖြစ်မှုကြောင့် တရုတ်စီးပွားရေး ဗိမာန်ကြီးတစ်ခုလုံး ပြိုကျသွားလေမလားလို့ စိုးရိမ်ပူပန်ခဲ့ကြတယ်။ တကယ်တော့ တရုတ်စီးပွားရေးတစ်ခုလုံးနဲ့ နှိုင်းစာရင် စတော့ဈေးကွက်က သိပ်ပြီးမကြီးမားလှပါဘူး။ တန်ဖိုးအရ တရုတ်ဂျီဒီပီရဲ့ သုံးပုံတစ်ပုံလောက်ပဲရှိတယ်။ အနောက်နိုင်ငံတွေမှာဆိုရင် ဒါက ၁၀၀ ရာခိုင်နှုန်းကျော်တောင်ရှိတယ်။ဒါကြောင့် တရုတ်စီးပွားရေးဟာ စတော့ဈေးကွက် ပြိုလဲမှုကို ခံနိုင်ရည်ရှိတယ်။ ပြီးတော့ တရုတ်နိုင်ငံမှာ စတော့များနဲ့ စီးပွားရေး အခြေခံများဟာ သိပ်ပြီး တူညီမှု မရှိကြဘူး။

ဇွန်လမတိုင်မီက ရှယ်ယာတန်ဖိုးများဟာ သုံးဆလောက် မြင့်တက်သွားခဲ့ပေမယ့် တရုတ်စီးပွားရေးဟာ ထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိသလို အဲဒီနောက်ပိုင်း စတော့ဈေးကွက်ပြိုလဲသွားခဲ့ပေမယ့် စီးပွားရေးက ဆိုးဆိုးရွား

စာမျက်နှာ (၁၉) သို့




P-18

## ရွံ့နွံတင်ကျန်ရစ်ခဲ့သည့် ကျောင်းများနှင့် ကျေးရွာများ စက်မှုလယ်ယာဦးစီးဌာနမှ ဖယ်ရှားရှင်းလင်းပေး



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း ဇူလိုင်လ ကုန်ပိုင်းက ရေကြီးရေလျှံမှုကြောင့် မြို့ပေါ်ရပ်ကွက် ၉ ရပ်ကွက်နှင့် ကျေးရွာ ၆၂ ရွာ ရေနစ်မြုပ်ခဲ့ပြီး၊ လယ်ယာမြေဧက ၃၀၀၀၀ ဝန်းကျင် ရေနစ်မြုပ်ပျက်စီးခဲ့ရာ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးရွာများပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကလေးမြို့နယ် စက်မှုလယ်ယာမှ ထွန်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးမြို့နယ် စက်မှုလယ်ယာဦးစီးမှူးဦးကျော်နိုင်ကပြောသည်။

"ကျွန်တော်တို့ စက်မှုလယ်ယာက ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းတွေ၊ နောက်ရေကြီးရေလျှံတဲ့ဒေသရှင်းလင်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စက်ကိရိယာတွေ ကိုင်တွယ်အသုံးပြုနည်း သင်ကြားပြသရေးစသဖြင့်ပေါ့ လုပ်ကိုင်နေတယ်"ဟု ကလေးမြို့ စက်မှုလယ်ယာဦးစီးမှူး ဦးကျော်နိုင်ကပြောသည်။

ကလေးဒေသ ရေကြီး ရေလျှံမှုကြောင့် ဒေသတွင်း လယ်ယာမြေများတွင် ရွံ့နွံများတင်ကျန်ရစ်ခဲ့သည့်အတွက်လယ်ယာမြေများထွန်ယက်စိုက်ပျိုးရေးမှာ အခက်ကြုံလျက်ရှိသည်။ ကလေး ဒေသတွင်း ရေနစ်မြုပ်လယ်ယာများ ပြန်လည်ထွန်ယက်စိုက်ပျိုးရေးအတွက် စက်မှုလယ်ယာရုံးချုပ် အစီအစဉ်ဖြင့် လယ်ထွန်စက်အစီး ၈၀ ရောက်ရှိခဲ့သော်လည်း လယ်ဧက ၆၀၀ ဝန်းကျင်သာ ထွန်ယက်မှုများဆောင်ရွက်နိုင်ခဲ့ကြောင်း ကလေးမြို့ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ထွန်ယက်စိုက်ပျိုးရေးပေါ့နော်၊ လယ်တွေမှာ နွံတွေက ဒူးခေါင်းပေါင် လယ်ဖုံးအုပ်နေတော့ ထွန်စက်လည်း ဝင်လို့မရဘူး၊ လူလည်းဝင်လို့မရဖြစ်နေတယ်ဆိုတော့ ဒီဘက်မှာ ရွာပေါင်း ၂၂ ရွာကို ကျွန်တော်တို့ စက်မှုလယ်ယာက ထွန်စက်တွေနဲ့ ရှင်းလင်းရေးလုပ်ပေးတယ်၊ လမ်းတွေရှင်းပေးတယ်၊ စာသင်ကျောင်းတွေ ဘုန်းတော်ကြီးကျောင်းတွေ ရှင်းလင်းဆေးကြောပေးခဲ့တယ်"ဟု ယင်းတာဝန်ရှိမှုပင်ပြောသည်။

ကလေးမြို့နယ်တွင် ရေကြီးရေလျှံပြီး ရွံ့နွံများတင်ကျန်နေသည့်အတွက် မိမိတို့ရွာသို့ သွားလာ၍မရသည့် သဖန်းအိုင်ရွာ၊ ဖောင်ကူးရွာ၊ အောင်မြင်သာရွာများ၌ ရှင်းလင်းရေးကို စက်မှုလယ်ယာမှ ထွန်စက်များဖြင့်လည်းကောင်း၊ ဝန်ထမ်းလူအင်အား ၁၅၀ ဖြင့်လည်းကောင်း ကျေးရွာရေမြုပ် လယ်ယာသုံးစက်ကိရိယာများ ပြန်လည်ပြင်ဆင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြာကြာကွတ်**

## နိုင်ငံရေးပါတီကြီးများ ကလေးမြို့တွင် အောင်နိုင်ရေးဆိုင်းဘုတ်ထောင် မဲဆွယ်စည်းရုံးရေးစတင်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အခြေစိုက် နိုင်ငံရေးပါတီကြီးများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည်။ အထွေထွေရွေးကောက်ပွဲ အတွက် မဲဆွယ်စည်းရုံးရေးကာလ စတင်လိုက်သည့်နေ့မှ စတင်၍ ကလေးဒေသအတွင်း မဲဆွယ်စည်းရုံးရေးခရီးများ စတင်ခဲ့ကြပြီး ပါတီအောင်နိုင်ရေး ဆိုင်းဘုတ်များကို ခရိုင်ပါတီရုံးတည်ရှိရာ နေရာရွေ့များတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

ကြံ့ခိုင်ဖွံ့ဖြိုး ရေးပါတီ အောင်နိုင်ရေးဆိုင်းဘုတ် တင်ပွဲတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် ဦးလှဝင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအောင်နိုင်ရေးဆိုင်းဘုတ်ကို စက်တင်ဘာ ၁၂ ရက်နေ့မှာ စိုက်ထူပါတယ်။ ကျွန်တော်တို့ပါတီအနေနှင့် ကျေးလက်ဒေသကို ပထမဦးဆုံးစည်းရုံးရေးဆင်းပါမယ်၊ ပြီးမှ မြို့ပေါ်မှာ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိတစ်ဦးက ပြောသည်။

ကလေးမြို့တွင် အင်အားကြီးမားသည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ အမျိုးသား လွှတ်တော်အမတ်အဖြစ် ဦးကိုကိုနိုင်သည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်အမတ် ဒေါ်အေးအေးမူခေါ် ဒေါ်ရှားမီးသည်လည်းကောင်း၊ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၁ လွှတ်တော်အမတ် ဒေါ်သန့်ဝေကျော်သည်လည်းကောင်း၊ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်အမတ်ဦးကမ်ဇမုန်သည်လည်းကောင်း၊ ကလေးဒေသတောင်ပိုင်းရွာကြီး ကိုးရွာတွင်လည်းကောင်း၊ ကလေးမြို့ မြောက်ပိုင်းရွာများတွင်လည်း ကောင်းမဲဆွယ်စည်းရုံးရေးခရီးစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကလေးမြို့ ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှ တာဝန်ရှိ ဦးကျော်ဆန်းက ပြောသည်။

**ကြာကြာကွတ်**

## ရခိုင်ပြည်နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၄ သိန်းကျော်ရှိ ကြောင်း ပြည်နယ်ကော်မရှင်ထုတ်ပြန်

စက်တင်ဘာ ၁၄ ရက်က ဒုတိယအကြိမ်ထုတ်ပြန်ကြေညာသည့် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ရခိုင်ပြည်နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၄ သိန်းကျော်ရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် မြောက်ဦးခရိုင်မှာ ဦးရေလေးသိန်းခြောက်သောင်းကျော်နှင့် အများဆုံးဖြစ်နေပြီး မောင်တောခရိုင်မှာ ဦးရေငါးသောင်းကျော်ဖြင့် အနည်းဆုံးဖြစ်နေကြောင်း ကော်မရှင်မှ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။ သံတွဲခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းသုံးသောင်းကျော်နှင့် ကျောက်ဖြူခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကိုးသောင်းကျော်ရှိနေသည်။

ရခိုင်ပြည်နယ်အတွင်း မဲရုံးအရေအတွက်မှာ နှစ်ထောင့်ငါးရာကျော်ရှိနေပြီး ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီပေါင်း ၂၂ ပါတီရှိနေပြီး ရွေးကောက်ပွဲဝင်ရန် အမည်စာရင်းတင်သွင်းထားသူ ၃၅၃ ဦးရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပါတီစည်းရုံးရေးလုပ်ငန်းများကို အင်အားကြီးသည့် ပါတီတချို့မှ စတင်ဆောင်ရွက်နေကြပြီဖြစ်သော်လည်း အင်အားနည်းသည့် ပါတီငယ်တချို့မှာ စည်းရုံးရေးလုပ်ငန်းများကို မစတင်နိုင်သေးကြောင်း အမျိုးသား ဒီမိုကရေစီပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရခိုင်မှာက ကြီးကြီးကျယ်ကျယ် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးတာတွေ မရှိသလောက်ပါပဲ၊ ကျေးလက်တွေကိုတော့သွားပြီး မဲဆွယ်နေတာတွေရှိပါတယ်။ ဒါပေမယ့် ပြည်သူအများစုက ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုနည်းနေပါသေးတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ပြောသည်။

**မောင်ကံ**

## ရခိုင်ပြည်နယ်တွင် မိုးများရေနစ်မြုပ်မှုကြောင့် ကွမ်းခင်းများ ပျက်စီးကာ ကွမ်းဈေးများ တစ်ဆခန့်တက်နေ

ဇွန်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရခိုင်ပြည်နယ်ရှိမြို့နယ် အသီးသီးတွင် မိုးသည်းထန်ပြီး ရေနစ်မြုပ်မှုကြောင့် ကွမ်းခင်းများ ပျက်စီးကာ ဈေးနှုန်းမှာလည်း တစ်ဆခန့် မြင့်တက်လာကြောင်း သတင်းရရှိသည်။

"မိုးများရင် ကွမ်းရွက်တွေက အကုန်လုံးပုပ်ကုန်ပါတယ်။ ရေနစ်မြုပ်တဲ့ ဒေသတွေမှာ ဆိုရင်ရှိသမျှကွမ်းခင်းတွေပျက်စီးကုန်ပါတယ်၊ အခုကွမ်းခင်းတွေကို ပြန်စိုက်ပေမယ့် ရေကြီးတာနဲ့အတူ တင်ကျန်ခဲ့တဲ့ ပိုးတွေ ဖျက်ဆီးလို့ ထပ်ပြီး ကွမ်းခင်းတွေပျက်စီးနေပါတယ်"ဟု မြောက်ဦးမြို့နယ် ဆင်အိုးကျေးရွာမှ ကွမ်းခင်းပိုင်ရှင်တစ်ဦးကပြောသည်။

ကွမ်းခင်းများ ပျက်စီးမှုကြောင့် ကွမ်းတစ်ပိဿာကို ယခင်နှစ်ထောင်ကျပ်မှ ယခုလေးထောင်ကျပ်အထိ ဈေးမြင့်တက်နေပြီး မောင်တောနယ်စပ်ဒေသတွင် ကွမ်းရှားပါးမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကွမ်းရွက်များကို တစ်ပိုင်တစ်နိုင် ကုန်သွယ်သူများက သယ်ယူ ရောင်းချမှုများရှိနေကြောင်း ကွမ်းယာရောင်းသူတစ်ဦးကပြောသည်။

"ကွမ်းရွက်ဈေးကတစ်ဆလောက်တက်လာတဲ့အတွက် အခု ကွမ်းတစ်ယာကို ခုနစ်ဆယ်ကျပ်ဖြစ်နေပါတယ်။ ရေကြီးတုန်းကဆိုရင် ကွမ်းတစ်ယာကို တစ်ရာကျပ်ထိ ဈေးတက်ခဲ့ပါတယ်"ဟု ကွမ်းယာရောင်းသူက ပြောသည်။

ကွမ်းခင်းများပျက်စီးမှုဖြစ်ပေါ်နေသည့်အတွက် ကွမ်းခင်းများ အစားထိုးပြန်လည် စိုက်ပျိုးရန် ကွမ်းစိုက်သူများအတွက် အရင်းအနှီးငွေများ လိုအပ်နေပြီးဖြစ်နိုင်မည် ဆိုပါက အတိုးနည်းချေးငွေများ လိုအပ်နေကြောင်း ကွမ်းစိုက်တောင်သူများက ပြောသည်။

**မောင်ကံ**

# အမေရိကန် ဆန်ရှင်နှင့် မြန်မာအီလက်ရှင်

## အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပေါ်မူတည်ကာ အတိုးအလျှော့ရှိသည်ဟုဆို

မောင်မှုခိုးကြမ်း



Photo: Reuters

> မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံရဲ့ အရေးယူပိတ်ဆို့မှု **(sanctions)** ကို တစ်နှစ်ထပ်မံတိုးလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ တစ်နည်းအားဖြင့် ချားဘော့ - ကရိုးလေးဥပဒေကြမ်းပါ အဓိက ကန့်သတ်ချက်တစ်ရပ်ဖြစ်တဲ့ လာမယ့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပမယ့် မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ မရှိ စောင့်ကြည့်ဦးမယ့် သဘော သက်ရောက်နေပါတယ်။

မကြာသေးမီက အမေရိကန် ကွန်ဂရက် လွှတ်တော်မှာ အာရှနဲ့ ပစိဖိတ်ဆိုင်ရာ နိုင်ငံခြားရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ရီပတ်ဘလစ်ကင် အမတ်စတိဗ်ချားဘော့နဲ့ ဒီမိုကရက်အမတ်ဂျိုးဇက်ကရိုးလေးတို့က ဦးဆောင်ပြီး အမေရိကန်နဲ့ မြန်မာ့တပ်မတော် ဆက်ဆံရေးအပေါ် ဥပဒေကြမ်းတစ်ရပ် တင်သွင်းခဲ့ပါတယ်။

အဲဒီဥပဒေကြမ်းမှာ မြန်မာ့တပ်မတော်ကို လုံခြုံရေး အကူအညီနဲ့ ပြုပြင်ပြောင်းလဲရေး အကူအညီတွေကို ပေးရာမှာ ကန့်သတ်ထားရှိဖို့ ပါဝင်ခဲ့ပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်နေမှုအခြေအနေနဲ့ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးအဆုံးသတ်တယ်လို့ ကျေနပ်မှသာ အကူအညီပေးဖို့ တားမြစ်ထားပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို ဖွင့်ပေးဖို့၊ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးဖို့၊ တပ်မတော်ကို စီးပွားရေးလုပ်ငန်းတွေက ဖယ်ရှားဖို့နဲ့ လူမျိုးစုပဋိပက္ခတွေကို အဆုံးသတ်ဖို့စတဲ့ အချက်တွေလည်း ပါဝင်နေပါတယ်။

ဝါရှင်တန် အခြေစိုက်တဲ့ မဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေး ဗဟိုဌာနမှ အကြီးတန်း အရှေ့တောင်အာရှ ကျွမ်းကျင်သူ မာရေးဟိုင်းဘတ်က "ဒါဟာ သမ္မတ အိုဘားမားအစိုးရနဲ့ ပေါ်လစီအပေါ် ထောက်ခံမှု တစ်ဆင့်ကျဆင်းသွားတာကို ပြလိုက်တာပဲဖြစ်တယ်။ ယခုအချိန်မှာ ဘယ်လိုမှ တိုင်းတာ ခန့်မှန်းလို့မရတဲ့ တစ်စုံတစ်ရာ အကြောင်းအရာကို ဖော်ညွှန်းပြီး ကန့်သတ်ဖို့ ကြိုးစားနေတာပဲဖြစ်တယ်။ အဲဒီဥပဒေကြမ်းကို တင်သွင်းလာသူတွေဟာ မြန်မာနိုင်ငံရဲ့ လက်ရှိပြုပြင်ပြောင်းလဲမှုတွေအပေါ် အဆိုးမြင်ပြီး သမ္မတ အိုဘားမားအစိုးရအပေါ် အဆောက်တလျင် လှုပ်ရှားတယ်လို့ ဖြစ်တင်လာတာပဲဖြစ်တယ်" လို့ ဝေဖန်ထောက်ပြခဲ့ပါတယ်။

အဲဒီဥပဒေကြမ်းတင်သွင်းပြီး သိပ်မကြာမီလွန်ခဲ့တဲ့ မေလ ၅ ရက်နေ့မှာ သမ္မတ အိုဘားမားက အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိလုပ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ထောက်ခံပေမယ့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီဒုက္ခသည်တွေရဲ့ အရေးကို မဖြေရှင်းနိုင်သေးတာ၊ နယ်စပ်ဒေသရှိတိုင်းရင်းသားတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေတာနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေတာကြောင့် စိုးရိမ်ရဆဲဖြစ်ကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံရဲ့ အရေးယူပိတ်ဆို့မှု (sanctions) ကို တစ်နှစ်ထပ်မံတိုးလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ တစ်နည်းအားဖြင့် ချားဘော့-ကရိုးလေးဥပဒေကြမ်းပါ အဓိက ကန့်သတ်ချက်တစ်ရပ်ဖြစ်တဲ့ လာမယ့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပမယ့် မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ဦးမယ့်သဘော သက်ရောက်နေပါတယ်။

ဒီလိုအမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုတစ်နှစ်ထပ်မံတိုးလိုက်တဲ့အတွက် ယခုနှစ်မှာ စတင်အကောင်အထည်ဖော်မယ့် အမျိုးသားပို့ကုန်မဟာဗျူဟာ စီမံကိန်းဆောင်ရွက်ရာမှာ တိုးတက်မှုအနည်းငယ်လျော့ကျနိုင်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေး ဒေါက်တာမောင်မောင်အောင်က ပြောပါတယ်။

သူက "ကုန်သွယ်မှု ပိုင်းမှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေဝင်လာတယ်။ သီလဝါ အထူးစီးပွားရေး ဇုန်က စတင်လုပ်ဆောင်နေပြီ။ အခြားဈေးကွက်တွေလည်းရနေပါပြီ။ ဒါပေမယ့် EU ဆိုရင် ငွေလွှဲနှုန်းဟတဲ့အ တွက် စရိတ်ကြီးပါတယ်။ ဒါကြောင့် စီမံကိန်းလုပ်ဆောင်တဲ့ နေရာမှာ အဟန့်အတားတွေ ဖြစ်နေတာပေါ့"လို့ ပြောပါတယ်။

အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေမှာ ငွေကြေးစီးဆင်းမှုအပိုင်းမှာ အမေရိကန် ဘဏ်တွေနဲ့ တိုက်ရိုက်ထိတွေ့ပြီး လုပ်ကိုင်လို့မရဘဲ တရုတ်နိုင်ငံနဲ့ စင်ကာပူဘဏ်တွေကတစ်ဆင့် သွားနေရတာကြောင့် နစ်နာမှုတွေရှိတယ်လို့ ပို့ကုန်လုပ်ငန်းရှင်တွေက သုံးသပ်ကြပါတယ်။ ပြည်တွင်း ပို့ကုန် လုပ်ငန်းရှင်တွေဟာ EU ကို ပို့ကုန်တင်ပို့ရာမှာ ကြားခံဘဏ်တွေက တစ်ဆင့်ငွေပေးချေနေရတာ၊ ငွေလက်ခံနေရတာတွေအတွက် ဘဏ်ဝန်ဆောင်မှု စရိတ်ပိုပြီး ကုန်ကျနေရကြောင်း၊ ဒါ့အပြင် စင်ကာပူနိုင်ငံမှာ ကုမ္ပဏီခွဲရှိတဲ့ နိုင်ငံခြား ကုမ္ပဏီတွေနဲ့သာ ကုန်သွယ်မှုပြုလုပ်နိုင်တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေ နစ်နာမှုရှိနေကြတယ်လို့ ဆိုပါတယ်။

လောလောဆယ်မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ် သံသယရှိနေသည့်တိုင် အမေရိကန် အစိုးရဟာ အရေးပါတဲ့

*စာမျက်နှာ (၃၃) သို့*



P-18

A

F6

## ဘန်ကောက်မြို့လယ် ကွန်ဒိုများ အရောင်းသွက်



ဘန်ကောက်မြို့လယ်က ကွန်ဒိုအခန်းများ ဝယ်လိုအား ကောင်းနေကြောင်း ထိုင်းအခြေစိုက် အိမ် ခြံ မြေ အကြံပေး Knight Frank က ထုတ်ပြန်လိုက်ပါတယ်။

ရောင်းချရမှု ၈၅ ရာခိုင်နှုန်းဟာ မြို့လယ်က ကွန်ဒိုအခန်းများဖြစ်ပြီး ရာချာဒါဖီဆက်၊ ရာမ ၆၊ လတ်ဖရို၊ ဖာယာတိုင်၊ ဖာဟွန်ယိုသင်၊ ဖတ်ချာသူရီလမ်းနဲ့ ရာမ ၃ လမ်းတို့ဟာ မြို့လယ်မှာ ရောင်းချရမှုထင်ရှားနေပါတယ်။ ဘန်ကောက်မြို့လယ်ရဲ့ ကွန်ဒိုအခန်းတွေကို ဝယ်သူတွေ စိတ်ဝင်စားကြတာ မြို့လယ် ရှော့ပင်းစင်တာများ၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနဲ့ နီးကပ်လို့ဖြစ်ပါတယ်။

ရာချာဒါဖီဆတ်၊ ရာမ (၆) နဲ့ လတ်ဖရိုဇရီယာဟာ စီးပွားရေးဆိုင်ရာ၊ နေအိမ်နဲ့ ခရီးသွားလုပ်ငန်း ပရိုဂျက်တွေရှိနေလို့ ထင်ရှားလာပါတယ်။

ဘန်ကောက်ဟာ ၂၀၁၀ ကစပြီး အဓိက လမ်းတွေကို သယ်ယူပို့ဆောင်ရေး စနစ်တွေ ဝင်ထွက်နိုင်အောင် ပြုလုပ်ခဲ့တာကြောင့် ပြောင်းလဲလာတာပါ။

ဒီနေရာမှာ ၂၀၀၉ ကနေ ၂၀၁၅ ပထမနှစ်ဝက်အတွင်း ကွန်ဒိုယူနစ် ၃၅၈၈၁ ခန်း ရောင်းချခဲ့ရပါတယ်။ ဆုခွန်ဗစ်လမ်းမှာ ဆင်းဂါး အိမ်ခြံမြေ PLC က Singha Complex ကို စတင်တည်ဆောက် နေပါတယ်။ ဒီပရိုဂျက်မှာ ရုံးခန်းတာဝါ၊ ညီလာခံခန်းမ၊ အရောင်းဆိုင်များနဲ့ ဟိုတယ်တစ်ခုတို့ပါဝင်ကြပါတယ်။

Pruksa အိမ်ခြံမြေ လုပ်ငန်းကလည်း ၂၅ ထပ်ရှိ Pearl ဘန်ကောက် ရုံးခန်းအဆောက်အအုံဆောက်လုပ်နေသလို ၂၄ ထပ်ရှိ ရှင်နာဝတ်ထရာ တာဝါ ၄ ကလည်း အနီးအနားမှာ ပေါ်လာမှာ ဖြစ်ကြောင်းပါ။

Source; Property news.

## စင်ကာပူ ကုမ္ပဏီ Tee Land ဘန်ကောက်က မြေကိုဝယ်

စင်ကာပူ ကုမ္ပဏီ တစ်ခုဖြစ်တဲ့ Tee Land ဟာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ဘီးဘွားပိုင်မြေနေရာ ဆိုင်ဒ်တစ်ခုကို ထိုင်းဘတ် ၉၂.၆ သန်းပေးပြီး ဝယ်ယူလိုက်ပါတယ်။ Tee လန်းနဲ့အတူ Cheas-athai PLC တို့က ပါတနာအဖြစ် ပူးတွဲဝယ်ယူခဲ့တာဖြစ်ပြီး မြေအကျယ် ၂၄၇၀၄ စတုရန်းမီတာရှိပါတယ်။ Tee Land ဟာ ထိုင်း အိမ်ရာ ပရိုဂျက်ထဲကို ဝင်ရောက်လာတာဖြစ်ပြီး ၂၀၁၅ ဒီဇင်ဘာမှာ ဝယ်ယူမှု အပြီးသတ်ဖို့ သဘောတူညီထားပါတယ်။ ဖက်စပ်လုပ်ကိုင်နေတဲ့ Chewathai ကလည်း ပရော့ပါတီ ဖွံ့ဖြိုးရေးလုပ်ငန်းများ ထူထောင်နေသလို တိုင်းစတော့အိပ်ချိန်းဈေးကွက်မှာလည်း ပါဝင်နေပါတယ်။ Chewa -thai နဲ့ Tee Land တို့ဟာ ယူရိုးဆီ သာဝန်ထဲက ဝယ်ယူဖို့သဘောတူညီခဲ့တာပါ။ ဝယ်ယူဖို့ လိုအပ်တဲ့ ငွေကြေးကိုတော့ Chewathai က ဘဏ်နဲ့အခြား ရန်ပုံငွေတို့က ရယူခဲ့တာ ဖြစ်ကြောင်းပါ။

Source; Property news.

## ဘရာဇီး developer Ritz-G5 နိုင်ငံတကာ ပရော့ပါတီဆုရခဲ့

ဘရာဇီး developer ဖြစ်တဲ့ Ritz-G5 ဟာ ၂၀၁၅-၂၀၁၆ ရဲ့ အမေရိကန်တိုက် နိုင်ငံတကာ ပရော့ပါတီဆုကို ရရှိခဲ့ပါတယ်။ ဘရာဇီးနိုင်ငံမှာ တည်ဆောက်နေတဲ့ Casta Aqul နဲ့ Majestic village ပရိုဂျက်နှစ်ခုလုံးကို အသိအမှတ်ပြုခံရတာပါ။ တရားဝင် ဆုပေးပွဲကို ဘာဖေးဒိုးမှာ အောက်တိုဘာ ၂၃ ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ Ritz-G5 ဟာ အဆိုပါဆုကို အာရှပစိဖိတ်၊ အာဖရိက၊ အာရေဗျ၊ ယူကေနဲ့ ဥရောပတို့က ကုမ္ပဏီများစွာနဲ့ ယှဉ်ပြိုင်ရပြီး ဒီဆုကိုရသွားတာပါ။ ကုမ္ပဏီအတွက် ကြီးမားတဲ့ အသိအမှတ်ပြုခံရမှုဖြစ်သလိုဆုကို ကျွမ်းကျင်သူ ၇၀ လောက်က အကဲဖြတ်ပေးပါတယ်။

နိုင်ငံတကာ ဆုရွေးချယ်ရေးအကြီးအကဲ စတူးအတ်ရီးက "ဆုရသွားခဲ့ ပရိုဂျက်က အမြင်အရ ဆွဲဆောင်မှုရှိတယ်။ လုပ်ငန်းဆောင်ရွက်မှု အဆင့်မြင့်မားတယ်၊ သဘာဝပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ဘူး၊ နည်းပညာပိုင်းမှာလည်း အပြောင်မြောက်ဆုံးဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

Costal Aqul ပရိုဂျက်ဟာ အိပ် ခန်း ၂ ခန်းကနေ ၃ ခန်းအထိပါ တန်ဖိုးကြီး အဆင့်မြင့် အခန်းပေါင်း ၁၆၈ ခန်းပါဝင်ပြီး ရေကူးကန်၊ ဘားတစ်ခု၊ အားကစားရုံနဲ့ Spa တို့ ပါဝင်ပါတယ်။

Natal ရှိ ပရိုဂျက်ကတော့ အ ကျယ် ၇၅ ဟက်တာပေါ်မှာ ဆောက်လုပ်မယ့် Residential ပရိုဂျက်ပါ။ ဒီကွန်ဒိုမှာလည်း ကျောင်း၊ စူပါမားကတ်၊ ဆေးခန်း၊ ရေကူးကန်၊ တင်းနစ်ကွင်း၊ ကလပ်နဲ့ မူကြိုကျောင်းတို့ပါ အနီးနားမှာ ထည့်သွင်းပေးထားပါတယ်။

**ကိုမင်း**

Source; Property news.

## ဒူဘိုင်းပရော့ပါတီ ဈေးနှုန်း ကမ္ဘာမှာ အများဆုံးကျဆင်း

ဒူဘိုင်းရဲ့ ပရော့ပါတီ ဈေးကွက်ဟာ ပြီးခဲ့တဲ့နှစ်မှာ စံချိန်တင်လောက်အောင် ၁၂.၂ ရာခိုင်နှုန်း ဈေးကျသွားတယ်လို့ နိုင်ငံတကာ အိမ် ခြံ မြေအကြံပေး Knight Frank က ဆိုပါတယ်။ ဒူဘိုင်းမှာ ၂၀၁၅ ရဲ့ နှောင်းပိုင်းကာလတွေမှာလည်း ဆက်ပြီးကျဆင်း နေဦးမယ်လို့ ခန့်မှန်းထားပါတယ်။

ယခုနှစ် ဒုတိယ သုံးလပတ်မှာ ဒူဘိုင်းရဲ့ ပရော့ပါတီ ဈေးနှုန်းဟာ ၂.၈ ရာခိုင်နှုန်းကျသွားတာပါ။ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်းမှာတော့ အတက်အကျတွေ မျိုးစုံရှိခဲ့ပေမယ့် ဒီနှစ်ထဲမှာ ဈေးနှုန်း စတင်ကျဆင်းရတာက ရေနံဈေးနှုန်း ကျဆင်းသွားခြင်းနဲ့ ရုရှား၊ ဥရောပတို့မှာ ငွေတန်ဖိုးတွေ ကျဆင်းခဲ့တဲ့အတွက် 'ဝယ်လို အားနည်းသွားတယ်၊ ဒေါ်လာ တန်ဖိုးတက်နေတယ်၊ ဈေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်မှုတွေ ဆက်လုပ်နေတာတို့ကြောင့် ရောင်းဝယ်မှု ကျသွားတာလို့ Knight Frank က ထုတ်ပြန်ပါတယ်။

ဒူဘိုင်းရဲ့ လုံးချင်းအိမ်ဈေးနှုန်းတွေ ၂၀၁၅ ရဲ့ ကျန်တဲ့ နှစ်ပိုင်းမှာ ၅ ရာခိုင်နှုန်းကနေ ၇ ရာခိုင်နှုန်းအထိ ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ဒူဘိုင်းလို အိမ် ခြံ မြေ ဈေး တွေ ကျဆင်းခဲ့တဲ့ နိုင်ငံကတော့ နိုင်ငံရေးမတည်ငြိမ်ခဲ့တဲ့ ယူကရိန်းဖြစ်ပြီး ပြီးခဲ့တဲ့နှစ်က ၁၂ ရာခိုင် နှုန်းထိကျခဲ့ပါတယ်။ အိမ် ခြံ မြေ ဈေးအကောင်းဆုံး ဖြစ်နေတာကတော့ ဟောင်ကောင်လို့ ထုတ်ပြန်ခဲ့ ပါတယ်။ Source; Property news.

# နိုင်ငံတကာ အိမ် ခြံ မြေ

## ဗိသုကာ Aedas ဂလိုဘယ်ဗိသုကာဆု များဆွတ်ခူး



ဒူဘိုင်းမှာ စက်တင်ဘာ ၁၀ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ဂလိုဘယ် ပရော့ပါတီ ကွန်ဖရင့်က အကောင်းဆုံး အိမ်ခြံမြေ ဖွံ့ဖြိုးရေး ပရိုဂျက်နဲ့ ဗိသုကာ (Cityscape Global Award) ဆု ၁၃ ခု ချီးမြှင့်ခဲ့ရာမှာ အာရှ အိမ် ခြံ မြေ ပရိုဂျက်များက ဆုထက်ဝက်ကျော် ရရှိသွားပါတယ်။ ဟောင်ကောင်နဲ့ တရုတ်တို့မှာ တည်ဆောက်နေတဲ့ ပရိုဂျက်တို့က ရရှိခဲ့ကြတာပါ။

ဒီပရိုဂျက်တို့ရဲ့ ဗိသုကာဆုကို Aedas က ဗိသုကာဆု ငါးဆုအထိရခဲ့ပါတယ်။ Aedas က ရခဲ့တဲ့ ပရိုဂျက်များက တရုတ်ဂွာဟန်က Heant Land 66 ဟောင်ကောင်က The Forum တရုတ်ဇူဟိုင်ရှိ ရုံးခန်းအဆောက်အအုံ (တရုတ်ရိုးရာ ဆေးသိပ္ပံ)၊ ရှန်ဟဲက နိဗိုတယ်လင်ကွန်း၊ ဂွမ်ဒေါင်းက ဟာဘာရှော့ ပင်းစင်တာတို့ ပါဝင်ပါတယ်။

အခြားဆုရတဲ့ အထဲမှာ ကာတာက Lusail အားကစားကွင်း၊ အမျိုးသားပြတိုက်၊ တူရကီ အီစတန်ဘူရှိ Qent istinse အဆောက်အအုံနဲ့ ယူအေအီး အဘူဒါဘီက ပရိုဂျက်တစ်ခုတို့ပါဝင်ခဲ့ပါတယ်။

ဒီဆုအတွက် တရုတ်၊ အိန္ဒိယ၊ တူရကီ၊ ရုရှား၊ ဘရာဇီးတို့ အပါအဝင် ကမ္ဘာတစ်ဝန်းက ပရိုဂျက် ၃၇ ခု နောက်ဆုံး အဆင့် ယှဉ်ပြိုင်ခဲ့ကြတာပါ။

ဒီနှစ်ရဲ့ အမြင့်ဆုံးဆုကို ရခဲ့တဲ့ ပရိုဂျက်များစွာဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိမှုက လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု လက္ခဏာ အဆင့်မြင့်မားခြင်းတို့ရှိခဲ့ပါတယ်။

Source; Property news.

## Acer Aspire Switch10 Detachable Laptop




Acer Aspire အမှတ်တံဆိပ် ဖြုတ်ထားနိုင်တဲ့ 2 in 1 Laptop အမျိုးအစားဖြစ်ပါတယ်။ Touchscreen အဖြစ်ကော အသုံးပြုနိုင်မှာဖြစ်ပြီး စခရင်အကျယ်က ၁၀ လက်မပါ။ Processor က Intel Atom Z3735F 1.33 GHz ပရိုဆက်ဆာဖြစ်ပြီး Internal Storage က 32 GB ထိ ဆန့်ပါတယ်။ RAM ကတော့ 2GB DDR3L SDRAM ဖြစ်ကာ Intel HD Graphics ကို အသုံးပြုထားပါတယ်။ OS က Windows 8.1 (32-bit) ပါ။ ဘက်ထရီသက်တမ်းက ၈ နာရီဖြစ်ပါတယ်။ ဈေးနှုန်းက USD ၂၃၀ ဝန်းကျင်ပါ။




## Logitech Wireless Marathon Mouse

Logitech အမှတ်တံဆိပ် Wireless Marathon Mouse ပါ။ ဘက်ထရီသက်တမ်းက ၃ နှစ်ထိ တာရှည်ခံပါတယ်။ မြန်နှုန်းမြင့်အလုပ်လုပ်ပေးတဲ့မောက်စ်ဖြစ်လို့ Marathon Mouse လို့ အမည်ပေးထားတဲ့မော်ဒယ်ဖြစ်ပြီး Windows နဲ့ကော Mac OS တွေနဲ့ပါ တွဲဖက်အသုံးပြုနိုင်မယ့် မောက်စ်အမျိုးအစားပါ။ ဈေးနှုန်းက USD ၂၅ ဝန်းကျင်ခန့် ဖြစ်ပါတယ်။



## MSI Apache Gaming Laptopအ

MSI အမှတ်တံဆိပ်က ထုတ်လုပ်တဲ့ Gaming Laptop အမျိုးအစားပါ။ လက်ပ်တော့နဲ့ ဂိမ်းကစား ချင်သူတွေအတွက် စခရင်ကျယ်ကျယ် ၁၇. ၃ လက်မနဲ့ကစားနိုင်မှာဖြစ်ပြီး ဂရပ်ဖစ်က NVIDIA Geforce GTX960M Graphics ကို သုံးထားပါတယ်။ RAM က 16 GB DDR3L 1600 GHz RAM ကို အသုံးပြုထားပြီး Hard Drive ကတော့ 1024 GB ထိ ဒေတာပမာဏ ဝင်ဆန့်ပါတယ်။ Processor ကတော့ Intel Core i7 ပါ။ ဈေးနှုန်းက USD ၁၂၀၀ ဝန်းကျင် ဖြစ်ပါတယ်။



## Logitech Wireless Wave Combo keyboard & Laser Mouse

Logitech အမှတ်တံဆိပ် Wireless Wave Combo Keyboard နဲ့ လေဆာမောက်စ်တွဲလျက် ဖြစ်ပါတယ်။ ကီးဘုတ်မော်ဒယ်က K350 ဖြစ်ပြီး မောက်စ်ရဲ့မော်ဒယ်ကတော့ M510 ပါ။ 2.4 GHz Wireless Connection ကို အသုံးပြုထားပြီး ဘယ်လိုနုတ်ဘုတ်၊ လက်ပ်တော့မျိုးနဲ့ဖြစ်ဖြစ် တွဲဖက်အသုံးပြုနိုင်ပါတယ်။ ကီးဘုတ်က အခုံးဒီဇိုင်းနဲ့ပြုလုပ်ထားကာ ဘက်ထရီသက်တမ်းက တစ်ခါထည့်ထားရင် သုံးနှစ်ထိအသုံးခံပါတယ်။ ပေ ၃၀ အကွာအဝေးကနေ အသုံးပြုနိုင်မယ့် Wireless device တွေ ဖြစ်ပြီး တန်ဖိုးက USD ၄၀ ဝန်းကျင်ကျသင့်ပါတယ်။

## Logitech Webcam C930




Logitech အမှတ်တံဆိပ် Web cam တစ်မျိုးဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းသုံးအတွက်ပါ အဆင်ပြေနိုင်မယ့် Business grade HD Video Cam အမျိုးအစားဖြစ်ပြီး Full 1080p HD Video ဖြစ်ပါတယ်။ PC နဲ့ Mac တို့မှာပြုလုပ်တဲ့ ဗီဒီယို Conference တွေအတွက် သင့်တော်တဲ့ Webcam ပါ။ View ကို 90 degree ထိ လှည့်နိုင်မှာဖြစ်ပြီး Digital Zoom ကို 4X ထိ ဆွဲနိုင်ပါတယ်။ ဈေးနှုန်းက USD ၁၁၀ ဝန်းကျင် ကျသင့်ပါတယ်။






## Logitech Stereo Headset

Logitech အမှတ်တံဆိပ် စတီရီယို Headset ပါ။ မော်ဒယ်က H110 ဖြစ်ပြီး အခန်းပတ်လည်က ဆူညံသံတွေကို အလိုအလျောက်ပယ်ဖျောက်ပေးကာ လိုသလိုအနေအထားကိုထားနိုင်မယ့် မိုက်ခရိုဖုန်းပါဝင်ပါတယ်။ အခြားသော သီချင်းနားထောင်မှု၊ ရုပ်ရှင်ကြည့်ခြင်း၊ ဂိမ်းကစားခြင်းတို့ အတွက်လည်း ဆူညံသံဖျောက်ပေးထားပြီး ကြည်လင်ပြတ်သားတဲ့အသံကို နားဆင်နိုင်မယ့်နားကြပ် ဖြစ်ပါတယ်။ တန်ဖိုးက USD ၁၀ ဒေါ်လာခန့် ဖြစ်ပါတယ်။

## Logitech Multimedia Speakers

Logitech အမှတ်တံဆိပ် Multimedia Speakers ဖြစ်ပါတယ်။ အရောင်ကအနက်ရောင်ဖြစ်ပြီး 10 Watt စပီကာနှစ်လုံးပါဝင်ပါတယ်။ စမတ်ဖုန်း၊ တက်ဘလက်၊ လက်ပ်တော့ စတဲ့ Device မျိုးစုံနဲ့တွဲဖက်သုံးနိုင်ပါတယ်။ ဈေးနှုန်းက USD ၂၅ ဝန်းကျင်ရှိပါတယ်။



# အခမဲ့ Anti-Virus တွေက တကယ်ပဲ အသုံးဝင်သလား

ကလျာအိအိလွင်

နည်းပညာတွေက တစ်ခုပြီးတစ်ခု အသစ်အသစ်တွေ ပေါ်လာကာ အဲဒီနည်းပညာတွေနောက် လိုက်နေကြတဲ့ ဒီခေတ်အခါမှာ ဘယ်တော့မှ မရိုးတဲ့နည်းပညာတစ်ခုကတော့ ကာကွယ်ရေးနည်းပညာဖြစ်တဲ့ Anti-Virus နည်းပညာတွေပဲ ဖြစ်ပါတယ်။

နည်းပညာထုတ်ကုန်တွေဖြစ်တဲ့ ကွန်ပျူတာ၊ စမတ်ဖုန်း၊ တက်ဘလက်စတဲ့ ကိရိယာတွေမှာ အသုံးပြုတဲ့ ဆော့ဖ်ဝဲ၊ Application တွေဟာ အသုံးပြုသူတွေ အတွက် တကယ်ကို အသုံးဝင်စေတဲ့ အရာတွေ ဖြစ်ပါတယ်။ အဲဒီအသုံးဝင်တဲ့ အရာတွေကြားမှာ ကပ်ပါလာတတ်တာကတော့ ကွန်ပျူတာ၊ တက်ဘလက်၊ စမတ်ဖုန်းတွေထဲကို ဝင်ရောက်ဖို့ မသမာသူတွေက သီးသန့်ထုတ် လုပ်တတ်ကြတဲ့ Application နဲ့ Software တွေပါပဲ။ အဲဒီအရာတွေကို Malware တွေလိုလည်း ခေါ်ပါတယ်။ အဲဒီ မသမာတဲ့ဆော့ဖ်ဝဲတွေဟာ တစ်ကိုယ်ရေသုံး ကွန်ပျူတာ၊ တက်ဘလက်၊ စမတ်ဖုန်းတွေရဲ့ အတွင်းပိုင်းထိ ထိုးဖောက်ဝင်ရောက်ပြီး ကိုယ်ပိုင်အချက်အလက် ဒေတာတွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ဖျက်ဆီးတတ်သလို ဒေတာတွေကိုလည်း ခိုးယူသွားတတ်ပါတယ်။ အဲဒီလို ကြောက်ဖို့ကောင်းတဲ့ Malware တွေ၊ Virus တွေဟာ ဘယ်လိုဝင်ရောက်လေ့ရှိတယ်၊ ဒေတာတွေကို ဘယ်လိုဖျက်ဆီးပြီး ဘယ်လိုရယူတတ်တယ် ဆိုတဲ့အကြောင်းကို ဈေးကွက်ဂျာနယ်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

အခုတစ်ပတ် ဆက်လက်ဖော်ပြချင်တာကတော့ Virus နဲ့ Malware တွေရဲ့ ရန်က ကြိုတင်ကာကွယ်ပေးတဲ့ ကာကွယ်ရေး App တွေနဲ့ Software တွေအကြောင်း ဖြစ်ပါတယ်။ မိမိရဲ့ ကွန်ပျူတာ၊ စမတ်ဖုန်း၊ တက်ဘလက်စတဲ့ တစ်ကိုယ် ရေသုံးစက်ကိရိယာလေးတွေကို မသမာတဲ့ Apps တွေ Software တွေရန်ကကင်းဝေးစေဖို့ ကြိုတင် ကာကွယ်တဲ့အနေနဲ့ Anti-Virus ဆော့ဖ်ဝဲတွေကို တင်ထားလေ့ရှိပါတယ်။ Anti-Virus ဆော့ဖ်ဝဲတွေဟာ ပုံစံအမျိုးမျိုးနဲ့ ထုတ်လုပ်ထားတတ်ပါတယ်။ Virus ပုံစံအလိုက် ထုတ်လုပ်ထားတဲ့ Anti-Virus တွေ၊ Virus အမျိုးမျိုးအတွက် ယေဘုယျဖန်တီးထားတဲ့ General Anti-Virus ဆော့ဖ်ဝဲတွေ အမျိုးမျိုးရှိပါတယ်။ အဲဒီဆော့ဖ်ဝဲတွေထဲမှာ အခမဲ့အသုံး ပြုနိုင်တဲ့ Anti-Virus ဆော့ဖ်ဝဲတွေအကြောင်းကို အနည်းငယ်စီတင်ပြလိုပါတယ်။ အဲဒီ အခမဲ့ Anti-Virus ဆော့ဖ်ဝဲဟာ အွန်လိုင်းပေါ်မှာလည်း အများအပြား ဒေါင်းလုတ်ပြုလုပ်ရရှိနိုင်သလို ဒေါင်းလုတ်ပြုလုပ်ပြီးသား အရန်သင့်သုံးနိုင်တဲ့စီဒီတွေကိုလည်း စီဒီစတိုးတွေ၊ software အရောင်းဆိုင်တွေမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါတယ်။

**Anti-Virus တွေဟာ သူ့အားသာချက်၊ အားနည်းချက်တွေနဲ့ ကိုယ်စီရှိတတ်ပါတယ်။ တချို့ Anti-Virus တွေက ပြိုင်တူ သုံးလို့မရတတ်သလို တချို့ကလည်း နှစ်ခုသုံးခု ပြိုင်သုံးနိုင်ပါတယ်။ တချို့ Anti-Virus တွေဟာ ပြင်ပက ဝင်ရောက်လာနိုင်တဲ့ Virus တွေရဲ့ အန္တရာယ်ကို သိပ်မကာကွယ်နိုင်တာကိုလည်း တွေ့ရပါတယ်။ တချို့ကတော့ ပြင်ပက အန္တရာယ်တွေကို ကာကွယ်ပေးနိုင်ပေမယ့် . . . ။**




(၁) Avast Free Antivirus

Avira လိုပဲ အသုံးပြုသူတွေနဲ့ ရင်းနှီးပြီးသား Anti-Virus Software နောက်ထပ်တစ်ခုကတော့ Avast ဖြစ်ပါတယ်။ Avast ဆော့ဖ်ဝဲဟာ Avira တို့၊ Smardav တို့လိုပဲ အသုံးပြုရလွယ်ကူတဲ့ Anti-Virus ဖြစ်ပြီး ထိရောက်မှုကလည်း ရှိသင့်သလောက်ရှိတဲ့အတွက် သုံးသူတွေလည်း များသလောက်များပြားလျက် ရှိပါတယ်။

Avast ဆော့ဖ်ဝဲရဲ့အားသာချက်ကတော့ ကွန်ပျူတာထဲကို ရောက်နေပြီးသား Virus တွေ၊ မကောင်းတဲ့ဆော့ဖ်ဝဲတွေ၊ Malware တွေကို သေချာရှာဖွေပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို ရောက်နေပြီးသား မကောင်းတဲ့ဆော့ဖ်ဝဲတွေကို ရှာဖွေဖယ်ရှားပေးတဲ့အပြင် Network အမျိုးမျိုးကနေ ကွန်ပျူတာထဲကို ဝင်ရောက်လာနိုင်တဲ့ ဗိုင်းရပ်စ်တွေကိုလည်း ဝင်ရောက်မလာနိုင်အောင် ကာကွယ်ပေးနိုင်ပါတယ်။ Avast ရဲ့ကာကွယ်ဖျက်ဆီးပေးနိုင်မှုကလည်း အခြားအခမဲ့ Anti-Virus ဆော့ဖ်ဝဲတွေလိုပဲ အကန့်အသတ်ရှိ တာမှန်ပေမယ့် အခမဲ့ပေးတဲ့ ဗိုင်းရပ်စ် သတ်ဆော့ဖ်ဝဲတွေထဲမှာတော့ တစ်နေရာထိ တိုးပေါက်လျက်ရှိတဲ့ Software တစ်ခု ဖြစ်ပါတယ်။

(၂) Avira

အခမဲ့ Anti-Virus ဆော့ဖ်ဝဲတွေထဲမှာ လူသိများတဲ့ ပေါ်ပြူလာဆော့ဖ်ဝဲတစ်ခုဆို Avira ကို ပြသရမှာဖြစ်ပါတယ်။ ဖိုင်ဆိုက်သေးငယ်ပေါ့ပါးလို့ ဒေါင်းလုတ်ပြုလုပ်ရာမှာ မြန်ဆန်တဲ့အပြင် Automatic Update စနစ်ကလည်း အလိုအလျောက် Update ပြုလုပ်ပေးတတ်တာကြောင့် အဆင်ပြေစေတဲ့ Anti-Virus တစ်ခုလို့ ဆိုနိုင်ပါတယ်။ Avira ကို ကွန်ပျူတာထဲ Install လုပ်ရတာလည်း မခက်ခဲလှသလို ကွန်ပျူတာအမျိုးအစားတိုင်းနဲ့လည်း ကိုက်ညီမှုရှိပါတယ်။ အရေးကြီးတာကတော့ နောက်ဆုံးထွက်တဲ့ ဗားရှင်းကိုရယူသုံးစွဲထားဖို့သာ ဖြစ်ပါတယ်။Avira ရဲ့ အားသာချက်က Latest Version မှာ Antis -pyware Protection စနစ်ပါရှိပြီး Lock ဖိုင်တို့၊ Hidden ဖိုင်တို့ကိုပါ ရှာဖွေပြီး ဗိုင်းရပ်စ်သတ်ပေးနိုင်တဲ့ စွမ်းအားရှိ ခြင်းဖြစ်ပါတယ်။ နောက်ဆုံးထွက် ဗားရှင်းရဲ့ စွမ်းဆောင်ချက်က အခမဲ့ဆော့ဖ်ဝဲလို့ မပြောနိုင်တော့လောက်အောင် စွမ်းဆောင်ရည်မြင့်မားလာတာကြောင့် သုံးစွဲသူတွေကော၊ ကျွမ်းကျင်သူတွေကပါ စိတ်တိုင်းကျဖြစ်နေတဲ့ Anti-Virus တစ်ခုဖြစ်ပါတယ်။

(၃) Smadav

Smadav ဆော့ဖ်ဝဲကတော့ ခုနောက်ပိုင်း လူတိုင်းလိုလို အသုံးပြုဖူးတဲ့ အခမဲ့ Anti-Virus ဆော့ဖ်ဝဲတစ်မျိုးပါ။ Smadav ဆော့ဖ်ဝဲကို အင်တာနက်ကတစ်ဆင့် အလွယ်တကူဒေါင်းလုတ်ပြုလုပ်နိုင်သလို ဆော့ဖ်ဝဲဆိုင်တွေမှာ ရနိုင်တဲ့ Anti-Virus ဆော့ဖ်ဝဲအခွေတွေမှာလည်း အခြား Software တွေနဲ့ အတူတကွ ရရှိနိုင်ပါတယ်။ Smadav ဟာ အန္တရယ်ရှိတဲ့ Application တွေ၊ ဆော့ဖ်ဝဲတွေကို လျင်မြန်စွာ ရှာဖွေပေးနိုင်ပြီး ရှင်းလည်း ရှင်းလင်းပေးနိုင်ပါတယ်။ ဒ့ါအပြင် User တွေအတွက် သတိပေးချက်တွေကိုလည်း ထုတ်ပြန်ပေးတတ်ပါတယ်။ ဒီ Smadav ရဲ့ ပုံစံဟာ ရိုးရှင်းတဲ့အတွက် သုံးစွဲရတာလည်း အဆင်ပြေတဲ့အပြင် လူတိုင်းအတွက် အသုံးပြုနိုင်အောင်ပါ အမြဲပြုပြင် Update ပြုလုပ်ပေးတတ်ပါတယ်။ Update ကိုလည်း အင်တာနက်ကတစ်ဆင့် အလွယ်တကူ ပြုလုပ်နိုင်ပါတယ်။

အထက်ပါ Anti-Virus တွေဟာ သူ့အားသာချက်၊ အားနည်းချက်တွေနဲ့ ကိုယ်စီရှိတတ်ပါတယ်။ တချို့ Anti-Virus တွေက ပြိုင်တူ သုံးလို့မရတတ်သလို တချို့ကလည်း နှစ်ခုသုံးခု ပြိုင်သုံးနိုင်ပါတယ်။ တချို့ Anti-Virus တွေဟာ ပြင်ပက ဝင်ရောက်လာနိုင်တဲ့ Virus တွေရဲ့ အန္တရာယ်ကို သိပ်မကာကွယ်နိုင်တာကိုလည်း တွေ့ရပါတယ်။ တချို့ကတော့ ပြင်ပက အန္တရာယ်တွေကို ကာကွယ်ပေးနိုင်ပေမယ့် အတွင်းကို ရောက်ပြီးသား ပိုးမွှားတွေကိုတော့ ဒီလောက်မရှင်းလင်းပေးနိုင်တာမျိုးလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခမဲ့ Anti-Virus ဆော့ဖ်ဝဲလေးတွေကတော့ သုံးပျော်တယ်လို့ ဆိုနိုင်လောက်တဲ့ စွမ်းဆောင်ရည်ကို ပေးတာတော့ အမှန်ပါပဲ။

**ကလျာအိအိလွင်**

# ခါးတောင်းကျိုက်နည်းမမှားကြဖို့ သတိပေးချင်ပါသည်



လွင်ချမ်းဖြိုး

(၁)

ခုချိန်ကစပြီး ကိုယ်စားလှယ်လောင်းတွေ ခါးတောင်းကျိုက်ကြတော့မယ်။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်တွေ စက်တင်ဘာ ၈ ရက်နေ့ကစပြီး စည်းရုံးခွင့်ရှိတာမို့ အကြိတ်အနယ်အားပြိုင်ကြမှာကို ဆိုလိုတာပါ။

နိုဝင်ဘာ ၈ ရက်မတိုင်မီ ရက် ၆၀ တိတိ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှာ ပြည်သူတွေဆီအရောက်သွားပြီး ပြည်သူတွေနဲ့ ထိတွေ့ကာ နိုင်ငံရေး ဗျူဟာ ခင်းကျင်းကြတော့မှာလည်း ဖြစ်ပါတယ်။

ခါးတောင်းကျိုက်ပုံ ကျိုက်နည်း ကွာခြားကြမှာလည်း သေချာပါတယ်။ ဦးနှောက်နဲ့ ခါးတောင်းကျိုက်မလား။ နှလုံးသားနဲ့ ခါးတောင်းကျိုက်မလား။ အောက်တန်းစားနည်းများနဲ့ ခါးတောင်းကျိုက်မလား။ မျက်ဝါးထင်ထင်မြင်ကြကြည့်ကြရမယ့် ရက် ၆၀ ဖြစ်ပါတယ်။

ခုဆိုရင် လောလောလတ်လတ် အစိုးရအဖွဲ့အတွင်းကနေ နုတ်ထွက်ထားကြတဲ့ အမတ်လောင်းတစ်ဖြစ်လဲ ဝန်ကြီးဟောင်း၊ ဗိုလ်ချုပ်ကြီး ဟောင်းကြီးတွေက ရွေးကောက်ပွဲ ကော်မရှင်ရဲ့ ညွှန်ကြားချက် ဥပဒေပုဒ်မ ၅၇ ကို ဖောက်ဖျက်တာ၊ တရားမဲ့ပြုလုပ်တာတွေအတွက် အပြောခံနေကြရပြီဖြစ်ပါတယ်။ တကယ်ဆိုတော့ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ယောက်အဖို့ အရှက်ရစရာ အကောင်းဆုံးက ဥပဒေကို မလိုက်နာခြင်းဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းများနဲ့ မဲဆန္ဒရှင်ပြည်သူ၊ ကိုယ်စားပြုသည့်ပါတီ။ ဒါတွေသည် ရက် ၆၀ အတွင်း ပြည်နယ်၊ တိုင်းဒေသအနှံ့ နိုင်ငံရေးဂယက်ထမည့်အရာများဖြစ်ပါတယ်။ ပြည်သူတွေမှာ ပညာရေးရေချိန်၊ စီးပွားရေးရေချိန် အနိမ့်အမြင့် ကွာခြားကြသလို နိုင်ငံရေးရေချိန်တွင်လည်း များစွာခြားနားမှုရှိနေပါတယ်။ ဒါကို အခွင့်ကောင်းယူကာ ပြည်သူကို လိမ်ညာခြင်း၊ စည်းရုံးရေးငွေကြေး ဖုံးပေါလအောသုံးခြင်းများကိုလည်း နိုင်ငံရေးလေ့လာသူများက စောင့်ကြည့်နေကြမှာဖြစ်ပါတယ်။

(၂)

ဒီအချိန်မှာပဲ နိုင်ငံရဲ့ လုံခြုံရေးအခြေအနေက ပြည်သူတွေအကြားမှာ စိန်ခေါ်လျက်ရှိနေပါတယ်။ ပြည်သူတွေနဲ့ ပိုပြီးနီးကပ်တဲ့ ပြည်ထဲရေးအနေနဲ့ မပြည့်မစုံ၊ မလုံမလောက်တဲ့ ကြားထဲက သူ့ဆန်စားရဲမှ ဆိုတဲ့အတိုင်း တာဝန်တွေထမ်းဆောင်ရင်း တရားခံကပြန်ပြီး အသတ်ခံရတဲ့အထိ ဖြစ်စဉ်တွေပေါ်ပေါက်လာနေပါတယ်။

ပါတယ်။ ဝန်ကြီးဌာနအောက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ရည်မှန်းချက်ထဲမှာလည်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတွေ ပါပြန်တာပါပဲ။ ဆိုတော့ကာ ဒါတွေကို ကြည့်ရင် ပြည်သူကို ရှေးရှုတယ်။ ပြည်

**နိုင်ငံရေးဆိုတာ တိုင်းပြည်ရဲ့ စိန်ခေါ်မှုတွေကို ပူးပေါင်း ဖြေရှင်းအောင်နိုင်ကြဖို့ အနစ်နာခံ အလုပ်လုပ်ကြခြင်းလို့ ဆိုချင်ပါတယ်။ ဒါမှလည်းတိုင်း ပြည်တည်ငြိမ်ပြီး ပြည်သူပြည်သားတွေရဲ့ ဘဝမြင့်တက်လာနိုင်မှာ ဖြစ်ပါတယ်။ လူဟောင်းမှုဟောင်းများနဲ့ အကျင့်ဟောင်းတွေအတိုင်း ဆက်ပြီးသွားချင်နေကြဦးမယ်ဆိုရင် အဲဒီလူတွေကို ပြည်သူတွေက တိုင်းပြည်ကနေ နှင်ထုတ်နေချင်ကြမှာ သေချာပါတယ်။ NLD ကတော့ နိုင်ငံကို ပြုပြင်ပြောင်းလဲဖို့၊ အစိုးရဖွဲ့နိုင်ဖို့၊ ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား အနိုင်ရရလို့ တယ်လို့ ပြည်သူကို ချပြဟောပြောနေပြီဖြစ်ပါတယ်။**

မြို့ကြီးပြကြီးရဲ့ နေ့ခင်းကြောင်တောင် လူစည်ကားရာနေရာတွေမှာတောင် လုယက်ရိုက်နှက်၊ လူသတ်တဲ့အထိ အတင့်ရဲနေကြတာကလည်း ပြည်ထဲရေးဌာနအတွက် ခေါင်းခဲစရာကိစ္စဖြစ်နေမယ် ထင်ပါတယ်။

ဒါနဲ့ ချိန်ညှိကြည့်ကြရမှာက ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်လေးရပ်ပါ။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလို့ ဆိုသူကို ဗဟိုပြုတယ်။ ပြည်သူနဲ့ နီးစပ်မှုရှိတယ်လို့ အကြမ်းဖျဉ်းကောက်ချက်ချနိုင်တာပေါ့လေ။ လက်ရှိအနေအထားမှာ အဖြေများရှိနိုင်ပါတယ်။

ပြည်သူအများစုရဲ့ ပတ်ဝန်းကျင်ဖြစ်တဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေမှာဆိုရင်လည်း အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍကို အခြေပြုမြေပုံများနဲ့ ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ အစိုးရသစ်ရဲ့ မူဝါဒအရ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းမှာ မြေယာစီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စီးပွားကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်ရေးကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အရေးပေါ်စီမံခန့်ခွဲမှု ကော်မတီနဲ့ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့စတဲ့ ဖွဲ့စည်းပုံ အနေအထားများကိုလည်း တွေ့ရပါတယ်။ ဒါတွေက ဘာကိုဖော်ပြသလဲဆိုရင် ကိုယ့်ကိုအုပ်ချုပ်နေတဲ့ အစိုးရက ကိုယ်တွေကို ဘယ်လိုပုံစံချ အုပ်ချုပ်နေတယ်ဆိုတာ သိရှိထားသင့်တယ်လို့ယူဆပါတယ်။ ဒီအချက်ဟာ ရွေးကောက်ပွဲများနဲ့ အစိုးရများ ပြောင်းလဲခြင်းအပေါ် သက်ရောက်မှုရှိစေမယ်လို့ ဆိုချင်ပါတယ်။

(၃)

ယခင်အစိုးရများ လက်ထက် နိမ့်ကျ၊ နောက်ကျခဲ့ရမှုများ၊ ဒီမိုကရေစီပြုပြုပြောင်းလဲရေး အစိုးရရဲ့ 'လေဖမ်း ဝါးတန်းချည်' လေကြီးမိုးကြီးနိုင်မှုများနဲ့ ပါရာဒိုင်းအသစ် လှိုင်းလုံးများရဲ့ အရွေ့မှာ ပြည်သူတွေ ဘာဖြစ်နေသလဲဆိုတာကလည်း အရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးစနစ်အတွက် အရာရာလိုအပ်ချက်များနဲ့အတူ အခုနောက်ဆုံးမှာတော့ သဘာဝဘေးဒဏ်တွေကို အလူးအလဲခံနေကြရပြန်ပါတယ်။

ဒီအချိန်မှာပဲ ကိုယ့်ရဲ့ငွေကြေးက ဆိုးဆိုးရွားရွား တန်ဖိုးကျနေပြန်တယ်။ ပြည်သူလူထုအတွက် မရှိမဖြစ်ကုန်စည်အများစုက ပြည်ပကနေ မှာယူတင်သွင်းနေကြရတယ်။ ကိုယ့်ရဲ့ ငွေကြေးတန်ဖိုးကျလေ ကိုယ့်ရဲ့ငွေကြေးအရေအတွက် အထွက်များလေ မဟုတ်ပါလား။ ဒါပေမယ့် ဒါကို အတတ်နိုင်ဆုံး ပြန်လည်ဖာထေးဖို့ ကိုယ့်နိုင်ငံက ပို့ကုန်တွေကျတော့ သူများနိုင်ငံတွေအတွက် မရှိမဖြစ် မက်လောက်စရာတွေ မဟုတ်လေတော့ ကိုယ့်အတွက် ပြန်ရချက်က မရှိသလောက်လို့ ဆိုနိုင်ပါတယ်။

အနည်းဆုံးလုပ်ခလစာရဲ့ နောက်ဆက်တွဲမှာလည်း ပြဿနာတွေက ဒုနဲ့ဒေးရှိနေဦးမှာဖြစ်ပါတယ်။ ချက်ချင်းပဲ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာတာကို ရင်ဆိုင်ကြရတယ်။ အခြေခံစားကုန်သောက်ကုန် ဈေးနှုန်းတွေတက်၊ စားဝတ်နေရေးနဲ့ အလုပ်အကိုင်တွေခက်လာတဲ့အခါ ပြည်သူတွေရဲ့ ထွက်ပေါက်က ဘာမဆိုဖြစ်သွားနိုင်တဲ့ အနေအထားလို့ ပြောနိုင်ပါတယ်။ မူခင်း၊ မူးယစ်ဆေးဝါး၊ ကျန်းမာရေးနဲ့ ပညာရေးအခြေအနေတွေ ကမောက်ကမဖြစ်လာနိုင်ပါတယ်။

(၄)

ဒီတော့ နိုင်ငံရေးဆိုတာ တိုင်းပြည်ရဲ့ စိန်ခေါ်မှုတွေကို ပူးပေါင်းဖြေရှင်းအောင်နိုင်ကြဖို့ အနစ်နာခံ အလုပ်လုပ်ကြခြင်းလို့ ဆိုချင်ပါတယ်။ ဒါမှလည်း တိုင်းပြည်တည်ငြိမ်ပြီး ပြည်သူပြည်သားတွေရဲ့ ဘဝမြင့်တက်လာနိုင်မှာ ဖြစ်ပါတယ်။ လူဟောင်းမှုဟောင်းများနဲ့ အကျင့်ဟောင်းတွေအတိုင်း ဆက်ပြီး သွားချင်နေကြဦးမယ်ဆိုရင် အဲဒီလူတွေကို ပြည်သူတွေက တိုင်းပြည်ကနေ နှင်ထုတ်နေချင်ကြမှာ သေချာပါတယ်။ ရက် ၆၀ အတွင်းမှာ ပြည်သူတွေကို လှည့်ဖြားကြမယ့် သူတွေဟာ နောက်ထပ် ငါးနှစ်တာ၊ ရက်ပေါင်း ၁၈၀၀ ကျော် ဆက်ပြီး လှည့်ဖြားနေကြဦးမှာဖြစ်ပါတယ်။ အဲဒီရဲ့ နောက်ဆက်တွဲ ဆိုးပြစ်အဖြစ် နိုင်ငံရဲ့ တန်ဖိုးရှိတဲ့ မျိုးဆက်သစ်ပေါင်းများစွာဟာ နှစ်ကာလပေါင်းများစွာ နိုင်ငံမှာ ခံနေကြရဦးမှာဖြစ်ပါတယ်။

ကိုယ့်အတွက် စည်းရုံးကြမှာလား။ ပါတီအတွက် စည်းရုံးကြမှာလား။ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက် စည်းရုံးကြမှာလား။

***စာမျက်နှာ (၃၅) သို့***

# ကျွန်တော့်ဘဝကို ပြောင်းပေးသည့်
# မြားနတ်မောင်နှင့် ကျေးဇူးရှင်

ဦးတင်ဦး(ကျူရှင်)

၂၀၁၅ ခုနှစ် စက်တင်ဘာ လ ၁၂ ရက်၊ စနေနေ့က ၃၅ လမ်းရှိ ရစ်ဗားရောဝတီ အတ်ဂယ်လာရီ၌ မြားနတ်မောင် မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဦးလွဏ်းမောင် ကွယ်လွန်ခြင်း နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မြားနတ်မောင် မဂ္ဂဇင်းများတွင် ပါရှိခဲ့သော သရုပ်ဖော်ပန်းချီများကို ခင်းကျင်းပြသသည့်ပွဲကို မြားနတ်မောင် အယ်ဒီတာ ဒေါက်တာလွဏ်းဆွေ၊ သူ၏ အစ်ကို ဒေါက်တာလွဏ်းဝေ (ကဗျာဆရာ မိုးသစ်ဝေ)နှင့် ညီအစ်ကိုများက အမှတ်တရ ကျင်းပကြပါသည်။

ထိုပွဲတွင် မြားနတ်မောင် မဂ္ဂဇင်း၏ ပထမဦးဆုံး အယ်ဒီတာလည်းဖြစ်၊ ဦးလွဏ်းမောင်နှင့် တောင်ငူတွင် အနှစ် ၂၀ ကြာမျှ ကျူရှင်အတူပြလာသူလည်းဖြစ် သူ ဆရာခင်မောင်တိုး (မိုးမိတ်)၊ ဆရာချစ်ဦးညို၊ ပန်းချီဆရာ ဦးကျော်သောင်း၊ ပန်းချီဆရာ မှတ်သုန်နှင့် မြားနတ်မောင်ထွက် စာရေး ဆရာမ ယုဒါတို့အပြင် ကျွန်တော်ပါ အမှတ်တရစကား ပြောကြပါသည်။

ဆရာ ခင်မောင်တိုး (မိုးမိတ်) က သူနှင့် ဦးလွဏ်းမောင်တို့ ဘယ်မျှရင်းနှီးချစ်ခင်စွာဖြင့် အတူတွဲ၍ အလုပ်လုပ်ခဲ့ပုံ၊ ဦးလွဏ်းမောင်ကြောင့် သူစာဖတ်ဝါသနာပါလာခဲ့ရာမှ စာရေးဆရာဖြစ်လာပုံ၊ သူ့အပေါ်၌ ဦးလွဏ်းမောင် ကျေးဇူးကြီးပုံတို့ကို ပြောပါသည်။

ဆရာချစ်ဦးညိုက မြားနတ်မောင်၏ ပင်တိုင်ပန်းချီဆရာများ ဖြစ်ကြသည့် ပန်းချီတင်မောင်မျင့်၊ ပန်းချီစံတိုး၊ ပန်းချီမောင်မောင်သိုက်နှင့် ပန်းချီဝသုန်တို့နှင့် နီးကပ်ရင်းနှီးစွာနေလာခဲ့သူတစ်ဦး ပီပီထိုပန်းချီဆရာများ၏ စရိုက်များနှင့် ပန်းချီဆွဲဟန်များကို ပြောပါသည်။

အလားတူ ဆရာကျော်သောင်း၊ ဆရာမှတ်သုန်နှင့် ဆရာမ ယုဒါတို့ကလည်း အသီးသီး မိမိတို့နှင့် ထိစပ်ရာများကို ပြောပါသည်။

ကျွန်တော်က ဦးလွဏ်းမောင်နှင့် စပ်ရာအကြောင်း အနည်းငယ်နှင့် မြားနတ်မောင်က ကျွန်တော့်ဘဝကို ပြောင်းလဲပေးလိုက်ပုံတို့ကို ပြောပါသည်။

သို့ရာတွင် အစီအစဉ်အရ ပြောကြသူ အရေအတွက် ကများနေသဖြင့် ကျွန်တော်ပြောလိုသလောက်ကို ပြည့်စုံအောင် မပြောနိုင်။ အကျဉ်းချုံး၍သာ ပြောခဲ့ရပါသည်။

ယခု ဤစာစောင်တွင် မြားနတ်မောင်နှင့် စပ်ရာကလေးများကို ပြန်ရေးပြလိုပါသည်။

မြားနတ်မောင် အယ်ဒီတာချုပ် ဦးလွဏ်းမောင်မှာ တောင်ငူမှာ အိမ်ထောင်ကျကာ တောင်ငူမှာပင် အခြေချ အရိုးထုတ်သွားသော်လည်း သူ့မွေးဇာတိက ပျဉ်းမနားပါ။ ပျဉ်းမနားမြို့ အရှေ့တောင်ဘက်နားရှိ ပရွက်ဆိတ်ကုန်းရွာ ချက်မြှုပ်ဖြစ်သည်။ သူနှင့် တစ်တန်းတည်း ကျောင်းနေဖက် သူငယ်ချင်းကိုချစ်တင်ဆိုသူမှာ ပျဉ်းမနား သကြားစက်တွင် ဌာနစိတ်တစ်ခုတည်း ကျွန်တော်နှင့် အတူတူ အလုပ်လုပ်သူဖြစ်၍ ဦးလွဏ်းမောင် နာမည်ကိုကား ငယ်စဉ်ကတည်းက ကြားဖူးသည်။ သို့ရာတွင် ကျွန်တော်နှင့် ဦးလွဏ်းမောင်သည် ပျဉ်းမနားတွင် ရင်းနှီးခွင့်မရလိုက်ပါ။ တစ်နှစ်တွင် သူ လေဖြတ်၍ သူ့သားကြီး ဒေါက်တာလွဏ်းဝေရှိရာ မြောက်ဥက္ကလာဆေးရုံသို့ ရောက်လာသောအခါတွင်မှ ကျွန်တော်နှင့် လူချင်းတွေ့ဖြစ်ကြသည်။ သို့ရာတွင် ပျဉ်းမနားသံယောဇဉ်၊ မြားနတ်မောင် သံယောဇဉ်တို့ကြောင့် တစ်ကြိမ်တွေ့တွေ့ချင်းမှာပင် ကျွန်တော်တို့ချင်း ရင်းနှီးချစ်ကြည်ဖြစ်ကြပါသည်။

လွန်ခဲ့သောနှစ် သူမကွယ်လွန်မီက သူ့သွားဖုံးကင်ဆာဖြစ်ပြီး ရန်ကုန်သို့ ရောက်လာသည်ကြား၍ ကျွန်တော်သူရှိရာ မြောက်ဒဂုံမှ သူ့သားကြီး ဒေါက်တာလွဏ်းဝေအိမ်သို့ သွားတွေ့သည်။ အခြေအနေမှာ နောက်ဆုံးအဆင့်သို့ ရောက်နေပါပြီ။ အစာကြမ်း လည်း မစားနိုင်တော့ပါ။ အရည် အနည်းငယ်လောက်သာ ဝင်တော့သည်ဟု သိရသည်။ သို့ရာတွင် ကျွန်တော့်အသံကို ကြားသည့်အခါ သူမှတ်မိကာ ဆရာနေကောင်းတယ်နော်”ဟု တိုးညင်းစွာပြောပါသည်။

သူသည် ထိုစကားတစ်ခွန်းကိုသာ ကျွန်တော့်အား ပြောသွားနိုင်တော့ပြီး ကျွန်တော်နှင့် တွေ့ပြီးနောက် သိပ်မကြာမီ လွန်ခဲ့သောနှစ် စက်တင်ဘာ ၂ ရက်တွင် တောင်ငူမှာပင် ကွယ်လွန်ကြောင်း သိရပါသည်။

ဤကား ဦးလွဏ်းမောင်နှင့် စပ်ရာပါတည်း။

သို့ရာတွင် သူတည်ထောင်ခဲ့သည့် မြားနတ်မောင် မဂ္ဂဇင်းအကြောင်းမှာ ကျွန်တော့်အတွက် ပြောစရာတွေ အများပင်ရှိလေသည်။ မြားနတ်မောင်ကို ၁၉၉၁ ခုနှစ်တွင် တည်ထောင်သည်ဟု သိရသည်။ သို့ရာတွင် မြားနတ်မောင်နှင့် ကျွန်တော် ရေစက်ဆုံသည်မှာ ၁၉၉၇ ခုနှစ် ဇူလိုင်လကုန်ပိုင်းလောက်တွင် ဖြစ်သည်။

ကျွန်တော့် တပည့်တစ်ဦး၏ အငှားဆိုင်မှ ယူလာခဲ့သော ထိုမဂ္ဂဇင်းပါ မောင်စွမ်းရည်၏ ဆောင်းပါးကို ဖတ်ရပြီးနောက် အယ်ဒီတာထံ ပေးစာတစ်စောင်ကို ကျွန်တော်ရေးလိုက်ရာ ထိုပေးစာသည် ထိုနှစ်အောက်တိုဘာလထုတ် စာစောင်တွင် မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာဟူသော ခေါင်းစဉ်ဖြင့်ပါလာသည်။ ကလောင်အမည်ကိုလည်း ဦးတင်ဦး (ကျူရှင်)ဟု ဖော်ပြထားလေသည်။

အမှန်က မဂ္ဂဇင်းထဲမှာပါဖို့ ဆောင်းပါးရေးသည်မဟုတ်။ ဦးတင်ဦး (ကျူရှင်) ဆိုသည်မှာလည်း ကျွန်တော်၏ ကလောင်အမည်မဟုတ်။ ကျွန်တော်တို့ ရပ်ကွက်ထဲတွင် တင်ဦးသုံးယောက်ရှိရာ သုံးယောက်စလုံးမှာ ကျောင်းဆရာတွေ ချည်းဖြစ်၏။ ကျောင်းဆရာချင်းတူလျှင် ကျန်နှစ်ဦးနှင့် ကျွန်တော်ခြားနားသည်မှာ ကျွန်တော်က ကျောင်းမှာလည်း ဆရာ ဟုတ်သလို အိမ်မှာလည်း အင်္ဂလိပ်စာ ကျူရှင်ပြသူဖြစ်ခြင်း ဖြစ်၏။ ထို့ကြောင့် ထိုနှစ်ဦးနှင့် ကွဲပြားစေရန် ကျွန်တော့် လိပ်စာကို ဦးတင်ဦး (ကျူရှင်)၊ ကွက်သစ်ရပ်၊ သာဝတ္ထိမြို့ဟု ရေးပေးလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် စာရေးဆရာဖြစ်ဖို့ ကံဇာတာပါလာလေ၍ လောမသိ။ အခြားဆရာနှစ်ဦးနှင့် ကွဲရန် ကွင်းခတ်ပေးလိုက်သော (ကျူရှင်) သည် ကျွန်တော့်အမည်ရင်းနောက်မှာ ကပ်ပါလာပြီး ကလောင်နာမည်ဖြစ်သွားလေ၏။

ကိုယ်ရေးသောစာ ပုံနှိပ်ဖြင့်ပါလာတော့ စာရေးချင်သောရောဂါပိုးထကာ ဆောင်းပါးတစ်ပုဒ်ရေး၍ (ကလောင် တစ်ချောင်းကောက်ရသည် သဘောထားကာ) ဦးတင်ဦး (ကျူရှင်) ဟုပင် ကလောင်အမည်တပ်ပေးလိုက်ရာ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ထုတ် ထိုမဂ္ဂဇင်းတွင် ကျွန်တော့်ဆောင်းပါး ပါလာလေသည်။ အားတက်၍ ဆက်ရေးရာ ရေးသမျှကိုလည်း ဒေါက်တာလွဏ်းဆွေက ထည့်ပေးလေသဖြင့် ကျွန်တော်သည် မမျှော်လင့်ဘဲ အသက်ကြီးမှ ဝက်သက်ပေါက်သလို အသက် ၆၀ နားကပ်နေမှ စာရေးဆရာဖြစ်လာလေသည်။

ကျွန်တော်ရေးသမျှ ဆောင်းပါးအားလုံးနီးပါးကိုလည်း ထိုမဂ္ဂဇင်းတွင် ကဏ္ဍတစ်ခုအဖြစ်ပါသည့် ပွင့်ပွင့်လင်းလင်း အခန်းမှနေ၍ စာဖတ်သူများက ချီးကျူးအားပေးကြသည်။ ကျွန်တော်သည် ကျွန်တော့်စာများကို ဝေဖန်အားပေးကြသော ပရိသတ်များကို လေးစားကျေးဇူးတင်ကာ သူတို့ရေးသမျှ ကျွန်တော်နှင့် စပ်ရာမှတ်ချက်များကို မှတ်စုစာအုပ်တစ်အုပ်တွင် ကူးထားသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလထုတ်အထိ ကျွန်တော့်စာများကို ဝေဖန်မှတ်ချက်ပေးကြသော (ကြိုက်နှစ်သက်ကြောင်း ပြောကြသည့်) စာဖတ်ပရိသတ် ၁၄၄ ယောက်ရှိသည်။ ထိုနေ့က ပြောရင်း ထိုမှတ်စုစာအုပ်ကို ပရိသတ်အားပြပါသည်) စာအုပ်ကုန်သွား၍ နောက်တစ်အုပ်ကူး၍မှတ်ရသည်။ အဘယ်ကြောင့်ဆိုသော် မြားနတ်မောင်က ၂၀၀၅ ခုနှစ်တွင်မှ ရပ်သွားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ထိုနေ့က ကျွန်တော်က ဒေါက်တာလွဏ်းဆွေအား ကျွန်တော့်ဆရာအဖြစ်၊ ကျွန်တော့်ဘဝကို ပြောင်းပေးသူ ကျေးဇူးရှင်အဖြစ် ပြောပြခဲ့သည့်အပြင် ဖော်ပြပါ ပွင့်ပွင့်လင်းလင်း ပရိသတ်များသည်လည်း ဦးတင်ဦး (ကျူရှင်)ကို မြေတောင်မြှောက်ပေးသော ကျေးဇူးရှင်များပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

*စာမျက်နှာ (၃၃) သို့*



*မြားနတ်မောင် မဂ္ဂဇင်း သရုပ်ဖော်ပန်းချီပြပွဲနေ့က ဒေါက်တာလွဏ်းဆွေ(လွယ်အိတ်လွယ်လျက် မတ်တပ်ရပ်နေသူ)အား စာပေမိတ်ဆွေများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-ဈေးကွက်)*

# ရှစ်ဆယ်ဗျို့

## တက္ကသိုလ်စိန်တင်

(၁)

မကြာမီ မြန်မာနိုင်ငံ၏ ၂၀၁၅ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပပေတော့မည်။ ရွေးကောက်ပွဲသည် တရားမျှတသော၊ သန့်ရှင်းသော ရွေးကောက်ပွဲ ဖြစ်မှဖြစ်ပါ့မည်လား။ ရွေးကောက်ပွဲပြီးလျှင် အနိုင်ရနိုင်ငံရေးပါတီအား လက်ရှိအစိုးရက အာဏာ လွှဲမှလွှဲပါ့မည်လား။ အာဏာဆိုတာ လူကြိုက်တဲ့ အရာပဲကွယ့်။ ရာထူးက ဆင်းချင်မှဆင်းကြမှာဟု ပြောသူကပြော၊ စိုးရိမ်သူက စိုးရိမ်၊ သောကရောက်သူက ရောက်နှင့်။ ချင့်ချင့်ချိန်ချိန် တရားမမွှနှင့် စဉ်းစားတတ်သူတွေကတော့"ဟေ့- ဘာမှတွေးမနေကြနဲ့၊ ပူပန်မနေကြနဲ့၊ ကံနဲ့ကံရဲ့ အကြောင်းပဲ"ဟု ပြောနေကြ၏။

ခရစ်နှစ် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့။ ဗိုလ်နေဝင်း၏ စစ်တပ်က အကြောင်းမရှိ အကြောင်းရှာ တိုင်းပြည်မှာ အာဏာသိမ်းခဲ့စဉ်က အသက် ၂၇ နှစ်အရွယ်တွင်ရှိသော ဤစာရေးသူ တက္ကသိုလ် စိန်တင်သည် ထိုစစ်တပ်မျိုးဆက်တွေ အုပ်ချုပ်နေကြဆဲ၊ ယခု ၂၀၁၅ ခုနှစ်တွင် အသက် ၈၀ တင်းတင်းပြည့်လေပြီ။ အိုကွယ်သနားစရာကောင်းသည့် စာရေးဆရာကို စိန်တင်၊ စစ်ယူနီဖောင်းဝတ် စစ်ယူနီဖောင်းချွတ်၊ ကိုယ်ရောင်အမျိုးမျိုးလဲလှယ်ပြသော သည်လူတစ်စုလက်အောက်တွင် ကြောက်ကြောက်ရွံ့ရွံ့ အသက်မွေးဝမ်းကျောင်းပြု သင်တုန်းဓားပေါ်က ပျားရည်ကို လျှာနှင့်လျက် အသက်မွေးခဲ့ရရင်း သူတို့အာဏာစက် မကျွတ်မလွတ်သေးသည့် အခါသမယဝယ် အမှန်တကယ်ပဲ အသက်ရှစ်ဆယ်ကြီးများ ပြည့်ခဲ့ပါပြီကောဗျို့။

(၂)

ပြောပါရစေနော်။ နောင်လာနောက်သား စာပေဝါသနာအိုးများ၊ အမှတ်အသားမှားမည် စိုးရိမ်သောကြောင့် တက္ကသိုလ်စိန်တင်၏ မွေးနေ့ခုနှစ် အစစ်အမှန်ကို ယခုလိုဖော်ပြပါရစေ။

တက္ကသိုလ်စိန်တင်ကို ခရစ်နှစ် ၁၉၃၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် အင်္ဂါနေ့၊ ၂၇-၈-၁၉၃၅ မြန်မာသက္ကရာဇ် ၁၂၉၇ ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့ (ဥပုသ်နေ့)တွင်၊ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ဖြူးမြို့၊ အုတ်ဖြတ်လမ်းနေအိမ်၌ ဖခင်ဆရာညွန့်၊ မိခင် ဒေါ်စုစုတို့က မွေးဖွားခဲ့သည်။ ထို့ကြောင့် ယနေ့ကာလ ၂၇-၈-၂၀၁၅ တွင် တက္ကသိုလ်စိန်တင်သည် အသက် ၈၀ တိတိ ပြည့်လေပြီ။ သို့သော် ကိုစိန်တင်က မိမိကိုယ် မိမိ အသက် ၈၀ ပြည့်ပြီ၊ အဘိုးဘွားဖြစ်ပြီဟုကား တစ်ကြိမ်တစ်ခါမျှ မတွေး။ မကြား၊ မပြော၊ မဆို။ မိမိက မှန်သည်ထင်လျှင် အားငယ်ချင်စိတ်လုံးဝမရှိ။

ထို့ကြောင့်ပင် ဟိုတလောက ကြယ်နှစ်ပွင့်တင်ထားသော ယာဉ်ထိန်းရဲအုပ်တစ်ဦးနှင့် တာ၍ မတွေ့ခဲ့ပါ။ သနားစရာဗျာ။

(၃)

၂၇-၈-၂၀၁၅ ကြာသပတေးနေ့မှာ တို့မောင်စိန်တင်ကလေး၊ အသက် ၈၀ ပြည့်မွေးနေ့ဖြစ်သဖြင့် ခါတိုင်း မွေးနေ့အခါသမယ လှူဒါန်းနေကျအတိုင်း ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိသွားသည်။ ထိုနေ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)မှာ တန့်ကြည့်တောင် ဆရာတော်ဘုရားကြီး နိုင်ငံခြားသာသနာပြုတင်နှင့် စိမ့်တို့နှင့်အတူ အဘိုးအဘွားတို့ မေတ္တာပို့ ဆုတောင်းသံကြားနာခံယူရင် ဓာတ်ပုံတွေရိုက်ပျော်ရ၏။

ဪ-မေ့တော့မလို့ဗျို့။ ထိုနေ့က ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ (ငြိမ်း) ဒေါက်တာဒေါ်ခင်မြ (ကွယ်လွန်)၏ ခင်ပွန်း၊ ပညာရေးဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဦးအုန်းခင် ၈၅ နှစ်၊ ယခု ကိုယ့်ကား ကိုယ်တိုင်မောင်းနှင်ဆဲ ပုဂ္ဂိုလ်နှင့်လည်း တွေ့ဆုံရလေသည်။ ခင်မင်ဖွယ်ကောင်းသော ဆရာကြီး ဦးအုန်းခင်မှာ




*တက္ကသိုလ်စိန်တင်၏ ၈၀ ပြည့်နှစ် မွေးနေ့အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဤသို့လှူဒါန်းခဲ့သည်။*

မွေးမြို့နယ် တာမွေဈေး ရှေ့ အိုအေစစ်ဂျာနယ်တိုက်ရှေ့တွင် နင်ဘဲငဆပြော ရန်ဖြစ်သော စကားတွေ ဖွာလန်ကြဲ၊ မိုက်တုန်းမိုက်ဆဲ မိုက်မြဲစာရေးဆရာဆိုသည်ကို ပြခဲ့သေးမဟုတ်လား။ ထိုအကြောင်းကို ခပ်စွာစွာရေး The Hot News ဂျာနယ်၌ ဖော်ပြခဲ့ပါသေးကော။ ဝါခေါင်လပြည့်ကျော် ၁၄ ရက်၊ ဝါခေါင်လကွယ်နေ့၊ မှောင်မိုက်သောနေ့ မွေးသူဖြစ်လို့ မိုက်နေတာဟု စာရေးဆရာမ စိမ့်(ပညာရေး)က စကားနှင့် အုပ်ထည့်ခဲ့ရာ ကိုစိန်တင်ကလေးခမျာ ချေပစရာစကားရှာခရီးကြွလု ဆဲဆဲဖြစ်၍ သွားရောက်ဖူးမြော်နေသောကြောင့် မတွေ့ခဲ့ရ။ တက္ကသိုလ်စိန်တင်နဲ့ စိမ့် (ပညာရေး)တို့ကို ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်သန်း (ငြိမ်း) နှင့်သာ တွေ့ဆုံပြီး မွေးနေ့ အလှူဒါနပြု စကားတွေအများကြီး ပြောရ၏။ အထူးဧည့်သည်တော်၊ ပါမောက္ခ ဒေါက်တာမောင်မောင်ညို၊ ဒေါက်တာနည်းဥမ္မာတို့ ဇနီးမောင်နှံသည် မလေးရှားနိုင်ငံ ကူချင်းမြို့က မြန်မာပြည်ပြန်လာ၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ နှင်းဆီမြိုင် အဆင့်မြင့်ဧည့်ရိပ်သာ၌ တည်းခိုနေထိုင်စဉ်ဖြစ်၍ ကိုစိန်ကိုစိန်တင်၏ ဂျာနယ်ပေါင်းစုံက ဆောင်းပါးတွေဖတ်ပြီး ကောင်းသဗျို့၊ ကောင်းသဗျို့ပြော။ တို့ကိုစိန်တင် ရင်ထဲမှာ ကုလားဘုရားပွဲလှည့်၊ ဝမ်းသာမိသောကြောင့် ပီတိတွေဖြစ်ရပါ၏။

(၄)

ပြောချင်သေးသည်။ စာရေးဆရာဒေါက်တာမောင်မောင်ညို၏ စာအုပ်သစ်တစ်အုပ် ဂုဏ်ထူးစာပေတိုက်မှ ယခုရက်ပိုင်းအတွင်း ထွက်၏။ ရေရေရာရာ ထွေတလာအမည်ရှိ စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ဆရာဒေါက်တာမောင်မောင်ညိုက ကွယ်လွန်သူ လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ဂုဏ်ဒြပ်အပေါ် နှမြောတသမိကြောင်း ရင်ထုမနာရေးခဲ့ရှာသည်။

မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ၌ ရဲရဲဝံ့ဝံ့တိုက်ခဲ့သော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်နေဝင်းခမျာ ခံ့ညားစွာ မသေရရှာဘဲ တိုင်းပြည်အဆင်းရဲဆုံး နိုင်ငံဖြစ်အောင် လုပ်ဆောင်ခဲ့သူဖြစ်၍ အပြစ်တင်ခံရသူဘဝ။ သူ့ဂုဏ်ဒြပ်အတွက် နှမြောတသမိကြောင်း ဆရာဒေါက်တာမောင်မောင်ညိုက အဆိုပါ စာအုပ်၌ရေးသားခဲ့သဖြင့် စိတ်ဝင်စားသူများ အဆိုပါ စာအုပ်ရှာဖတ်သင့်၏။

တစ်ကြိမ်တွင် ရန်ကုန်တက္ကသိုလ် ပညာရပ်စာတမ်းဖတ်ပွဲအပြီး နိုင်ငံတော် သမ္မတ ဦးနေဝင်းက တက္ကသိုလ် ဆရာ၊ ဆရာမများကို ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့၏။ ထိုညစာစားပွဲအပြီး၌ ဦးနေဝင်း၏ ဇနီး ဒေါ်ခင်မေသန်း၏ တင်ပါးကို အရက်ခပ်မူးမူး တက္ကသိုလ် ဆရာတစ်ဦးက နောက်မှ ကျီစယ် ထိုးဆိတ်ကစားမိသဖြင့် သမ္မတဦးနေဝင်းကို တိုင်ကြားစဉ် ဦးနေဝင်းက အနီးရှိ တက္ကသိုလ် ဆရာတစ်ဦးကိုပါးရိုက်ဆုံးမခဲ့ကြောင်း၊ သို့သော် နောက်မှ သိရသည်က သမ္မတဦးနေဝင်း လူမှားပြီး ပါးရိုက်မိ၍ စစ်ထောက်လှမ်းရေးက ပါးရိုက်ခံရသူ တက္ကသိုလ် ဆရာအား တောင်းပန်ရကြောင်း ရေးထားရာ လူဂုဏ်ထံပုဂ္ဂိုလ်ကြီး၏ လွဲမှားသော ဒေါသ၊ စရိုက်၊ သင်ခန်းစာ ယူဖွယ်ဖတ်ရမှာမှတ်ရလေသည်။

ထိုနေ့က တက္ကသိုလ်စိန်တင်၊ စိမ့် (ပညာရေး)တို့၏ မွေးနေ့ဒါနအလှူပွဲသို့ ရောက်လာသူ ဆရာကြီး ဦးအုန်းခင်၏ ဇနီး ဒေါက်တာ ဒေါ်ခင်မြကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးသော ရန်ကုန်တက္ကသိုလ်ကျောင်းနေဖက် ဖြစ်သဖြင့် စိတ်ဝင်စားဖွယ် ကျန်ရစ်သော ဇာတ်လမ်းတစ်ခုရှိ၏။ ယင်းသမိုင်းဝင် ဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။

ရန်ကုန် တက္ကသိုလ်၏ သမိုင်းဝင် ၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်ကြီးတွင် အင်းလျားဆောင်သူများဖြစ်ကြသော မအမာ (နောင်၊ လူထုဒေါ်အမာ)

စာမျက်နှာ (၃၆) သို့

P-30

*စာမျက်နှာ - ၁၀*
*မင်းရွှေမောင် မှ အဆက်*

ရွှား ကျဆင်းသွင်းခြင်းလည်း မရှိခဲ့ပါဘူး။ တရုတ် မိသားစုများရဲ့ ဥစ္စာဓန ငါးပုံတစ်ပုံလောက်ကိုပဲ ရှယ်ယာများဝယ်ယူပြီး ရင်းနှီးမြှုပ်နှံခဲ့ကြတယ်။ သူတို့တစ်တွေ လက်ဖျားငွေသီးချိန်က စားသုံးမှုမြင့်တက်ခြင်း မရှိခဲ့သလို၊ သူတို့စီးပွားရေးပျက်သုဉ်းတော့လည်း စားသုံးမှုက လျော့နည်းမသွားခဲ့ပါဘူး။

စတော့ ဈေးကွက် အခြေအနေကောင်းတုန်းက ကစားသမားအချို့ဟာ ငွေချေးယူပြီး စတော့တွေ ဝယ်ယူခဲ့ကြတယ်။ စတော့ ဈေးကွက်ပြိုလဲတော့ သူတို့တစ်တွေ ကြွေးပြန်မဆပ်နိုင်ဖြစ်ကြမှာ သေချာတယ်။ ဒါပေမယ့် သူတို့ရဲ့ ကြွေးမြီစုစုပေါင်းဟာ ဘဏ်များ အက်ဆက်စုစုပေါင်းရဲ့ တစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ဒါကြောင့် တရုတ် စီးပွားရေး တစ်ခုလုံးကို မထိခိုက်နိုင်ဘူး။

**တိုးတက်လာတဲ့ အိမ်ရာမြေဈေးကွက်**

တရုတ်စီးပွားရေးမှာ စတော့ဈေးကွက်ထက်ပိုပြီး အရေးပါတာက အိမ်ရာမြေဈေးကွက်ဖြစ်ပါတယ်။ တရုတ် ဘဏ္ဍာရေးစနစ်ထဲမှာ လူအများစုဟာ ချေးငွေနဲ့ အိမ်ရာမြေဝယ်ယူ ထားကြတယ်။ ဒါကြောင့် အိမ်ရာမြေဈေးကွက်ဟာ တရုတ်စီးပွားရေးတိုးတက်မှုမှာ ကြီးမားတဲ့ အခန်းကဏ္ဍက ပါဝင်တယ်။ စတော့ ဈေးကွက်မှာ ရှယ်ယာဈေးနှုန်းများ ထိုးကျတဲ့ သတင်းများက ထိပ်တန်းရောက်နေတဲ့အတွက် အိမ်ရာမြေဈေးကွက် ပြန်လည်မြင့်တက်လာတဲ့ သတင်းက နောက်တန်းရောက်သွားတယ်။ အိမ်ဈေးနှုန်းတွေဟာ တရုတ်တစ်နံတစ်လျားမှာ ပြန်လည်သက်ဝင်ရှင်သန်လာတာ သုံးလဆက်တိုက်တောင် ရှိနေပါပြီ။ စတော့ဈေးကွက် ကနဦး ပြိုလဲသွားခဲ့ပြီး နောက်ပိုင်း နှစ်လလုံးလုံး အိမ်ရာမြေဈေးနှုန်းများ ဆက်လက်မြင့်တက်နေခဲ့တယ်။

အခုလို အိမ်ရာမြေဈေးနှုန်းတွေ မြင့်တက်လာတယ်ဆိုပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းတွေ ကြီးကြီးမားမား တိုးတက်လာစရာအကြောင်း မရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆောက်လုပ်ရေးသမားတွေက ဆောက်လုပ်ထားခဲ့ပြီး ရောင်းမထွက်သေးတဲ့ အိုးအိမ်တွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေသေးတယ်။ လွန်ခဲ့တဲ့ နှစ်များက တရုတ်ဆောက်လုပ်ရေးကုမ္ပဏီအတော်များများဟာ သူတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အကြောင်းပြပြီး၊ ဘဏ်ချေးငွေတွေနဲ့ အိမ်ရာအမြောက်အမြား အလုအယက် အပြိုင်အဆိုင် ဆောက်လုပ်ခဲ့ကြတယ်။ ဆောက်လုပ်ခဲ့တဲ့ အိုးအိမ်တွေ များလွန်းလို့ ခုတော့ ရောင်းမထွက်ဘဲ ဖြစ်နေတယ်။

လောလောဆယ် အိမ်ရာမြေဈေးနှုန်းတွေ တည်ငြိမ်နေတဲ့အတွက် အိမ်ရာမြေပူဖောင်းပေါက်ကွဲစရာ အကြောင်းတော့ မရှိသေးပါဘူး။ တကယ်လို့ တရုတ်မှာ အိမ်ရာမြေပူဖောင်းသာ ပေါက်ကွဲခဲ့မယ်ဆိုရင် တရုတ်စီးပွားရေး တစ်ခုလုံး ထိုးကျသွားနိုင်တဲ့ အန္တရာယ်ရှိတယ်။ အမေရိကန်နိုင်ငံမှာ စတော့ဈေးကွက် ပြိုလဲပြီး စီးပွားရေး ကျဆင်းသွားသလိုမျိုး ဖြစ်သွားနိုင်တယ်။ ဒါကြောင့် တရုတ်မှာ အိမ်ရာမြေ ဈေးကွက်က သိပ်ပြီးအရေးကြီးတယ်။

**တရုတ်ဘဏ္ဍာရေး အဆောက်အအုံ**

တရုတ်ဗဟိုဘဏ်က ဩဂုတ်လ ၁၁ ရက်နေ့မှာ ယွမ်ငွေကို တန်ဖိုးလျှော့ချခဲ့တယ်။ တန်ဖိုးလျှော့တာက သိပ်မများပေမယ့် စတော့ဈေးကွက် ဘောင်ဘင်ခတ်နေချိန်မှာ လုပ်ဆောင်ခဲ့ခြင်းဖြစ်လို့ ရင်းနှီးမြှုပ်နှံသူတွေ အထိတ်တလန့် ဖြစ်ကုန်တယ်။ တရုတ်ဘဏ်က ငွေကြေးဈေးကွက်ထဲမှာ အမြဲလိုလို ဝင်ရောက်စွက်ဖက်လေ့ရှိတဲ့အတွက် တစ်နေ့တည်းမှာတင် ငွေလဲနှုန်းက အကြိမ်ကြိမ် ပြောင်းလဲနေတတ်တယ်။ ဒါကြောင့် အခုယွမ် တန်ဖိုးလျှော့ချလိုက်မှုကိုလည်း တရုတ်ဗဟိုဘဏ်က ငွေလဲနှုန်းချိန်ညှိမှု တစ်ရပ်သာဖြစ်တယ်လို့ ယူဆကြတယ်။

ဒါပေမယ့် တရုတ်အစိုးရရဲ့ လုပ်ဆောင်မှုတွေကို စိတ်မချကြတော့ ရင်းနှီးမြှုပ်နှံသူတွေက သူတို့ရဲ့ ငွေတွေကို တရုတ်ဈေးကွက်မှ ရွှေ့ပြောင်းနေကြတယ်။ တချို့ဆိုရင် ဂလိုဘယ်ငွေကြေးစစ်ပွဲ (global currency war) စတင်တော့မှာပဲလို့တောင် ထင်မြင်ယူဆကြတယ်။

တကယ်တော့ တရုတ်ဗဟိုဘဏ်ဟာ ငွေတန်ဖိုးကိုသာ လျှော့ချခဲ့တာ မဟုတ်ဘဲ ဩဂုတ်လ ၂၅ ရက်နေ့က ဘဏ်တိုးနှုန်းကိုပါ လျှော့ချပစ်ခဲ့တယ်။ ပြီးတော့ စီးပွားရေးဘဏ်တွေ အနေနဲ့ တရုတ်ဗဟိုဘဏ်မှာ ထားရှိရမယ့် အပ်နှံငွေပမာဏကိုလည်း လျှော့ချပေးခဲ့တယ်။ ဆိုလိုတာကတော့ ဘဏ်တွေအနေနဲ့ ငွေများများကို အတိုးနှုန်း နည်းနည်းနဲ့ ငွေထုတ်ချေးလာနိုင်အောင် တစ်နည်းအားဖြင့် ဈေးကွက်ထဲမှာ ငွေတွေဖောခြင်းသောခြင်းဖြစ်လာအောင်ဆောင်ကြည်းပေးလိုက်ခြင်းဖြစ်ပါတယ်။

ဒီလိုဆိုပေမယ့် တရုတ်ဗဟိုဘဏ်ရဲ့ စံအတိုးနှုန်းက ၄.၆ ရာခိုင်နှုန်းရှိနေဆဲဖြစ်တဲ့အပြင် ဘဏ်ကြီးတွေက ဗဟိုဘဏ်မှာ အပ်နှံထားရမယ့် အရန်ငွေအချိုး (reserve ratio) က ၁၈ ရာခိုင်နှုန်းရှိတယ်။ ဒါကြောင့် တရုတ်ဗဟိုဘဏ်ဟာ အတိုးနှုန်းနဲ့ အရန်ငွေအချိုးများကို နောက်ထပ်လျှော့ချချင်တယ်ဆိုရင်လည်း လျှော့ချနိုင်သေးတယ်။ ဒီအချက်မှာ တရုတ်တို့က အနောက်နိုင်ငံတွေထက် တစ်ပန်းသာတယ်။ ဗဟိုဘဏ်ရဲ့ မူဝါဒကို ကောင်းကောင်းကြီးကိုင်တွယ်ကစားနိုင်တဲ့ အနေအထားမှာရှိတယ်။

တရုတ်နိုင်ငံမှာ ဘဏ်ကြီးတွေ အများစုက နိုင်ငံပိုင်ဘဏ်တွေ ဖြစ်ကြတယ်။ ငွေကြေးအင်အားတောင့်တင်းတယ်။ အစိုးရက ကျောထောက်နောက်ခံပေးထားတဲ့အတွက် အခိုင်အမာရပ်တည်နိုင်တယ်။ အစိုးရအနေနဲ့ ဒီနှစ်ဘတ်ဂျက်မှာ ဂျီဒီပီရဲ့ ၂.၃ ရာခိုင်နှုန်း လိုငွေပြ (deficit) သုံးစွဲဖို့ လျာထားခဲ့တယ်။ ဒါပေမယ့် သုံးစွဲတာထက် အခွန်အကောက်ဝင်ငွေက ပိုမိုရရှိခဲ့တဲ့အတွက် ဇူလိုင်လအထိ လိုငွေမပြတဲ့အပြင် ပိုတောင်ပိုလျှံနေပါသေးတယ်။ ဒါက ဘာကိုညွှန်ပြသလဲဆိုတော့ တရုတ်ဘဏ္ဍာရေးဟာ တောင့်တင်းခိုင်မာနေဆဲဖြစ်ကြောင်း ဖော်ညွှန်းလျက်ရှိတယ်။

**တရုတ်စီးပွားရေးတိုးတက်မှုဟာ အနာဂတ်မှာ နှေးကွေးသွားနိုင်တယ်လို့ ထင်မြင်ယူဆကြသူတွေလည်းရှိတယ်။ တရုတ်ဟာ အမေရိကန် ဘဏ္ဍာရေးပြဿနာတက်ချိန် ၂၀၀၉ ခုနှစ်မှာ တရုတ်စီးပွားရေး ကျဆင်းမသွားရအောင် နိုးထရှင်သန်ရေး အစီအစဉ်တွေအတွက် ငွေကြေးအမြောက်အမြား သုံးစွဲခဲ့တယ်။ အဲဒီ သုံးစွဲငွေတွေနဲ့ ပတ်သက်ပြီး ဒီကနေ့အထိရှင်းလင်းနေရဆဲဖြစ်တယ်။ ဒါကြောင့် တရုတ်ရဲ့ကြွေးမြီဟာ ဂျီဒီပီရဲ့ ၂၅၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ အချို့က ထောက်ပြတယ်။**



ဒါပေမယ့် တရုတ်စီးပွားရေး တိုးတက်မှုဟာ အနာဂတ်မှာ နှေးကွေးသွားနိုင်တယ်လို့ ထင်မြင်ယူဆကြသူတွေလည်းရှိတယ်။ တရုတ်ဟာ အမေရိကန် ဘဏ္ဍာရေးပြဿနာတက်ချိန် ၂၀၀၉ ခုနှစ်မှာ တရုတ်စီးပွားရေး ကျဆင်းမသွားရအောင် နိုးထရှင်သန်ရေး အစီအစဉ်တွေအတွက် ငွေကြေးအမြောက်အမြား သုံးစွဲခဲ့တယ်။ အဲဒီ သုံးစွဲငွေတွေနဲ့ ပတ်သက်ပြီး ဒီကနေ့အထိရှင်းလင်းနေရဆဲဖြစ်တယ်။ ဒါကြောင့် တရုတ်ရဲ့ကြွေးမြီဟာ ဂျီဒီပီရဲ့ ၂၅၀ ရာခိုင်နှုန်းကျော် ရှိတယ်လို့ အချို့က ထောက်ပြတယ်။ ဒါဟာ လွန်ခဲ့တဲ့ ခုနှစ်နှစ်ကာလကထက် နှစ်ဆပိုများတယ်။

ဒီလိုဆိုပေမယ့် တရုတ်ရဲ့ ဂျီဒီပီဟာ တစ်နှစ်ထက် တစ်နှစ် ပိုမိုမြင့်တက်လာနေတယ်။ ၂၀၁၄ ခုနှစ်က တရုတ်ရဲ့ ဂျီဒီပီဟာ အမေရိကန် ဒေါ်လာ ၁၀.၄ ထရီလီယံရှိခဲ့တယ်။ ကမ္ဘာပေါ်မှာ ဂျီဒီပီ အမြင့်မားဆုံး စံချိန်တင်ထားတဲ့ နိုင်ငံက အမေရိကန်နိုင်ငံဖြစ်ပြီး တရုတ်က ဒုတိယလိုက်တယ်။ ပြီးတော့ တရုတ်ဟာ နိုင်ငံခြားသီးသန့်ရန်ပုံငွေ (foreign currency reserve) အမေရိကန်ဒေါ်လာ ၃.၇ ထရီလီယံ လက်ထဲကိုင်ထားတယ်။ ဂျပန်ထက် သုံးဆလောက် ပိုများတယ်။ တရုတ်ဟာ အရေးအကြောင်းရှိရင် ဒီငွေတွေကို ထုတ်သုံးနိုင်တယ်။

ဒါကြောင့် တရုတ်စီးပွားရေး လောလောဆယ်ကျဆင်းနေတယ်ဆိုတောင်မှ သိပ်ပြီး စိုးရိမ်စရာမရှိပါဘူးလို့ ဆန်းစစ်လေ့လာသူတွေက ထောက်ပြခဲ့ကြပါတယ်။

**မင်းရွှေမောင်**

Ref: (1) The Great fall of china; The Economist, Aug 29,2015
(2) Ian Bremmer: The China Decade; TIME, Aug 31,2015.

# ပကာသနနောက် လိုက်မိအများ နိုင်ငံပါ ပျက်ယွင်းနိုင်သည်

**ဇော်မင်းဗျူဟာတွက်**

အိမ်တစ်အိမ်၊ မိသားစု တစ်ခု၌ မွေးချင်းများသော်လည်း အားလုံး တက်ညီလက်ညီ အလုပ်လုပ်ကြသည်။ ပညာရေးကြိုးစားသူ၊ စီးပွားရှာသူ၊ ဉာဏနှင့် အလုပ်လုပ်သူ၊ ကိုယ်ခန္ဓာအားကိုး အလုပ်လုပ်သူ။ မိမိတို့ ဦးတည်ရာသို့ မှန်မှန် လျှောက်လှမ်း၏။ ထိုမိသားစု အိမ် သည် ပျော်ရွှင်ဖွယ်။ အရာရာ ဖွံ့ဖြိုးလာ၏။ အားကျစရာ မိသားစု။

× × ×

မိသားစုချင်းဖြစ်ပါလျက် မည်သူ့ကိုမှ မကြည့်၊ မိမိကိုယ်မိမိကြည့်ကာ အားထုတ်၏။ မိမိဦးတည်ချက်သာ စိတ်ထဲရှိ၏။ မိမိအလုပ်တာဝန်ကျေစေသည်။ ထိုမိသားစု၏ အောင်မြင်မှုသည် နှစ်ကာလတိုတိုလေးမှာပင် ရုတ်ခြည်းသိသာစွာ ဓန၊ ပညာ၊ စည်းကမ်း၊ ညီညွတ်မှု၊ အရာရာပြီးပြည့်စုံလာ၏။ နမူနာယူစရာ မိသားစု. . .။

× × ×

ထိုမိသားစု၏ စည်းလုံးမှု၊ ဖွံ့ဖြိုးမှု၊ စိတ်ရော၊ ရုပ်ပါတိုးတက်မှု အလုံးစုံကို ရုပ်ဝတ္ထုပစ္စည်းများအရ မြင်နိုင်၍ ရုပ်ဝတ္ထုများကြောင့်ဟု ထင်မှတ်နိုင်သည်။ အမှန်တကယ် အတွင်းစိတ်၏ တည်ငြိမ်မှု၊ အသီးသီး၏ ဦးတည်မှုအပေါ်၌သာ အလေးထားမှုကြောင့် ဖြစ်သည်ဟု ရုတ်ခြည်း မသိနိုင်။ မကြာမီ ထိုမိသားစုအတွင်း ပကာသန ကိစ္စ ပေါ်လာ၏။ ထိုအရာသည် ပျက်စီးမှုသို့ ဦးတည်တော့၏။

× × ×

အလွန်သေးငယ်သော ယူနစ် unit တစ်ခုဖြစ်သည့် မိသားစုသည် နမူနာဖြစ်၏။ ထိုယူနစ်တစ်ခုစီ ပေါင်းသောနိုင်ငံတစ်ခုပုံပေါ်လာသည်။ နိုင်ငံသည်လည်း ယူနစ်တစ်ခုသာ ဖြစ်၏။ ထိုနိုင်ငံသည် ကမ္ဘာ့အဆင့် တစ်နေရာသို့ ရောက်လုနီးဖြစ်လာသည်။ ရုပ်ဝတ္ထုများလာသော် အမှောင့်ပယောဂ ဖြစ်သော ပကာသနဝင်လာ၏။ ထိုပကာသနကို ဖုံးကွယ်၍ မရတော့။ ရုတ်ခြည်းပင် ရောဂါစတင်တော့၏။

× × ×

ပကာသနဆိုသည်မှာ ကြွားဝါခြင်း တစ်မျိုးဖြစ်၏။ နိုင်ငံတစ်ခု၏ ပကာသန ပထမအဆင့်မှာ စီးပွားရေး အဆောက်အအုံ ပြကွက်များ၊ ဒုတိယအဆင့်မှာ ကာကွယ်ရေး အင်အားပြခြင်း၊ လက်နက်များ ဖြည့်ဆည်းခြင်းပြကွက်ဖြစ်၏။ တတိယအဆင့်မှာ မိမိ တို့၌ မည်မျှအင်အားရှိသည်ဆိုသည့်ကြီးမားသော ကြွားဝါမှုတစ်ခုပြုလုပ်ကြသည်။ နမူနာယူဖွယ်ဖြစ်သော်လည်း မည်သူမှ သင်ခန်းစာမယူကြပေ။

× × ×

မိသားစု ယူနစ်၌ ပကာသနများလာသည်နှင့်အမျှ မိသားစုစိတ်ဓာတ်ပျက်စီးနိုင်၏။ နိုင်ငံတစ်ခုပကာသနများလာသည့် အခါတွင်လည်း ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာ၏။ ထိုပြဿနာကို လှည့်မကြည့်ဘဲ ပကာသနဘက် ဦးတည်လိုက်သည့်အခါ မကျေနပ်မှု ဆူညံသံများ ပေါ်ထွက်လာ၏။ ပကာသန လက်နက်ဆိုသည်ကားသူ့နောက်လိုက်မိလျှင် နောက်ဆုတ်၍မရတော့။

× × ×

စားစရာမရှိလောက်အောင် ချွတ်ခြုံကျနေသည့် နိုင်ငံယူနစ်တို့ကား ပထမအဆင့် စီးပွားရေးကို ဘေးဖယ်ကာ ပကာသနဖြင့် ကြွားဝါသည့်အတွက် ပြည်သူငတ်မွတ်၊ ပညာမတတ်၊ ကျန်းမာရေးချို့တဲ့၊ အရာရာအောက်ကျ နောက်ကျဘဝရောက်ကြရသည်။ နိုင်ငံကြီးများပင်လျှင် ပကာသနနောက်လိုက်လျှင် ဒုက္ခတွေ့သည်။ ယခုမကြာမီနိုင်ငံကြီးတစ်ခုဖြစ်ရပ်တွေ့ရတော့မည်။

× × ×

တရုတ်နိုင်ငံသည် လမ်းပြခေါင်းဆောင်။ အနစ်နာခံမှုနောက်သဘောတူလိုက်ကြကာ ရုတ်ခြည်းပင် စီးပွားဖြစ်၊ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်လာ၏။ သို့သော် တစ်ဖက်၌ ပကာသနကို မျှော်ကိုးသည်။ ကြီးမားသောခန်းမ၊ ကြီးမားသော အဆောက်အအုံနှင့် ပကာသန နောက်လိုက်ရာမှ လက်နက်စုဆောင်းသည်။ ထိုအခါမှစ၍ ဝန်ထမ်းများပါ အကျင့်တစ်စချင်းပျက်လာသည်။ လက်နက်စီမံကိန်းဆိုသည် အထိန်းအချုပ်မဲ့၏။ လူသည်လွယ်လျှင် အထိန်းအချုပ်မဲ့တတ်၏။ စည်းကမ်းရှိသော တရုတ်လူမျိုးများ အကျင့်ပျက်တော့သည်။

× × ×

နိုင်ငံယူနစ်တစ်ခု၌ အကျင့်ပျက်မှုသည် လူတန်းစား တစ်ရပ်ဖြစ်လာသည့်အခါ ပို၍ ဆိုးရွားသော လက္ခဏာများဖြစ်ပေါ်လာ၏။ ဥပဒေမဲ့၊ စာရိတ္တပျက်၊ ကိုယ်ကျင့်သိက္ခာမရှိ၊ နောက်ဆုံး လူမျိုးပါ ပျက်သွားနိုင်သည်။ စရိုက်များဖြစ်လာနိုင်သည်။ ပကာသန နောက်လိုက်မိသော တရုတ်နိုင်ငံ စီးပွား ချွတ်ခြုံကျလာတော့သည်။ ထိန်းမနိုင်၊ သိမ်းမရတော့။ အဘယ်ကြောင့်ဆိုသော် လူတန်းစားတစ်ခုက အကျင့်စာရိတ္တပျက်သွား၍ဖြစ်၏။

× × ×

ဆင်းရဲမှုကို ကုစား၍ရသည်။ မကျန်းမာမှုကို ကုစား၍ရသည်။ သို့သော် ကိုယ်တွင်း ထိန်းသိမ်းရမည့် ကိုယ်ကျင့်တရားပျက်ယွင်းသွားသော် မျိုးဆက်ပါ ပျက်စီးခြင်းဖြစ်၍ ကုစား၍ မရနိုင်၊ မိမိနားနေသော မိမိမျိုးဆက်သည် မိမိကို အတုယူ၍ လူဖြစ်လာ၍ဖြစ်၏။ နိုင်ငံယူနစ်တစ်ခုလုံးရစရာမရှိသည့်ဖြစ်ရပ်ကြုံကြရတော့မည်။

(M)

P-28




ကိုယ်ဝန်လွယ် ထားရတော့မယ်လို့သိလိုက်ကတည်းက မေမေ သားကလေးတစ်ယောက်လိုချင် နေခဲ့တယ်။ သားကို မမွေးခင်ကတည်းက မေမေက သားကို ချစ်ခဲ့ရတယ်လေ။ သားလေး ဒီကမ္ဘာမြေပေါ် မရောက်လာမီ တစ်နာရီအတောအတွင်းမှာ မေမေဟာ သေလုမျောပါး ဝေဒနာခံစားရခဲ့တယ်။ ဒါပေမယ့် ဒီဝေဒနာတွေကို လွန်မြောက်နိုင်ခဲ့တယ်။ချစ်ခြင်းမေတ္တာရဲ့ အံ့ဖွယ်တန်ခိုး စွမ်းအားတွေပဲပေါ့။

**ဟော်ရင်းဟော့ကင်း**

ကလေးတစ်ယောက် အမေကို တမ်းတလိုက်သည်နှင့် အမေတိုင်းဟာ အမြဲတမ်း အဆင့်သင့်ရှိနေခဲ့ပြီးဖြစ်သည်။ ကူညီဖေးမပေးသည်။ကာကွယ်စောင့်ရှောက်သည်။ အကြံကောင်း ဉာဏ်ကောင်းပေးတတ်သည်။ အမေသည် ကိုယ်ရောစိတ်ပါ ပြုစုပျိုးထောင်ပေးလေသည်။ အမေတို့သည် သူ့မိသားစုအပေါ် တစ်နေ့လျှင်၂၄ နာရီလုံးလုံး၊ ရက်သတ္တပတ် တစ်ပတ်လျှင် ခုနစ်ရက်လုံးလုံး၊ တစ်နှစ်လျှင် ရက်သတ္တပတ် ၅၂ ပတ်လုံးလုံး ချစ်ခင်မြတ်နိုးခဲ့သည်မှာ ယုံမှားသံသယ ဖြစ်စရာ မရှိပါပေ။

× × ×

ကျွန်တော် အမေ့ကို တမ်းတသတိရနေမိပါသည်။ ဟိုလွန်ခဲ့သော နှစ်ပေါင်းများစွာက အမေကို ပိုင်ဆိုင်ခွင့် ရလိုက်သည်မှာ ကျွန်တော့်အဖို့ တန်ဖိုးအနဂ္ဃဖြစ်၍ မရနိုင်ပါ။ ထိုအကြောင်းကို ပြန်ပြောင်းပြောရမည်ဆိုလျှင် ဖော်ပြစရာ စကားလုံးများရှာ၍ ရနိုင်မှာမဟုတ်ပါ။ အမေသည် သူ့သားငယ် ကျွန်တော့်အား ချစ်လွန်းအားကြီးသဖြင့် စွန့်လွှတ်အနစ်နာခံသွားခဲ့သည့်အကြောင်းကို ပြန်လည်သတိရမိပါတော့သည်။

ထိုစဉ်က ကျွန်တော့်အသက်မှာ ၁၉ နှစ်ရှိနေပြီဖြစ်သည်။ ကျွန်တော်သည် နာဇီအကျဉ်းစခန်းကို အခြားသော ဂျူးလူမျိုး အမြောက်အမြားနှင့်အတူ ထိန်းသိမ်းဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ထိုအကျဉ်းစခန်း၌ ကျွန်တော်တို့ အားလုံး အသက်နှင့်ခန္ဓာ အိုးစားကွဲရတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ရောက်လာတော့မယ့် အချိန်။ ထိုစဉ် အမေရုတ်တရက် ကျွန်တော့်ရှေ့ ထွက်လိုက်ပါသည်။ ပြီးတော့များလှစွာသော လူအုပ်ကြီး အတွင်း၌ လျှပ်တစ်ပြက်အတွင်း ကျွန်တော်နှင့် လူချင်းလဲလိုက်ပါတော့သည်။

ကျွန်တော်လွတ်မြောက်သွားခဲ့ပြီးဖြစ်သော်လည်း အမေကတော့ ကျွန်တော့်ကိုယ်စား လူမသိသူမသိ အသက်စတေးသွားပြီဖြစ်သည်။ ကျွန်တော့်ကို အသက်နှင့်ရင်း၍ မွေးဖွားပေးခဲ့သော အမေ။ ယခု ကျွန်တော့်အသက်ကို ဘဝနှင့် ရင်း၍ လဲပေးသွားခဲ့ပြန်ပါသောအမေ။

× × ×

ထိုအဖြစ်အပျက်မှာ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော့်မှာ အမေ့ကို မေ့ပျောက်၍မရပါ။ အထူးသဖြင့် ကျွန်တော့်အား ပြောခဲ့သော နောက်ဆုံးစကားသံနှင့် အတူ အပြီးအပိုင် နှုတ်ဆက်ထွက်ခွာသွားသည့် အကြည့်ကို ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။

“မေမေ အသက်ရှင်နေရတာ ကြာပါပြီ သားရယ်၊ သားကတော့ ဆက်ပြီး အသက်ရှင်နေဖို့လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားရဲ့ အသက်က ငယ်ငယ်ကလေးရှိသေးတယ်လေ”

တကယ်တော့ သားသမီးများကို မိခင်တိုင်းက တစ်ကြိမ်သာ မွေးဖွားပေးခဲ့ရသည်။ သို့သော် ကျွန်တော့်အတွက်မူ အမေက ဒုတိယ အကြိမ်မွေးဖွားပေးလိုက်သကဲ့သို့ ခံစားနားလည်လိုက်ပါတော့သည်။

**တင်ဆွေမိုး**

Most Kids are born only once by Joseph C.Rosenbaum ကို ဆီလျော်အောင် ပြန်ဆိုပါသည်။

A

F9

# ရေကြီးနစ်မြုပ်မှုနှင့် ရခိုင်ပြည်နယ် စီးပွားရေးအလားအလာ

နှစ်ပေါင်းတစ်ရာခန့်တွင် အဆိုးဝါးဆုံး ရေကြီးနစ်မြုပ်မှုကို ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်က မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်၏ အဓိကဆန်အိုးကြီးများဖြစ်သော ကျောက်တော်မြို့နယ်၊ မြောက်ဦးနယ်နှင့် မင်းပြားမြို့နယ်များမှာလည်း ခံစားခဲ့ကြရသည်။



ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးများသော ဝမ်းစာစပါးများ နေလှန်းနေသည်ကို တွေ့ရစဉ်။

ရေကြီးနစ်မြုပ်မှုမှာ မိုးစပါးစိုက်ရာသီဖြစ်သည့်အတွက် အပင်ထွက်စ စပါးပင်များ ရေနစ်မြုပ်ကာ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်နှင့် မြေပုံမြို့နယ်များရှိ ရေငန် ပုစွန်မွေးကန်များ အားလုံးမှာ ရေနစ်မြုပ်ပျက်စီးခဲ့သည်။

ရေကြီးနစ်မြုပ်မှုကြောင့် ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေငန်းပုစွန်နှင့် ငါးမွေးမြူရေးလုပ်ငန်းများ အဓိကထိခိုက် နစ်နာမှုရှိခဲ့ကြောင်း ရေဘေးသင့် ဒေသများမှ တောင်သူများနှင့် ရေလုပ်ငန်း လုပ်ကိုင်သူများက ဆိုသည်။

ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးများပျက်စီးခြင်းနှင့်အတူ ဒေသခံတောင်သူများတွင် ဝမ်းစာအဖြစ် သိုလှောင်ထားသည့် စပါးများမှာလည်း အားလုံးရေနစ်မြုပ်ကာ စားသောက်ရေးအခက်အခဲများစွာ ကြုံတွေ့ခဲ့ကြသည်။ ရေကြီးနစ်မြုပ်၍ သိုလှောင်ထားသည့် ဝမ်းစာစပါးများ ရေနစ်မြုပ်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်၏ ဆန်ဈေးကွက်မှာ ရိုးရိုးဧည့်မထ ဆန်တစ်အိတ်လျှင် သုံးသောင်းကျော်ထိ ဈေးတက်သွားခဲ့ပြီး ပေါ်ဆန်းမွှေး တစ်အိတ်ကို ငါးသောင်းကျပ်ထိ ဈေးမြင့်တက်နေခဲ့သည်။

ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်းပျက်စီးဆုံးရှုံးမှုကြောင့် မိုးစပါးအမြန်ဆုံး စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ အားသွန်ခွန်စိုက် ပြန်လည်စိုက်ပျိုးခဲ့ကြသော်လည်း လယ်ကွင်းများတွင် ဖုံးလွှမ်းနေသည့် ရွှံ့နွံများကြောင့် စပါးများကို စိုက်ပျိုးသည့် နည်းစနစ်ဖြင့် မစိုက်ပျိုးနိုင်တော့ဘဲ ကြဲပက်သည့် နည်းလမ်းဖြင့်သာ စိုက်ပျိုးနိုင်ကြတော့သည်။

ရခိုင်ပြည်နယ်တွင် သီးနှံ စိုက်ဧကပေါင်း နှစ်သိန်းကိုးသောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှု ပမာဏအများဆုံး ဖြစ်ခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။ ရေမြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးခဲ့ကြသော်လည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း ကြဲပက်သည့် နည်းလမ်းဖြင့်သာ စိုက်ပျိုးခဲ့ရသဖြင့် စပါးရိတ်သိမ်းချိန်တွင် စပါးအထွက်နှုန်းလျော့ကျမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ်မှ တောင်သူများက ပြောသည်။

ယင်းသို့ စပါးအထွက်နှုန်း လျော့ကျနေခြင်းကြောင့် လာမည့် နှစ်တွင် ရခိုင်ပြည်နယ်မှ တခြားပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ပြည်ပသို့ ဆန်တင်ပို့ရမှုမှာလည်း လျော့ကျကာ ဆန်စပါးဈေးများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။ ထိုအထဲတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး နောက်ဆက်တွဲပြဿနာတစ်ခုဖြစ်သည့် စပါးပင် ပိုးမွှားကျရောက်ခြင်းကြောင့်လည်း စပါးအထွက်နှုန်းမှာ လျော့ကျရန် အကြောင်းတစ်ခုဖြစ်နေကြောင်း တောင်သူများက ပြောသည်။

ရခိုင်ပြည်နယ်မှ ဆန်များကို မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်နှင့် မောင်တောနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေရသော်လည်း လာမည့်နှစ်တွင် ပြည်ပသို့ မတင်ပို့နိုင်သည့်အပြင် ဝမ်းစာဆန်မလုံလောက်မည်ကိုပင် စိုးရိမ်နေကြသည်။

လက်ရှိ ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများဖြစ်သည့် ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များတွင် စပါးစိုက် လယ်မြေတချို့တွင် သဲနုန်းများ ဖုံးလွှမ်းခြင်းနှင့် ဒိုက်များဖုံးလွှမ်းခြင်းကို မရှင်းလင်းသည့် လယ်မြေဧက ထောင်ချီရှိနေသေးကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် သီးနှံစိုက်ဧကပေါင်း နှစ်သိန်းကိုးသောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှု ပမာဏအများဆုံး ဖြစ်ခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။ ရေမြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးခဲ့ကြသော်လည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း ကြဲပက်သည့် နည်းလမ်းဖြင့်သာ စိုက်ပျိုးခဲ့ရသဖြင့် စပါးရိတ်သိမ်းချိန်တွင် စပါးအထွက်နှုန်း လျော့ကျမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ်မှ တောင်သူများကပြောသည်။ ယင်းသို့ စပါးအထွက်နှုန်း လျော့ကျနေခြင်းကြောင့် လာမည့်နှစ်တွင်...

သို့အတွက်ကြောင့် ရခိုင်ပြည်နယ်၏ လာမည့်နှစ်စီးပွားရေး အခြေအနေမှာ ယခင်နှစ်များလောက် အဆင်မပြေနိုင်ကြောင်း စီးပွားရေး သုံးသပ်သူများက ပြောသည်။ အဆိုပါ အားနည်းချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆောင်းသီးနှံနှင့် နွေစပါးကို ယခင်နှစ်များထက် တိုးချဲ့စိုက်ပျိုးရန် လိုအပ်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အကြံပြုကြသည်။

အလားတူ ရခိုင်ပြည်နယ်၏ ဒုတိယအဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းမှာလည်း ရေကြီးနစ်မြုပ်ခြင်းကြောင့် ကန်အတွင်းမှ ပုစွန်နှင့် ငါးများမှာ ပင်လယ်ပြင်သို့ လွတ်မြောက်သွားပြီး ရေစီးနှင့်အတူ ပျက်စီးခဲ့ရသည့် တာများကို ပြန်လည်မဆည်ဖို့နိုင်တော့သည့်အတွက် ရေငန်ပုစွန်နှင့် ငါးမွေးမြူရေးလုပ်ငန်းမှာလည်း အလားအလာ မကောင်းနိုင်တော့ကြောင်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မောင်

စာမျက်နှာ (၃၅) သို့



သဲဖုံးသွားသည့် ရေနစ်မြုပ်လယ်မြေများ

P-30

A

F8

# စိန်တုံးတွေဟာ မိုးပေါ်က ကျလာတာမဟုတ်ဘူး



ထက်ကျော်

မိုးပေါ်ကကျလာတဲ့ ခေါင်းဆောင်များကြောင့် အဲဒီတိုင်းပြည် ဆင်းရဲမွဲတေသွားဖူးတယ်။ မိုးပေါ်က ကျလာတဲ့ ခေါင်းဆောင်များကြောင့် အဲဒီတိုင်းပြည်က လူတွေ ဒုက္ခရောက်ဖူးတယ်။ လူတွေကြားမှာ မနေ၊ လူတွေနဲ့ မနီးစပ်ရုံမက လူတွေ လှုပ်ရှားလုပ်ကိုင်နေကြတဲ့ နေရာများလည်း ဘယ်တုန်းကမှ သူတို့ကို တွေ့ရတာမဟုတ်ဘဲ၊ တစ်ခါတလေ သူတို့ဟာ မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ်တွေလို ဌာနတွေ၊ ရုံးတွေ၊ အဖွဲ့အစည်းတွေဆီကို ရောက်လာတတ်တယ်။

သူတို့ရောက်လာတဲ့ နေရာဌာနတွေမှာ သူတို့က အောက်ခြေက ဒါမှမဟုတ် အလယ်အလတ်နေရာလောက်က ဝင်လာတာမဟုတ်ဘူး။ ခေါင်ဆိုတဲ့ နေရာမျိုးကို ရောက်လာတတ်တာ။ တချို့ဆို ခေါင်မိုးပေါ်မှာတောင် မိန့်မိန့်ကြီး

**အစိုးရရဲ့ လုပ်ငန်းပဲဖြစ်ဖြစ်၊ အစိုးရနဲ့ နိုင်ငံခြား ကုမ္ပဏီကြီးငယ်တွေနဲ့ ဖက်စပ်ဆောင်ရွက်ကြတဲ့ လုပ်ငန်းတွေပဲဖြစ်ဖြစ် အဲဒီ မိုးကျရွှေကိုယ်များကြောင့် အောင်မြင်ခဲ့တဲ့ လုပ်ငန်းဆိုတာ လက်ညှိုးထိုးပြစရာမရှိအောင် ဆုံးရှုံးခဲ့ရဖူးတယ်။ အမည်နာမတွေတပ်ပြီး ပြောရရင်မသင့်တာကြောင့် အရိပ်အမြွက်လောက်ပဲ ပြောရတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလုပ်ငန်းတွေက မိုးပေါ်ကကျလာတဲ့ မိုးကျရွှေကိုယ်တွေကြောင့် စုံးစုံးမြုပ်ခဲ့ရဖူးပေမယ့် ခြေထောက်မပါဘဲ ဘောလုံးဝင်ကန်ခဲ့ကြတဲ့ လူကြီးတွေကတော့ အသေအချာကိုပဲ သူဌေးဖြစ်သွားကြတာရှိပါတယ်။**




တွေလေ။ အဲဒီတော့ အောက်ခြေသိမ်းအဆင့်ကနေပြီး အဲဒီဌာနတွေမှာ ဝင်ရောက်ကိုင်ဆောင်ရွက်ခဲ့ပြီး ကိုယ့်ရဲ့ ကျွမ်းကျင်မှုအဆင့်အတန်းအလိုက် နေရာအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ သူတွေက နည်းနည်းမှ ကျေနပ်မှာမဟုတ်ဘူး။ နှာခေါင်းရှုံ့ကြလိမ့်မယ်။

အဲဒီဌာနအဖွဲ့အစည်းကို လည်ပတ်အောင်လုပ်ကိုင်နေတာ၊ တိုးတက်အောင် လုပ်ကိုင်နေတာက အဲဒီဌာနကို အလုပ်ဝင်ကတည်းက ရောက်လာကြတဲ့ သူတွေလေ။

သူတို့ဟာ ဌာနရဲ့ ဆိုးမွေ၊ ကောင်းမွေအားလုံးကို ခါးစည်းခံပြီး ရှိနေတဲ့ အခက်အခဲတွေကြားကနေပြီး ဒီဌာနကို ရေရှည်တည်တံ့အောင် ကြိုးစားလုပ်ဆောင်ခဲ့ရတာ။ တိုးတက်အောင် လုပ်ကိုင်ခဲ့ရတာ၊ အခုဆိုရင် တချို့က အငြိမ်းစားယူရတော့မယ့် အသက်ခြောက်ဆယ်ဝန်းကျင်တွေတောင် ရှိကြရော့မယ်။ ဒီအချိန်ရောက်မှ သူတို့ခေါင်းပေါ်ကို မိုးကျရွှေကိုယ်တွေကျလာတယ်ဆိုတော့ ဘယ်မှာသင့်တော်ပါမလဲ။

လုပ်ငန်းခွင်ထဲမှာ ကျားကုတ်ကျားခဲ့လုပ်ကိုင်ခဲ့ကြတဲ့ သူတွေ။ ကျရာတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ပြီး အလွန်နွေးကွေးတဲ့ နှုန်းနဲ့ ရာထူးတက်ခဲ့ရတဲ့သူတွေ၊ အရည်အချင်းရှိပေမယ့် ဘယ်ဌာနကိုမှ မပြောင်းမရွှေ့ဘဲ မူရင်းဌာနမှာပဲ ဘုတ်ထိုင်ထိုင်ပြီး အလုပ်နေကြတဲ့ သူတွေ၊ အဲဒီလူတွေ ရှိရာဌာနကို မိုးပေါ်က ပြုတ်ကျလာတဲ့ လူတွေက အကောင်ကြီးကြီး အမြီးရှည်ရှည်ပုံသဏ္ဍာန်နဲ့ ရောက်လာကြတော့ မူလလက်ဟောင်း ဝန်ထမ်းကြီးငယ်တွေ ဘယ်လိုခံစားရမလဲ။

အရင်တုန်းက ဌာနအသီးသီးကို ‘အထူးအရာရှိ’ဆိုတဲ့ မိုးကျရွှေကိုယ်တွေရောက်ဖူးတယ်။ ဌာနရဲ့ အပေါ်ထပ်အဆောက်အအုံမှာ နေရာယူကြတာ။ သက်ဆိုင်ရာများက တာဝန်ပေးလိုက်တာ ဆိုတော့ ဘာတတ်နိုင်မှာလဲ၊ အရာရှိအခန်းများထဲက ကုလားထိုင်မြင့်မြင့်ကြီးတွေမှာ ထိုင်ပြီးဌာနရဲ့ လုပ်ငန်းတွေကို တတ်ကျွမ်းနားလည်မှုမရှိဘဲ သူတို့တစ်တွေ စီမံခန့်ခွဲကြတော့တယ်။ မဆိုးပါဘူး။ အဲဒီဌာနက လုပ်ငန်းတွေဟာ နှစ်အချို့အတွင်းမှာပဲ ကုန်းကောက်စရာမရှိအောင် အရှုံးပေါ်ခဲ့ရဖူးတယ်။ မယုံမရှိနဲ့၊ မဝေးလှတဲ့ အတိတ်မှာ ကြုံခဲ့ရတာ။

အစိုးရရဲ့ လုပ်ငန်းပဲဖြစ်ဖြစ်၊ အစိုးရနဲ့ နိုင်ငံခြား ကုမ္ပဏီကြီးငယ်တွေနဲ့ ဖက်စပ်ဆောင်ရွက်ကြတဲ့ လုပ်ငန်းတွေပဲဖြစ်ဖြစ် အဲဒီ မိုးကျရွှေကိုယ်များကြောင့် အောင်မြင်ခဲ့တဲ့ လုပ်ငန်းဆိုတာ လက်ညှိုးထိုးပြစရာမရှိအောင် ဆုံးရှုံးခဲ့ရဖူးတယ်။ အမည်နာမတွေတပ်ပြီး ပြောရရင်မသင့်တာကြောင့် အရိပ်အမြွက်လောက်ပဲ ပြောရတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလုပ်ငန်းတွေက မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ်တွေကြောင့် စုံးစုံးမြုပ်ခဲ့ရဖူးပေမယ့် ခြေထောက်မပါဘဲ ဘောလုံးဝင်ကန်ခဲ့ကြတဲ့ လူကြီးတွေကတော့ အသေအချာကိုပဲ သူဌေးဖြစ်သွားကြတာရှိပါတယ်။

တံငါသည်ကို အထူးအရာရှိလုပ်ပြီး လေယာဉ်မောင်းခိုင်းလို့ မရပါဘူး။ ဒီအတိုင်းပဲ မုဆိုးကို အထူးအရာရှိလုပ်ပြီး ဓမ္မကထိက လုပ်ခိုင်းလို့မရပါဘူး။ သုံးပင်အိမ်လောက်သာ ဆောက်တတ်တဲ့ တောလက်သမားကို ကွန်ဒိုမီနီယံ ဆောက်ခိုင်းလို့မရပါဘူး။

အဲဒီလို မရနိုင်တဲ့၊ မဖြစ်နိုင်တဲ့ ကိစ္စတွေကို ဖြစ်အောင်လုပ်နိုင်သလိုလိုနဲ့ ရောက်လာကြတဲ့ သူတွေဟာ မိုးကျရွှေကိုယ်တွေပါပဲ။ သူတို့ တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်၊ မဆောင်ရွက်နိုင်တာကို မသိဘဲ သူတို့တစ်တွေကို မန်းမှုတ်လွှတ်လိုက်တဲ့ လူတွေကို အပြစ်တင်ရမလား။ ‘ကချင်လို့ ကိုယ်ယား’နေကြတဲ့ မင်းသားရူးတွေကို အပြစ်တင်ရမလားတော့ မသိပါဘူး။ သေချာတာကတော့ သက်ဆိုင်ရာ လုပ်ငန်းခွင်နဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေကို တကယ်တတ်ကျွမ်း နားလည်တာမဟုတ်ဘဲ တတ်သလိုလိုနဲ့ ဝင်ပြီးတာဝန်ယူကြတော့ နစ်နာဆုံးရှုံးမှုတွေကို တွေ့ကြုံနေရခြင်းပါပဲ။

တကယ်တော့ ဘယ်ဌာနမှာဖြစ်ဖြစ်၊ ဘယ်ရုံးမှာဖြစ်ဖြစ် တကယ်တတ်ကျွမ်းနားလည်ပြီး တကယ်တော်တဲ့ လူတွေ၊ တစ်နည်းအားဖြင့် တကယ်တတ်ကျွမ်းနားလည်တဲ့ သူတွေရောက်နေရင် ကောင်းပါတယ်။ သူတို့ဟာ မိုးပေါ်ကကျလာတာ မဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေမှာ ထုသားပေ သားကျအောင် နေထိုင်လှုပ်ရှားခဲ့ကြတယ်။ လောကဓံရဲ့ အထုအထောင်းတွေကို ခံကြရင်းမှ အဲဒီနေရာကို ရောက်ခဲ့ကြရတာမျိုးဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ စိန်တွေလိုပါပဲ။

ဟုတ်တယ်လေ၊ စိန်ဆိုတာ မိုးပေါ်က ကျလာတာမဟုတ်ဘူး။ မြေကြီးထဲက လာတာ၊ မြေကြီးထဲမှာတောင် အထုအထောင်း၊ အနှိပ်ခံရပြီးမှ ထုသားပေသားကျပြီး စိန်ဖြစ်လာရတာ။ အဲဒီဘဝက ပေါ်ပေါက်လာတဲ့လူတွေ ခေါင်းဆောင်တွေဟာ တကယ်အရည်အချင်းရ

စာမျက်နှာ (၃၆) သို့

P-28

A

F8

# ဝတ္ထုတိုင်းဟာ စာရေးဆရာရဲ့အကြောင်းမဟုတ်ပါ



ဒေါက်တာခင်မောင်လတ် (ရွှေမြန်မာ)

**အခြေခံဂုဏ်ရည်အမှား**
(Fundamental Attribution Error)

သတင်းစာကို လှန်ပြီးဖတ်ကြည့်လိုက်ပါ။ နောက်ထပ်တာဝန်ခံအရာရှိ (CEO) တစ်ယောက် ညံ့ဖျင်း မှားယွင်းမှုကြောင့် ရာထူးကနေဖြုတ်ချလိုက်တဲ့ သတင်းတစ်ပုဒ်ကို တွေ့ရလိမ့်မယ်။

အားကစားကဏ္ဍမှာ ခင်ဗျားအားပေးနေတဲ့ အသင်းအောင်ပွဲခံလိုက်တာကို ဖတ်ရပြီး အားကစားသမားမောင်တင့်ကို ကျေးဇူးတင်ရမလား၊ နည်းပြဦးမြင့်ကို ကျေးဇူးတင်ရမလားဆိုပြီး တွေးစရာတွေဖြစ်သွားတယ်မဟုတ်လား။

သမိုင်းစာအုပ်တွေကို ဖတ်ကြည့်ရင် ၁၈၀၀ ခုနှစ်တွေက ပြင်သစ်စစ်တပ်ရဲ့ အောင်ပွဲတွေဟာ နပိုလီယမ်ရဲ့ ထူးခြားတဲ့ ခေါင်းဆောင်မှုနဲ့ နည်းဗျူဟာတွေ ကြောင့် ဖြစ်တယ်လို့ ရေးထားတာ တွေ့ရပါလိမ့်မယ်။

"အဖြစ်အပျက်တိုင်းမှာ ပြစရာတစ်ခုစီရှိရမယ်" ဆိုတာ သတင်းဌာနတွေရဲ့ သံမဏိစည်းမျဉ်းပါ။ လူဆိုတဲ့ ရှုထောင့်ကနေ ကြည့်ရင်တော့ ဂျာနယ်လစ်တွေရော၊ သူတို့ရဲ့ စာဖတ်သူတွေရော ဟာ အမြဲတစ်ဆင့်လောက် ပိုပိုသာသာလေးရေးကြ၊ တွေးကြနဲ့ အခြေခံဂုဏ်ရည် အမှား (Fundamental Attribution Error) ကို ကိုးကွယ်သူတွေ ဖြစ်တယ်ဆိုတာကို တွေ့ရလိမ့်မယ်။ အဲဒါက ဘာဖြစ်လာသလဲဆိုရင် တစ်ဦးချင်းစီရဲ့ အခန်းကဏ္ဍကိုပဲ ပိုပိုသာသာလေးတွက်ပြီး၊ အပြင်က အခြေအနေနဲ့အကြောင်းအချက်တွေကို လျှော့တွက်သလို ဖြစ်လာတော့တယ်။

၁၉၆၇ ခုနှစ်က ဂျူခ်တက္ကသိုလ်က သုတေသနပညာရှင်တွေက စမ်းသပ်မှုတစ်ခုလုပ်ခဲ့ကြတယ်။ စမ်းသပ်မှုမှာပါဝင်မယ့်သူတွေကို ကျူးဘားကွန်မြူနစ်နိုင်ငံခေါင်းဆောင်ဖီဒယ်လ်ကစရိုဟာ သူရဲကောင်းလား၊ လူဆိုးလားဆိုပြီး ငြင်းခုံထားတဲ့အကြောင်းကို ရေးထားတဲ့ စာအုပ်ကို ဖတ်ခိုင်းတယ်။ သူတို့ကို စာအုပ်ရေးသူ ဟာ သူ့ရဲ့တကယ့်နိုင်ငံရေးအမြင် ကို ထည့်မစဉ်းစားဘဲ ရှေ့နောက် ညီညွတ်နေတဲ့ ငြင်းခုံချင်စရာ ကိစ္စသက်သက်လေးကိုသာ ရေးထားကြောင်းကိုတော့ အသိပေးထားတယ်။

အခြေခံဂုဏ်ရည်အမှား (Fundamental Attribution Error) ဆိုတာ အပျက်သဘော ဆောင်တဲ့ အဖြစ်အပျက်တွေကို ခြုံကြည့်ဖို့ ကိစ္စအတွက်တော့ အတော်လေးအသုံးဝင်ပါတယ်။ ဥပမာ- စစ်ပွဲတွေအတွက် 'အပြစ်' ဖို့စရာရှာတော့မယ်ဆိုရင် ဘာမှထူးထူးထွေထွေ မစဉ်းစားတော့ဘဲ တစ်ယောက်ယောက်အပေါ်ကို အပြစ်တွေပုံချပစ်လိုက်ကြတာပဲ။ ပထမ ကမ္ဘာစစ်ပွဲအတွက် ဆာရာယေဗိုက လူသတ်သမားကို အပြစ်တင်လိုက်တယ်။ ဒုတိယကမ္ဘာစစ်အတွက် ဟစ်တလာကို တစ်ဖက် သတ်အပြစ်တွေဖို့ပစ်လိုက်တာမျိုးပေါ့။

လူအတော်များများက (သမိုင်းဆရာတွေလည်းပါတယ်) ဒီလိုအလွယ်နည်းလမ်းကို လိုက်တတ်ကြတယ်။ အမှန်က ကမ္ဘာစစ်ဆိုတာ ကျွန်တော်တို့တစ်တွေ အပြည့်အစုံနားမလည်နိုင်တဲ့၊ မမျှော်လင့်တဲ့၊ မမြင်ရတဲ့၊ မရေတွက်နိုင်တဲ့အခြေအနေတွေအများကြီးကြောင့်ဖြစ်ရတာပါ။ စီးပွားရေး ဈေးကွက်လို၊ ရာသီဥတုအပြောင်း အလဲလိုပဲလို့ ပြောရင် သဘောတူမလား။

ကုမ္ပဏီတွေက ဘတ်ဂျက်နှစ်အကုန်မှာ လုပ်တတ်တဲ့ အရှုံးအမြတ်ကိစ္စကြေညာတဲ့အခါမှာ တွေ့ရတဲ့ ပုံစံအတိုင်းပါပဲ။ အားလုံးရဲ့ မျက်လုံးတွေက အဖြေဘာလဲ ဆိုတာ သိထားတာတောင်မှ CEO ရဲ့ ရုံးခန်းဘက်ကို ရောက်နေတတ်ကြတယ်။ စီးပွားရေးအောင်မြင်မှုဆိုတာ ထွန်းပြောင်တဲ့ ခေါင်းဆောင်မှုထက် စီးပွားရေးအားလုံးရဲ့ အခြေအနေနဲ့ ဖွံ့ထွားစည်ပင်မှု အပေါ်မှာပဲ တည်နေတာပါ။ ခပ်ယိုင်ယိုင်စက်ရုံတွေရော၊ ဖြစ်ထွန်းအောင်မြင်တဲ့ ကုမ္ပဏီတွေမှာရော ဘာလို့သူတို့ရဲ့ CEO တွေကို မကြာမကြာအပြစ်တင်တာလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ခပ်ယိုင်ယိုင်စက်ရုံတွေက အလုပ်သမားခေါ်ခန့်တဲ့ကိစ္စမှာ ဂရုစိုက်မှုနည်းပါးလို့လား။ အဲဒီဆုံးဖြတ်ချက်တွေဟာ ဘောလုံးနည်းပြနဲ့ဘောလုံးသမားတွေကြားမှာ ဖြစ်ပျက်နေတာထက်ပိုပြီး ကျိုးကြောင်းကျမဖြစ်ပါဘူး။

ကျွန်တော်ဟာ မကြာမကြာ ဂီတဖြေဖျော်ပွဲတွေကိုသွားတတ်တယ်။ ဆွစ်ဇာလန်နိုင်ငံအလယ်ပိုင်းမှာရှိတဲ့ ကျွန်တော့်ဇာတိလူဆာနီမှာ တစ်နှစ်မှ တစ်ခါလောက်လုပ်တတ်တဲ့ ဂန္ထဝင်ဂီတပွဲတစ်ခုက ကျွန်တော်ရဲ့ ပုံမှန်အတွေးတွေကို ဖျက်ဆီးခဲ့တယ်။ အားလပ်ချိန်အနားပေးတဲ့ အတောအတွင်း ပွဲလာကြည့်တဲ့ လူတွေပြောဆိုနေကြတာက တီးဝိုင်းကို ဦးစီးသူ (Conductor) နဲ့ တပင်တိုင်တီးတဲ့သူ (Soloists) အကြောင်းတွေချည်းပဲ။ တကယ့်ပင်ရင်းဖြစ်တဲ့ တေးရေးသူနဲ့ တေးသွားအကြောင်းကိုတော့ ဘယ်သူမှ မဆွေးနွေးကြဘူး။ ဘာဖြစ်လို့လဲ။

တကယ်က ဂီတရဲ့ တကယ့်အံ့စရာအနှစ်သာရက တေးသွားဖွဲ့နွဲ့မှုတွေ၊ သံစဉ်တီထွင်ဖန်တီးမှုတွေ၊ ခံစားမှုတွေနဲ့၊ စည်းဝါးနရည်ကျနမှုတွေပါ။ တေးသွားတွေ တစ်ခုနဲ့ တစ်ခုမတူရအောင်စပ်ဆိုတတ်မှုဟာ တေးသွားတစ်ခုတည်းကို တူရိယာ အမျိုးမျိုးနဲ့ တီးခတ်ဖျော်ဖြေကြတာထက် အဆရာထောင်မက အထင်ကြီးလေးစားစရာကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေဟာ အဲဒီအတိုင်းမစဉ်းစားကြပါဘူး။ တေးသွားဟာ ဦးစီးသူနဲ့ တီးခတ်ဖျော်ဖြေသူတွေအပေါ်မှာ မူတည်နေတယ်လို့ ထင်တတ်ကြတာ။ လွဲလိုက်လေခြင်း။

ဝတ္ထုရေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော်လည်း အခြေခံဂုဏ်ရည်အမှား (Fundamental Attribution Error) ကို တွေ့ကြုံခဲ့ရဖူးတယ်။ စာဖတ်သူတွေက ကျွန်တော့်ဝတ္ထုကို ဖတ်ပြီးလို့ရှိရင် အဖြေရအတော်ခက်တဲ့ မေးခွန်းတစ်ခုကို ပထမဆုံးမေးတတ်ကြတယ်။ တကယ်ပထမဆုံးပါ။ "ဆရာ ဝတ္ထုရဲ့ ဘယ်အပိုင်းဟာ ဆရာ့အကြောင်းလဲဆရာ"ဆိုတဲ့ မေးခွန်းပါ။ အဲဒီမေးခွန်းမျိုးအမေးခံရတိုင်း "ဒုက္ခပါပဲ၊ ဒါ ကျွန်တော့်အကြောင်းမဟုတ်ဘူး၊ ဒါဟာစာပေပါ၊ ဝတ္ထုဇာတ်လမ်းတစ်ခုပါ၊ စာအုပ်တစ်အုပ်ပါ"လို့ အော်ဟစ်ပြီး မိုးကြိုးပစ်သလို ပေါက်ကွဲပစ်ချင်မိတယ်။ ဒါပေမယ့် ကျွန်တော် သင်ကြားဆုံးမခံထားရတဲ့အခြေခံတွေက အဲဒီလို ပေါက်ကွဲမှုမျိုးဖြစ်အောင် ခွင့်မပြုပါဘူး။

ကျွန်တော်တို့ဟာ အဲဒီ အခြေခံဂုဏ်ရည်အမှား (Fundam-ental Attribution Error) ကို အပြစ်တင်ဖို့တော့ မြန်မြန်ဆန်ဆန်မဆုံးဖြတ်သင့်ပါဘူး။ ကျွန်တော်တို့ရဲ့ စိတ်ဆန္ဒစောမှုဟာ အသက်ရှင်နေထိုင်နိုင်ဖို့အတွက် အုပ်စုအဖွဲ့အစည်းထဲမှာ ရှိနေဖို့ လိုအပ်တယ်ဆိုတဲ့ တိုးတက်လာတဲ့အတိတ် (Evolutionary Past) က ဝိတ်ပင်တားဆီးထားလို့ပါ။

ကျွန်တော်တို့ရဲ့ ဘဝတွေ
တိုးတက်ဖို့အတွက်
တခြားသူတွေအပေါ်
အများကြီးတည်နေပါတယ်။
အဲဒါကြောင့်လည်း ဒီကနေ့
ကျွန်တော်တို့ဟာ
အပေါင်းအသင်းမိတ်ဆွေတွေနဲ့
ပတ်သက်ပြီး စိတ်ဖိစီးမှုတွေ
ခံစားနေရတာပါ။
အဲဒီစွဲလမ်း ချစ်ခင်ခြင်းရဲ့
အကျိုးဆက်က ကျွန်တော်တို့ဟာ
အချိန်တွေရဲ့ ၉၀%ကို
တခြားသူတွေအကြောင်း
စဉ်းစားတွေးတောရင်း
ကုန်ဆုံး သွားတတ်ကြပြီး ၁၀%ပဲ
တခြားကိစ္စတွေအတွက်
သုံးနေတာကို တွေ့ရပါတယ်။

လူဦးရေပွား များလာဖို့ ရန်သူကို ခုခံတွန်းလှန်ဖို့၊ အကောင်ကြီးကြီးတွေကို အမဲလိုက်ဖို့ဆိုတဲ့ ကိစ္စမျိုးတွေဟာ တစ်ယောက်တည်းလုပ်လို့ရကောင်းတဲ့ အရာတွေမဟုတ်ပါဘူး။ အများနဲ့၊ အုပ်စုနဲ့လုပ်မှရတတ်တာမျိုးပါ။ အဲဒါကြောင့် အုပ်စုကနေ နှင်ထုတ်ခံရတယ်ဆိုတာ သေချာပေါက်သေဖို့ပဲရှိတာပါ။ အနည်းစု ဖြစ်ပေမယ့် စွန့်စားချင်တဲ့ ဘဝမျိုးကိုမှ ရွေးချယ်ထားတဲ့ လူစွမ်းကောင်းတွေလည်း အုပ်စုကနေခွာလိုက်တာနဲ့ မျိုးဆက်ဆိတ်သုဉ်းတဲ့ အဖြစ်ကို ရောက်တတ်ကြပါတယ်။

အတိုချုံးပြောရရင် ကျွန်တော်တို့ရဲ့ ဘဝတွေ တိုးတက်ဖို့အတွက် တခြားသူတွေအပေါ် အများကြီးတည်နေပါတယ်။ အဲဒါကြောင့်လည်း ဒီကနေ့ ကျွန်တော်တို့ဟာ အပေါင်းအသင်းမိတ်ဆွေတွေနဲ့ ပတ်သက်ပြီး စိတ်ဖိစီးမှုတွေခံစားနေရတာပါ။ အဲဒီစွဲလမ်းချစ်ခင်ခြင်းရဲ့အကျိုးဆက်က ကျွန်တော်တို့ဟာ အချိန်တွေရဲ့ ၉၀% ကို တခြားသူတွေအကြောင်း စဉ်းစားတွေးတောရင်း ကုန်ဆုံးသွားတတ်ကြပြီး ၁၀% ပဲ တခြား ကိစ္စတွေအတွက်သုံးနေတာကို တွေ့ရပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာက ကမောက်ကမရယ်စရာ

စာမျက်နှာ (၃၃) သို့

# သဘာဝအလှ တန်ဖိုး

## ခင်မောင်တိုး (မိုးမိတ်)

*လူသွားလမ်းမဲ့ သစ်တောတွေထဲမှာ ပျော်စရာရှိတယ်။ လူသူမဲ့တဲ့ ပင်လယ်ကမ်းခြေမှာ ပီတိကို ခံစားရတယ်။ ဘယ်သူမှ မကျူးကျော်တဲ့နေရာမှာ အဖွဲ့အစည်းရှိတယ်။ ပင်လယ်ရဲ့ဘေးမှာ ပင်လယ်အော်သံထဲက ဂီတကိုသာ နားထောင်နေရရင် လူတွေပေါ် အချစ်လျော့မသွားပေမယ့် သဘာဝကိုတော့ ပိုချစ်မိပါတယ်။*

**ဂျော့ဂေါ်ဒန် လော့ဘိုင်ရွန်**

ကမ္ဘာတည်စကတည်းက အောင်မြင်မှုသရဖူတွေကို ဆောင်းနိုင်ခဲ့ကြတဲ့ မဟာအမျိုးသားကြီးများမှာ တူညီနေသော အရာတွေ အများအပြားရှိကြတယ်။ သူတို့ဟာ သူတို့ ပိုင်အချိန်အတွင်းမှာ အောင်မြင်ရေး စည်းမျဉ်းတချို့ကို လက်တွေ့ အသုံးချခဲ့ကြတယ်။ ဒီလိုလက်တွေ့ အသုံးချခဲ့ကြလို့လည်း သူတို့ဟာ မှတ်သားအောင်မြင်မှုတွေ ထင်ပေါ်ကျော်ဇောခြင်းတွေ ပိုင်ဆိုင်ခဲ့ကြတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးများထဲက အများစုဟာ သဘာဝကို ချစ်မြတ်နိုးတတ်သူတွေပါပဲ။ ဘာလို့ သဘာဝကို ချစ်ကြသလဲဆိုတော့ တောတောင်တွေ၊ ပင်လယ်ကမ်းခြေတွေက သူတို့သူတို့ကို ကြီးမားသော တီထွင်ဖန်တီးလိုစိတ်တွေ မွေးဖွားပေးလို့ပါပဲ။

မြို့ပြဆိုင်ရာ အချိန်လမ်းကြောင်းဟာ ကျွန်ုပ်တို့ကို တိုက်ခိုက်တော့မယ့် အနေအထားမှာရှိနေပါတယ်။ တောင်တွေပေါ်၊ တောပိုင်းဒေသများနဲ့ ပင်လယ်ကမ်းခြေများသို့ မကြာခဏသွားရောက်လည်ပတ်ခဲ့လို့ရလာတဲ့ အကျိုးအမြတ်တွေဟာလည်း မကြာခဏ ပိုပိုပြီး တိုက်ယူခံလာခဲ့ကြရတယ်။ စီးပွားရေးလုပ်ငန်းကို ပထမဦးစားပေးနိုင်ဖို့ ရုန်းကန်ကြိုးစားရာမှာ ကျွန်ုပ်တို့ဟာ အလှအပ၊ ပျော်ရွှင်ရေး၊ အပန်းဖြေရေးတွေကို ခံစားခွင့်မရနိုင်တော့လောက်အောင် ပိတ်ဆို့ခံထားရပါတယ်။

ဟိုစဉ်တုန်းကတော့ သဘာဝလောကရဲ့ အလှအပတွေဆီက အပြန်မှာဘဝဟာ ပိုသက်သောင့်သက်ရှိလာသလို၊ ပိုလန်းဆန်းသစ်လွင်လာသလို ခံစားကြရပါတယ်။ တကယ်လည်း ကျွန်ုပ်တို့ဟာ အပြင်လောကထဲမှာ၊ ဥယျာဉ်တွေထဲမှာ ပန်းခြံတွေထဲမှာ၊ တောပိုင်းဒေသတွေမှာ သစ်ပင်တွေ၊ ရေကန်တွေ၊ ကျောက်စရစ်ခဲလေးတွေ၊ ပင်လယ်ခရုခွံလေးတွေ၊ သဲသောင်တွေ၊ ပင်လယ်ကမ်းခြေတွေရှိရာ မကြာခဏသွားဖို့ အချိန်မရနိုင် တော့ဘူးဆိုရင် ကျွန်ုပ်တို့မှာ အလုပ်နဲ့ နပန်းလုံးနေရလို့ အမြဲအလုပ်ရှုပ်နေတော့မှာ သေချာပါတယ်။ ဝါရှင်တန်အာရဗင် (washington Lrving) က "သစ်တောရှုခင်းထဲမှာ စိတ်ငြိမ်မှုနဲ့ မပျက်ပြယ်နိုင်တဲ့ ခမ်းနားထည်ဝါမှုတွေရှိပါတယ်။ ဒါတွေဟာ ဝိညာဉ်ထဲဝင်လာပြီဆိုရင် လိုအင်ဆန္ဒနဲ့ အထုံဝါသနာတွေလည်း တစ်ပါတည်းဝင်လာတော့တာပဲ" လို့ ပြောခဲ့ပါတယ်။ အမ်မာဆင် (Emerson) ကလည်း "မြတ်နိုးကိုးကွယ်တတ်တဲ့ သင်ခန်းစာကို သဘာဝထံမှ သင်ယူတဲ့သူဟာ အပျော်ဆုံး လူပါပဲ"လို့ မိန့်ဆိုခဲ့ပြန်ပါတယ်။ ဒါတွေကတော့ စိတ်သဘောထားကြီးမြတ်ကြတဲ့ ပုဂ္ဂိုလ်ကျော်တွေ သဘာဝလောကထဲမှာ တွေ့ရှိလိုက်ကြတဲ့ အံ့ဖွယ်ဘဝ ရေစီးကြောင်းပါပဲ။ ဒီရေစီးကြောင်းမှာ ထူးခြားဆန်းကျယ်တဲ့ စွမ်းရည်တစ်မျိုးပါ ရှိနေပါတယ်။ အဲဒါကတော့ ရောဂါဘယ အားလုံးအတွက် တောနစ် (Tonic) တစ်မျိုးပဲ ဖြစ်ပါတယ်။

**ဝန်ခံချက်။** ။ Sidney Newton Bremer (Ph.D) ၏ 366 Self Notivating Essays များမှ ထုတ်နုတ်ပြန်ဆိုပါသည်။

---

ချမ်းမြေ့မေတ္တာ
တို့ပြန်ပါသည်
စံဇာကဂိဘိ
ဖုန်း-၀၁-၆၄၃၁၆၉၃

ဈေးကွက်ပေဒင်
# အဋ္ဌဟောကိန်း
၂၄-၉-၂၀၁၅မှ ၃၀-၉-၂၀၁၅အတွင်း

### တနင်္ဂနွေ

ငွေကုန်များမည်။ အပျော်အပါး ဦးစားပေးသောသူများနှင့် ဆက်ဆံရတတ်သည်။ လက်တွေ့ကျကျ လုပ်ကိုင်၍ တိုးတက်မှုများကြုံမည်။ လုပ်ငန်းဟောင်းတစ်ခုရပ်၍ လုပ်ငန်းသစ်စတင်သူ တစ်ဦးအား လိုက်လံကူညီပေးရခြင်းကြုံမည်။ သူတစ်ပါး ကိစ္စအတွက် အချိန်ပေးဆောင်ရွက်ရလိမ့်မည်။ ယခင်က ဆောင်ရွက်ထားပြီး မေ့မေ့လျော့လျော့ဖြစ်နေသည့် လုပ်ငန်းတစ်ခုမှ ထူးခြားသည့် အကျိုးကောင်းရမည်။ မိတ်ဆွေအကြီးအကဲများအကူအညီရမည်။
ယတြာ-မွေးနေ့တွင် ရေကန်တစ်ခုကို နောက်ခံထားပြီး မိမိဓာတ်ပုံရိုက်ကူးပြီး Photostand နဲ့ထောင်ထားပါ။

### တနင်္လာ

တစ်ပါးသူ၏ အကဲဖြတ်မှုအောက်တွင် ရောက်ရှိနေသည်။ ရန်မနာလို အပြိုင်အတိုက်အခံပြုသူများဝန်းရံနေသည်။ အမှားတစ်ချက်ကြုံသည်နှင့် ဖြေရှင်းရန် အလွန်ခဲယဉ်းသော အခြေအနေသို့ ရောက်ရှိမည်။ မိမိအပေါ် အကျိုးပြုသူများ ထက်အနှောင့်အယှက်ပေးသူများ ထိပ်တိုက်ကြုံရတတ်သည်။ ကိုယ်ပိုင်အရည်အသွေးမည်မျှရှိစေ ဖိနှိပ်ခံထားရကိန်းကြုံမည်။ စိတ်ကောင်း၊ စေတနာကောင်းနှင့် ဆောင်ရွက်လိုက်သည့် ကိစ္စများဝေဖန်ခြင်းခံရမည်။ ယတြာ-မွေးနေ့တွင် ဆူးပါသော ပန်းများမြေအိုးအတွင်းထည့်၍ စိုက်ပျိုးပါ။

### အင်္ဂါ

ငိုကြွေး၊ ပူဆွေးဝမ်းနည်းခြင်းရှိသူအား လိုက်လံကူညီရမည်။ စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံမည်။ မူလမှန်းဆထားသည်နှင့် လက်တွေ့ကွာဟမည်။ အခက်အခဲကြုံပြီးမှ အလိုရှိရာ ပြည့်စုံမည်။ မူလစိတ်ကူးစီစဉ်ပြီး လုပ်နေသည့် ကိစ္စများ လုံးဝအဆင်မပြေဘဲ ချက်ချင်း လက်ငင်းဦးတည်ချက်ပြောင်း၍ လမ်းသစ်တီထွင်ကာ ဆောင်ရွက်၍ အလုံးစုံ အဆင်ပြေမည်။ မထင်မှတ်ထားသော ကိစ္စများ တစ်မျိုးပြီးတစ်မျိုးကြုံတွေ့ရမည်။ အရာရာသည် ပြောင်းလဲနေမည်။ အလုပ်ပိုကိစ္စပိုများ ကြုံတွေ့ရမည်။ ယတြာ- မွေးနေ့တွင် လေယာဉ်ပျံပုံစံတစ်ခုဝယ်ယူပြီး အနီးဝန်းကျင်တွင်ထားပါ။

### ဗုဒ္ဓဟူး

ရန်နှင့်ယှဉ်ပြီး အလုပ်ကိစ္စများ ဆောင်ရွက်ရမည်။ စိတ်ကူးလိုက်သည့် ကိစ္စများ လက်တွေ့ဆောင်ရွက်နေသည့် အကြောင်းများသည် ငွေရခြင်းထက်၊ ငွေကုန်ခြင်းဘက်သို့ ဦးတည်နေသည်။ ဝင်ငွေနှင့် မမျှလောက်ကုန်ကျခြင်းရှိမည်။ သူတစ်ပါး ကိစ္စအတွက် အချိန်ကုန်မည်။ လုပ်ကိုင်သမျှ နှောင့်နှေးမည်။ ချက်ချင်းလက်ငင်း တဒင်္ဂအတွင်းပြီးနိုင်သည့် ကိစ္စများကို အချိန်ဆွဲပြီး လုပ်သောသူများနှင့် တွေ့မည်။ စိတ်တိုဒေါသထွက်လွယ်မည်။ ညာခြေ၊ ညာလက်တွင် မတော်တဆထိရှမှုများဖြစ်တတ်သည်။ ယတြာ-မွေးနေ့တွင် သံလိုက်တုံးတစ်တုံးကို ရွှေရောင်စက္ကူနှင့် ပတ်ပြီးပိုက်ဆံအိတ်တွင် ထည့်၍ဆောင်ပါ။

### ရာဟု

တစ်ပါးသူအတွက် အချိန်ပိုသလောက် မိမိတွင် အချိန်လိုအပ်နေသော ကာလဖြစ်သည်။ ကြန့်ကြာနေသော ကိစ္စများ ပြီးမြောက်အောင် ဆောင်ရွက်ရမည့်အပြင် အသစ်လုပ်ဆောင်မည့် လုပ်ငန်းများအတွက် အချိန်ပေးနေရသည်။ အရပ်ဝေးမှ ရောက်လာသော သူများကို လိုက်လံကူညီရကိန်းရှိသည်။ အလိုရှိရာ ဆန္ဒပြင်းပြသည့် ကိစ္စမှန်သမျှကို ဘေးချိတ်ကာ အခြေအနေက တောင်းဆိုလာသည့်အတိုင်း လိုက်လံဆောင်ရွက်ရကိန်းရှိသည်။ ဆောင်ရွက်သည့် ကိစ္စမှန်သမျှ လိုရာမရောက် တစ်ပိုင်းတစ်စတို့လို့ တန်းလန်းဖြစ်မည်။ ယတြာ-မွေးနေ့တွင် စာရွက်ဖြူတစ်ရွက်ပေါ်တွင် ငှက်မွေးကို ကော်ဖြင့်ကပ်၍ ဓာတ်ပုံဘောင်သွင်းပြီး ဆောင်ထားပါ။

### ကြာသပတေး

မည်သည့် ကိစ္စမဆို ချက်ချင်းလက်ငင်းဆောင်ရွက်ပါ။ ယနေ့နှင့် မနက်ဖြန်သည် လုံးဝအခြေအနေမတူပါ။ ခက်ခဲလွန်းသည့်ကိစ္စ၊ အချိန်ပေးရမည့် ကိစ္စများ စတင်ရန်မသင့်သေး။ ကာလရှည်ကြာ စီမံကိန်းချပြီး လုပ်ရသည့် ကိစ္စမျိုး မလုပ်သင့်။ သူတစ်ပါးကို အားထားခြင်းမပြုသင့်။ ကိုယ်နှင့် ပတ်သက်သည့် ကိစ္စကိုသာလုပ်ပါ။ သူတစ်ပါးကိစ္စအတွက် စိုးစဉ်းမျှအချိန်မပေးသင့်။ အခါတိုင်းကဲ့သို့သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း စိတ်များမထားသင့်။ ရန်ကို ရန်အလျောက်ထိပ်တိုက် ရင်ဆိုင်ပါ။ ယတြာ-မွေးနေ့တွင် ရွှေရောင်ခေါင်းလောင်းတစ်ခု၊ ငွေရောင်ခေါင်းလောင်းတစ်ခုကို ဖဲကြိုးနီဖြင့် ချည်နှောင်ပြီး အမြင့်တွင်ချိတ်ဆွဲပါ။

### သောကြာ

ပြဿနာကြားမှ တိုးတက်မှုရှာဖွေရမည်။ စကားအမျိုးမျိုးပြောပြီး လက်တွေ့မကျသော သူများနှင့် အတူတွဲလုပ်ရ၍ အလွန်စိတ်ရှုပ်ရမည်။ ပြဿနာအခက်အခဲများ တစ်မျိုးပြီးတစ်မျိုးထိပ်တိုက်ရင်ဆိုင်ရမည်။ မိုးလင်းမိုးချုပ် တကုပ်ကုပ်နှင့် အလုပ်ကိစ္စများရှုပ်ထွေးနေသလောက် ခရီးမရောက်ဖြစ်မည်။ အမြတ်အစွန်းကောင်းစွာရသည်ဟု မှတ်ထင်ပြီး ရောင်းချလိုက်သည့် ကိစ္စများ ဈေးနည်းနေ၍ ရင်ထုမနာဖြစ်ရမည်။ ယတြာ- မွေးနေ့တွင် ဤကာလအတွင်း ခန်းဆီးများအား အသစ်လဲခြင်းပြုပါ။

### စနေ

အတတ်ပညာနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း အထူးကောင်းလှသည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခြင်းမှ ကင်းလွတ်မည်။ အပြောင်းအလဲများရှိမည်။ အခက်အခဲများ ပြေလည်သွားမည်။ ရှည်လျားစွာ ထွေထွေပြားပြားလုပ်ရမည့် ကိစ္စများ ယခုကာလတွင် စတင်သင့်သည်။ အစုစပ်တွဲဖက်လုပ်ကိုင်မှုများတွင် မသမာပြုမှုပြုသူရှိမည်။ ၎င်းကိစ္စကိုလည်း အထင်ရှားဖော်ထုတ်နိုင်မည်။ တွဲဖက်ခြင်းအား ရပ်တန့်လိုက်ပါ။ ငွေကြေးကိစ္စချက်ချင်းရှင်းပါ။ လူသစ်များနှင့် တွဲဖက်ရန် အခွင့်လမ်းပေါ်မည်။ ယတြာ-မွေးနေ့တွင် အနီရောင်နှင်းဆီတစ်ပွင့်ကို ပန်းအိုးအတွင်းထိုးပြီး အမြင့်တွင်တင်ပါ။

# နှစ်ဆယ့်တစ်ရာစု ဆေးပညာ



အောင်(ဆေး-၁)

မိုးကသဲသဲမဲမဲ ရွာနေ၏။

မိုးအေးအေးတွင် ဟော့ပေ့ါ ပူပူလေး သုံးဆောင်ချင်သည်ဟု ကဗျာဆရာမ မကြည်ဆွေက တောင်းဆိုသဖြင့် ဒေါက်တာကျော်ဆွေသိန်းသည် ကြိုတင်စီစဉ်ရန် KATANA ဆိုင်သို့ ကြိုတင်ရောက်ရှိနေ၏။

ထိုဆိုင်ကလေးတွင် ဂျပန်ဟော့ပေ့ါ ကောင်းကောင်းရရှိ နိုင်၏။

ထိုဆိုင်ကလေးသည် အမှတ်-၁၃၈ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်တွင် တည်ရှိ၏။

ထိုဆိုင်ကလေးတွင် အမဲသား၊ ကြက်သား၊ ပင်လယ်စာ ဟော့ပေ့ါမျိုးစုံရရှိနိုင်၏။

ဖုန်းခေါ်သံမြည်လာ၍ ဒေါက်တာကျော်ဆွေသိန်းသည် နောက်ဆုံးပေါ် Samsung Galaxy Note 5 ကို ကောက်ကိုင်လိုက် ၏။

"ဟဲလို၊ မကြည်ဆွေလား၊ စီစဉ်ပြီးပြီ၊ 'လေညိုကုန်း'အုပ်စု ခေါ်ခဲ့တော့၊ ဆရာဆွေကိုပြော၊ သူ လိုက်ပို့လိမ့်မယ်"

မကြာမီ 'လေညိုကုန်း' အုပ်စုရောက်ရှိလာ၏။

"ကြွကြွပါ ကယားကြီး၊ ဒီနေ့လူစုံသကိုး"

"ဟုတ်တယ်၊ ဆရာကျော်ရေ၊ မိုးအေးအေးမှာ ဟော့ပေ့ါပူပူလေးစားချင်တာနဲ့ အားလုံးခေါ်ခဲ့တာ၊ ဘာတွေရသလဲ၊ လုပ်ပါဦး"

"ဟော့ပေ့ါမျိုးစုံ ရတယ်၊ ဂျပန်ကတင်သွင်းတဲ့ အမဲသားနဲ့ လုပ်တဲ့ Kagoshima ဟော့ပေ့ါ မှာထားတယ်၊ အမဲသားက နူးညံ့တယ်၊ ဟင်းသီးဟင်းရွက်မျိုးစုံ လည်းပါတယ်၊ နောက်ပြီး Sushi ရတယ်၊ Sashimi ရတယ်၊ Reman ရတယ်"

"ရေညို Salad ကော ရလား"

"ရေညို Salad မျိုးစုံ ရတယ်၊ ပြီးတော့ Lunch special Menu လည်းရှိသေးတယ်၊ သောက်စရာက ကော်ဖီအပူအအေး၊ လတ်ဆတ်တဲ့ သစ်သီးဖျော်ရည်မျိုးစုံရတယ်၊ ကြိုက်တာသာမှာပါ၊ Menu လည်း စားပွဲပေါ်မှာ အဆင့်သင့်ပဲ၊ ဖတ်ကြည့်ပါဦး။ မကြည်ဆွေတို့၊ မစပယ်တို့လည်းမှာကြပါ၊ နေ့လည်စာ အဝစားကြပါ"

"စိတ်ချ ဆရာကျော်၊ ကဗျာဆန်ဆန်စားပစ်မှာ"

ကဗျာဆရာမ မကြည်ဆွေက အားရပါးရပြောလိုက်၏။

"ဦးဉာဏ်အုန်းကို မေးရဦးမယ်၊ လှည်းကူးက ဗေဒင်ဟောတဲ့ ပုဏ္ဏားကြီးဘယ်နဲ့ နေသေးလဲ၊ ညောင်ရမ်းဆေးတိုက်မှာ တက်နေတယ်ဆို"

"ဟုတ်တယ် ဆရာကျော်၊ အဆုတ်ကင်ဆာတဲ့၊ မသက်သာပါဘူး"

"အေးဗျာ၊ ကင်ဆာကလည်းတယ်ဆိုးတာပဲ၊ သုတေသနအသစ်တွေ မလုပ်ကြဘူးလား၊ ဆေးသစ်တွေ့လို့ တွေ့ကြားပေ့ါဗျာ"

"လုပ်တာပေ့ါဗျာ၊ သတင်းကောင်းပြောရဦးမယ်၊ Nature Cell Biology ဆိုတဲ့ ဆေးပညာဂျာနယ်မှာပါတယ်၊ အမေရိကားက ဖလော်ရီဒါပြည်နယ်မှာ Mayo Clinic က ပါရဂူတွေ လုပ်ခဲ့တယ်၊

> ဓာတုဗေဒဆိုးဆေးတွေကလည်း
> ကင်ဆာဖြစ်စေတယ်
> လက်ဖက်လို၊ ငါးပိလို
> စားစရာတွေမှာ
> ဓာတုဗေဒဆိုးဆေးတွေပါနေတယ်၊
> ကလေးတွေစားတဲ့
> သရေစာမှာလည်း ပါနေတယ်၊
> အန္တရာယ်ကြီးတယ်ဗျ။
> သတင်းတစ်ခုကြားတာက
> မုန့်ဟင်းခါးဖတ်မှာ
> ဖော်မလင်ပါတယ်ဆိုပဲ။

Mayo က ကမ္ဘာကျော်ပဲဗျ"

"ရှင်းပြပါဦးဗျာ၊ အားတက်စရာသတင်းကောင်းပဲ"

"ဒီလိုဗျ၊ Mayo Clinic ရဲ့ Florida Campus မှာ Department of Cancer Biology ဆိုတဲ့ ဌာနကြီးတစ်ခုရှိတယ်၊ ဦးဆောင်ပါရဂူက Dr. Panos Anastasia - dis တဲ့၊ သူကပြောတယ်၊ ကင်ဆာဆဲလ်တွေကို ကြီးထွားတာရပ်ပြီး နဂိုမူလဆဲလ် ပြန်ဖြစ်အောင်လုပ်ဖို့ လမ်းစတွေ့ပြီတဲ့"

"ဟုတ်ကဲ့ ဆရာကျော်"

"ခုတွေ့တာက ရတနာသိုက်ရှာနေတုန်း အဝင်တံခါးပေါက်ကို မြုန်းခနဲတွေ့လိုက်ရသလိုပါပဲ၊ မမျှော်လင့်ဘဲတွေ့တာ၊ သူတို့က Adhesion Protein ရယ်၊ Micro RNA ရယ်၊ အဲဒီနှစ်ခုရဲ့ လုပ်ငန်းလုပ်ဆောင်ပုံကို သိလာရတယ်၊ နဂိုမူလမှာ ဆဲလ် ဆဲလ်ချင်းတွေ့ရင် ကြီးထွားနှုန်းရပ်သွားတယ်၊ ရပ်သွားရတာက Micro RNA က ဆဲလ်ကြီးထွားစေတဲ့ မျိုးရိုးဗီဇကို ထိန်းချုပ်လိုက်လို့တဲ့"

"ဟုတ်ကဲ့ ဆရာကျော်"

"Micro RNA က ဆဲလ်ပွားစေတဲ့ မျိုးရိုးဗီဇတွေကို အလုပ်မလုပ်အောင် တားဆီးပေးတယ်၊ ကင်ဆာဆဲလ်ကျတော့ ဒီဖြစ်စဉ်ပျက်ပြားသွားတယ်၊ ဆဲလ် ဆဲလ်ချင်းထိတာ ပျက်ပြားပြီး Micro RNA တွေလည်း ကိုးရိုးကားရားဖြစ်ကုန်တယ်၊ လုပ်ငန်းဆောင်တာပျက်ပြားသွားတယ်၊ အထိန်းအကွပ် မဲ့သလိုဖြစ်သွားတယ်။ ဆဲလ်က အတိုင်းအဆမရှိဘဲ ပွားလာပါရော"

"ဟုတ်ကဲ့ဆရာကျော်"

"ဓာတ်ခွဲခန်းမှာ ပါရဂူတွေက တိရစ္ဆာန်မှာ စမ်းသပ်ကြည့်တယ်၊ ကင်ဆာဆဲလ်တွေထဲမှာ ပုံမှန်ဖြစ်တဲ့ Micro RNA မူလပမာဏရအောင် လုပ်ကြည့်တယ်၊ ပြီးတော့ Cell-To-Cell Adhesion ဖြစ်စဉ်ရယ်၊ Micro RNA Biol-ogy ရယ်ကို အသေးစိတ်လေ့လာတယ်"

"ဟုတ်ကဲ့ ဆရာကျော်"

"လေ့လာရာက ကင်ဆာ ထုံးသစ်အတွက် မဟာဗျူဟာ အသစ်ကို ရှာတွေ့လာတယ်၊ အရင်ကလည်း E-Cadherin ဒြပ်ပေါင်းရယ်၊ Pizo Catenin ဒြပ်ပေါင်းရယ်ကို လေ့လာဖူးပါတယ်။ဒါပေမယ့် ရှုပ်ထွေးပွေလီတဲ့ ရလဒ်တွေပဲရလာတယ်၊ သုတေသီတွေ ဦးနှောက်ခြောက်ကုန်တယ်"

စာမျက်နှာ (၃၂) သို့



P-18




**အမှတ်တရ တင်နိုင်တိုး**
**၁၉၆၃–၂၀၁၄**
**ကလောင်စုံ**




**အမှတ်တရ တင်နိုင်တိုး စာအုပ်အတွက် ကိုတင်နိုင်တိုးအကြောင်း အမှတ်တရဖြစ်စဖွယ် ရေးခြစ်ပြရာမှာ ကိုတင်နိုင်တိုးကို သမိုင်းပညာရှင်လား၊ သမိုင်းပညာ ရှာလား၊ သမိုင်းသုတေသီလား၊ တစ်ခုခု အမည်တပ်ပေးရရင် ဘယ်လိုပေးပြီး ဘယ်လိုရေးပြရလေမလဲ။ ဒါပေမယ့် ကိုတင်နိုင်တိုးရဲ့ လုံးချင်းစာအုပ် ၈၀ ခန့်မှာ အမှတ်တရ ဖြစ်နိုင်စရာတွေကတော့ သမိုင်းအကြောင်းဆိုင်ရာ စာအုပ်အများစုကို ပြုစုရေးပြသွားနိုင်သူပါပဲ။**

ဆရာမြင့်ကြိုင်ရဲ့ ***အမှတ်တရ တင်နိုင်တိုး (နိဒါန်းစကားဦး)*** စာစုထဲက ကောက်နုတ်ချက် ဖြစ်ပါတယ်။ ဒီစာစုကို "သမိုင်းပညာရှင်၊ ကျောင်းဆရာ၊ စာရေးဆရာ ဘယ်ဟာကိုပိုပြီး နှစ်သက်သလဲ မေးရင် သုံးခုစလုံး မဟုတ်ဘူး။ ငါ သမိုင်းပညာရှာဟေ့လို့ ပြောမယ်။ ရှာလို့လည်း မဆုံးနိုင်ပါ" လို့ ပြောခဲ့တဲ့ ဒေါက်တာသန်းထွန်းရဲ့ စကားနဲ့ စဖွင့်ထားပါတယ်။ ဒီစာစုမှာ ဆရာမြင့်ကြိုင်က ပညာတတ်ရဲ့ အဓိပ္ပာယ်၊ သုတေသီရဲ့ အဓိပ္ပာယ်တွေကို ရှေးဦးစွာဖွင့်ဆို ရှင်းပြရင်း A.G.T.I ဘွဲ့ရ ဆရာတင်နိုင်တိုးဟာ အင်ဂျင်နီယာဘဝကနေ ၁၉၉၈ မှ ၂၀၁၄ အတွင်း လုံးချင်း စာအုပ်ပေါင်း(၈၀) ခန့်နဲ့ ဆောင်းပါးအများအပြား ရေးသားသွားနိုင်ခဲ့သူ၊ မြန်မာ့ သမိုင်း (အထူးသဖြင့် ၁၇၅၂-၁၉၄၇ ကာလများ)ရဲ့ သမိုင်းဘာသာရပ်ကို အထူးလေ့လာရေးသား တင်ပြခဲ့သူဖြစ်တာကြောင့် ပညာတတ်သုတေသီ သမိုင်းပညာရှာ (တတ်)သူလို့ ဆိုထိုက်ကြောင်း မှတ်ချက်ပြုထားပါတယ်။

ဆရာနွေသင်နိုင်ကတော့ အင်ဂျင်နီယာဘဝကနေ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်နဲ့ ကုန်းဘောင်ခေတ် အထိ ရောက်သွားသူ ဆရာတင်နိုင်တိုးအကြောင်းကို တင်နိုင်တိုးဆိုတဲ့ ကဗျာနဲ့ ဂုဏ်ပြုဖွဲ့ဆိုထားပါတယ်။

ဆရာလေးကိုတင်ရဲ့ ***တံတားအောက်မှရေအလျင်*** စာစုမှာတော့ ကုန်းဘောင်ခေတ် မင်းမျိုးမင်းဆက်များမှ ဆင်းသက်လာတဲ့ စာပေမျိုးရိုး အစဉ်အဆက်တွေအကြောင်း ဆရာတင်နိုင်တိုး ရေးသားပြုစုလေ့လာတင်ပြထားတဲ့ 'ကုန်းဘောင်နွယ်စာပေမျိုးဆက်' စာအုပ်အကြောင်း သုံးသပ်တင်ပြထားပါတယ်။ 'ကုန်းဘောင်နွယ် စာပေမျိုးဆက်' စာအုပ်ဟာ ကုန်းဘောင်ခေတ် တော်ဝင်မိသားစုမှ အစ စာတော်ဖတ်မိသားစုအဆုံး စာပေမျိုးဆက် အနွယ်တွေအကြောင်းကို ကျမ်းကိုးစာရင်း ဇယားနဲ့တကွ တင်ပြထားတဲ့အပြင် အကျယ်တဝင့် ဖတ်ရှုလိုသူတွေ ဆက်လက်ရှာဖွေတွေ့ရှိနိုင်ရေး အတွက်လည်း အထောက်အကူပြုပေးထားတာကြောင့် သမိုင်းရေးရာ စာအုပ်အဖြစ်သာမက စာပေရေးရာ စာအုပ်တစ်အုပ်အဖြစ်ပါ စိတ်ဝင်စားစရာ စာအုပ်ကောင်း တစ်အုပ်ဖြစ်နေတယ်လို့ ညွှန်းဆိုထားပါတယ်။

ဒီစာအုပ်ဟာ အင်ဂျင်နီယာ ဘဝကနေ မြန်မာ့သမိုင်းနဲ့ မြန်မာ့ယဉ်ကျေးမှုကို အခြေခံတဲ့ စာပေများ ရေးသားသူ သမိုင်းသုတေသီ စာရေးဆရာ ဆရာတင်နိုင်တိုး ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရအဖြစ် ဆရာတင်နိုင်တိုးရဲ့ ဘဝအကြောင်း၊ ဆရာ တင်နိုင်တိုးရေးသားပြုစုခဲ့တဲ့ သမိုင်းဆိုင်ရာ စာပေတွေအကြောင်းတွေကို ရေးဖော်ရေးဘက် စာရေးဆရာတွေက ဂုဏ်ပြုဖွဲ့ဆိုရေးသားထားခြင်းဖြစ်ပါတယ်။

ဒေါက်တာ ဦးတင်ညို၊ တက္ကသိုလ် ခင်မောင်ဇော်၊ ခင်စောတင့်၊ ဒေါက်တာထွန်းထွန်းဦး၊ သိန်းဇေး၊ မျိုးမြတ်သူ၊ မောင်လင်းရိပ် စတဲ့ စာရေးဆရာ (၁၆)ဦးရဲ့ ဆရာတင်နိုင်တိုးအကြောင်း စာစုတွေ ပါဝင်ပြီး ဆရာတင်နိုင်တိုးရဲ့ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်စာရင်းနဲ့ ဆရာတင်နိုင်တိုးရဲ့ ဘဝ မှတ်တမ်းဓာတ်ပုံတွေကိုလည်း ဖော်ပြထားပါတယ်။

**မီဒီယာ ကိုယ်ခံပညာ**
**အယ်ဒီပိန်ပိန် (စိန်ဂွန်းအောင်ကျော်ဦး)**




သတင်းခေတ်၊ မီဒီယာခေတ် ဖြစ်တဲ့ ယနေ့ကာလမှာ စာနယ်ဇင်းဆိုတဲ့ ပုံနှိပ်မီဒီယာကအစ ရေဒီယို၊ ရုပ်မြင်သံကြား၊ ကွန်ပျူတာ၊ အင်တာနက်၊ အွန်လိုင်းမီဒီယာအဆုံး မီဒီယာနဲ့ မကင်းနိုင်သူမှန်သမျှ မီဒီယာလောကမှာ သက်ဝင်လှုပ်ရှားနေသူ မှန်သမျှအတွက် အကျိုးကျေးဇူးပြုနိုင်တဲ့ စာအုပ်ဖြစ်ပါတယ်။

စာရေးသူက သူ့ရဲ့နှစ်ပေါင်း ၄၀ ကျော် စာနယ်ဇင်း မီဒီယာ အတွေ့အကြုံတွေနဲ့ သူ လေ့လာဆည်းပူးခဲ့တဲ့ ပညာရပ်တွေကို ပေါင်းစပ်ပြီး မီဒီယာပညာမျှဝေထားတဲ့ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်တာပါ။

ဒီစာအုပ်ရဲ့ အဖွင့်ဆောင်းပါးဖြစ်တဲ့ ***စတုတ္ထမဏ္ဍိုင်ဆိုသည်မှာ*** ဆောင်းပါးမှာဆိုရင် မီဒီယာဆိုတဲ့ စတုတ္ထမဏ္ဍိုင်အကြောင်း နိုင်ငံတကာက အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြထားပြီး မီဒီယာဆိုရာမှာလည်း အစိုးရများနဲ့ အစိုးရထောက်ခံတဲ့ မီဒီယာတွေ၊ နိုင်ငံရေးပါတီမီဒီယာတွေနဲ့ ပါတီအလိုက် ထောက်ခံကြတဲ့ ပါတီမီဒီယာတွေ၊ လွတ်လပ်ပြီး သီးခြားရပ်တည်တဲ့ အမှန်ကိုသာ ဦးတည်သော ဘက်မလိုက်မီဒီယာတွေဆိုပြီး အဓိက သုံးမျိုးခွဲခြားနိုင်ကြောင်း၊ လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ ဘက်မလိုက် မီဒီယာ အမျိုးအစားတွေ များပြားအင်အားကောင်းဖို့လိုကြောင်း ရေးသားတင်ပြထားတဲ့အပြင် စတုတ္ထမဏ္ဍိုင်မီဒီယာသမားတွေ လိုက်နာရမယ့် အချက်တွေ၊ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေအကြောင်း တင်ပြထားပါတယ်။

ဒီစာအုပ်မှာ မြန်မာ့ သတင်းစာ သမိုင်းကစလို့ သတင်းမီဒီယာသမားတွေ ဆောင်ရန် ရှောင်ရန်တွေ အကြောင်း၊ အလုပ်သင် သတင်းထောက်တွေ သိမှတ်ဖွယ်ရာတွေအကြောင်း၊ ထိပ်တန်း သတင်းထူးသတင်းဦး ရယူဖော်ပြပုံတွေ အကြောင်း၊ သတင်းစာ ဆရာကြီး တချို့ရဲ့ သတင်းရယူပုံစံပြနည်းလမ်းတွေအကြောင်း စတဲ့ သတင်းစာပညာဆိုင်ရာ၊ မီဒီယာပညာဆိုင်ရာ အတတ်ပညာနဲ့ ကျင့်ဝတ်တွေအကြောင်း မြန်မာ့သတင်းစာ လောက၊ ကမ္ဘာ့သတင်းစာလောကနဲ့ယှဉ်ပြီး ရေးသားတင်ပြထားတဲ့ ဆောင်းပါး ၄၁ ပုဒ်နဲ့အတူ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) က ထုတ်ပြန်ထားတဲ့ သတင်းမီဒီယာ ကျင့်ဝတ် (အကျဉ်း) နဲ့ ၂၀၁၄ ခုက ထုတ်ပြန်ခဲ့တဲ့ သတင်းမီဒီယာ ဥပဒေ (မူရင်း) တို့ကိုလည်း လေ့လာလိုသူတွေအတွက် ဖော်ပြပေးထားပါတယ်။

**ရွှေရောင်ညနှင့် အခြားဝတ္ထုတိုစု**
**သန်းမြင့်အောင်**

ဆရာမသန်းမြင့်အောင်ရဲ့ ဝတ္ထုတို (၁၀)ပုဒ်ကို စုစည်းထုတ်ဝေလိုက်တဲ့ စာအုပ်ဖြစ်ပါတယ်။

***ထားပါတော့လေ*** ဝတ္ထုတိုကတော့ ခြောက်ခြောက်ကပ်ကပ် မြို့သစ်အဖြစ်ကနေ စည်စည်ကားကား မြို့သစ်ဖြစ်လာတဲ့ မြို့သစ်တစ်ခု အကြောင်း၊ အဲဒီမြို့သစ်ထဲက အိမ်ပွဲစားတွေရဲ့ စရိုက်သဘာဝတွေ အကြောင်း၊ အိမ်ပွဲစားတွေရဲ့ နောက်ကွယ်က ဘဝဇာတ်လမ်းတွေအကြောင်း၊ အိမ်ငှားနေသူတွေရဲ့ ဘဝအကြောင်းတွေကို အိမ်ငှားဘဝကနေ အိမ်ပွဲစားဖြစ်လာသူ တစ်ယောက်က စာရေးသူကို ပြောပြနေပုံမျိုး ရေးဖွဲ့ထားပါတယ်။ အိမ်ပွဲစားတွေကို စာနာရမှာလား၊ သတိထားရမှာလား ခေါင်းတညိတ်ညိတ်နဲ့ စဉ်းစားရင်း ပြုံးနေရမယ့် ဝတ္ထုဖြစ်ပါတယ်။

***ချိန်သီးတစ်လုံးရဲ့ ဟန်ချက်*** ဝတ္ထုတိုနဲ့ ***ဈေးထဲက မေတ္တာ***



***အရောင်းဆိုင်ကလေး*** ဝတ္ထုတိုတွေကတော့ ဈေးထဲမှာ အပ်ချုပ်ဆိုင်ဖွင့်၊ ဈေးရောင်းနေပေမယ့် လူမှုပရဟိတလုပ်ငန်းတွေနဲ့ မအားမလပ်ဖြစ်နေတာကြောင့် ဈေးဆိုင်ကို ဆိုင်နီးချင်းတွေနဲ့ အပ်ထားရပုံအကြောင်း၊ ဆိုင်နီးချင်းတွေရဲ့ ကောင်းမှုကြောင့် ဈေးတစ်ဖက်နဲ့ ပရဟိတအလုပ်တွေလုပ်နိုင်ပုံအကြောင်း ရေးထားတာဖြစ်ပြီး စာရေးသူရဲ့ ဘဝပုံရိပ်တစ်စွန်းတစ်စကို ထင်ဟပ်ထားတဲ့ ကြည်နူးဖွယ် ဝတ္ထုတိုလေးတွေ ဖြစ်ပါတယ်။

ဒီစာအုပ်မှာပါတဲ့ ဝတ္ထုတိုတွေဟာ အရိုးခံ လူ့ဘဝတွေအကြောင်း၊ မေတ္တာတရားအကြောင်း၊ လူ့လောကထဲမှာ ကြုံရလေ့ရှိတဲ့ အလွဲတွေအကြောင်း၊ စာရေးသူရဲ့ စာရေးဆရာမဘဝနဲ့ ပရဟိတသမားဘဝ အတွေ့အကြုံတွေ အကြောင်း ခံစားရေးဖွဲ့ထားတဲ့ ရသဝတ္ထုတွေ ဖြစ်ပြီး Aung Publishing House ကနေ ဒုတိယအကြိမ်အဖြစ် တန်ဖိုး ၁၈၀၀ ကျပ်နဲ့ ဖြန့်ချိလိုက်ပါပြီ။

(M)

P-16

A

# ရင်သွေးတို့ပညာရေးအတွက် မိခင်နှစ်ဦးရဲ့ ရုန်းကန်ခြင်း

**ဝင်းကိုအောင်**




ကမ္ဘာပေါ်မှာ လူရယ်လို့ ဖြစ်လာပြီးတဲ့နောက် အစု၊ အဖွဲ့ အသင်းဆိုတာတွေရှိလာရတယ်။ အဲဒီလိုရှိလာပြီးတော့ လူဟာအမျိုးအစားအလိုက် နှုတ်ကထွက်ပေါ်တဲ့ အသံဆိုတာကို သင်္ကေတတွေ ရှာဖွေပြီး ဘာသာစကားဆိုတာ တွေဖြစ်လာရပြန်တယ်။ ဂူအောင်း လူသားဘဝက မိုးကြိုးပစ်ရာကနေ စွဲလောင်တဲ့မီးကိုရေရှည်ဆက်လက်ပြီး အသုံးပြုနိုင်ဖို့အတွက် အသိဆိုတာ လိုအပ်လာပါတယ်။ အဲဒီတော့ ဘာသာစကားကို အကြောင်းပြုပြီး 'ဝိဇ္ဇာသိပ္ပလူ့ကိစ္စ' အရ အသိပညာအတတ်ပညာဆီကို ဦးတည်ခဲ့ကြရပါတယ်။

အဲဒီအတွက် လူတွေမှာ အသိဆိုတဲ့ အရာဆီကို အရင်ဆုံးသွားကြရပါတယ်။ အကြောင်းအရာအမှုကိစ္စတွေကို ဝေဖန်ပိုင်းခြားနိုင်ဖို့ အတွက် ဒါက 'သရ'၊ ဒါက 'ဗျည်း'ဆိုတာတွေကို သိအောင်လုပ်ကြရပါတယ်။ ပြီးတော့မှ ဒါက'လူ'၊ ဒါက 'ခွေး'၊ ဒါက 'သစ်ပင်'၊ ဒါက ဘာအမျိုးအစား၊ ဒါကိုဘာလုပ်ရမယ်ဆိုတဲ့ အတတ်ပညာဆိုတဲ့ 'သိပ္ပ'က နောက်က လိုက်ရပါတယ်။

အဲဒီလိုနဲ့ များများသိတဲ့လူကနည်းနည်းသိတဲ့လူကိုသင်၊ နည်းနည်းသိတဲ့လူက လုံးဝမသိတဲ့လူကိုသင်ရင်း ကမ္ဘာကြီးကို ခရီး ဆက်လာခဲ့ကြရပါတယ်။ အဲဒီလို သင်ကြားတဲ့ နေရာမှာလည်း ကလောင်တို့ မင်တို့ စက္ကူ ပေရွက်ဆိုတာတွေ မပေါ်သေးတော့ တစ်ဦးဆီက တစ်ဦး အာဂုံဆောင်ရွတ်ဆိုမှတ်သားယူကြရပါတယ်။

ဒီလိုနဲ့ လူတွေဟာ အားသွန်ခွန်စိုက် ကြိုးပမ်းရင်း လူ့လောကကြီး တိုးတက်ထွန်းပြောင် လာခဲ့ရတယ်။ အတက်ရှိရင် အဆင်းရှိရမယ်ဆိုတဲ့ အစဉ်အလာအရ တိုးတက်မှုတွေဖြစ်ပြီးတော့ ဆုတ်ယုတ်မှုဆိုတဲ့ 'အဆင်း'ကို ရောက်လာခဲ့ပါပြီ။ (ဗုဒ္ဓရဲ့ အလိုအရတော့ 'ကလိယုဂ်ဆုတ်ကပ်'လို့ ဆိုပါတယ်) ခုလူတွေက စာမတတ်ကြတော့ဘူး။ အရိုင်းဘဝကို ပြန်လည်ဦးတည်လာနေပြီ။

အလုပ်ရှုပ်မခံချင်လို့ မအောင်မနေရ စနစ်နဲ့ အတန်းတင်ပေးတာကို ငါ့သားလေးကတော့ ကိုး တန်းရောက်ပြီဟဲ့။ ငါ့ သမီးလေးကတော့ ဆယ်တန်း ရောက်ပြီဟဲ့နဲ့။

မိဘတွေက သူတို့သားသမီးတွေ တကယ်အရည်အချင်း ပြည့်ဝလို့လို့ ထင်ကြတယ်။ ဆယ်တန်းလည်းကျရော ဒုက္ခပေးရော။ အဲဒီမှာ လက်ပူတိုက်ဖို့ မရှိမဲ့ရှိမဲ့ ဟိုဆွဲဒီဆွဲ။ ဟိုရှာဒီရှာနဲ့ ပိုက်ဆံပုံပေးပြီး ကျူရှင်ဆိုတာဆီကို တွန်းပို့ကြရတယ်။ ဒီလိုနဲ့ တက္ကသိုလ်တွေမှာ ဆရာပြန်လုပ်။ သူတို့က သူတို့သိတာ တတ်တာထဲက တစ်ဝက်တောင် ပြန်မသင်နိုင်တော့ မျိုးဆက်အဆင့်ဆင့်ရဲ့ ဘဝမှာ 'လျှော့ကျနောက်ဆုံးရှိချေ၏။' ဆိုတဲ့ အဖြစ်ကို ဆိုက်ရောက်ပြီး လူတွေ အရိုင်းဘဝကို ပြန်ရောက်ကုန်ပြီ။ တွေးကြည့်တော့ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုရင် အဲဒီအထဲကနေ အနည်းဆုံးတော့ ရပ်ကွက်လူကြီးတော့ ဖြစ်ကြရမှာပဲ။ အမှားအမှန်တွေကို ဘယ်လိုဝေဖန်လို့ ဘယ်လို ခရီးဆက်ကြမလဲ။ သားသမီးတွေကို စကျောင်းထားကတည်းက ဒီလိုအခြေအနေမျိုးကို အကဲခတ်ရိပ်စားမိတဲ့ မိဘတွေကတော့ မြို့တွေ၊ ရွာတွေမှာ လက်ချိုးရေလို့ ရလောက်မယ်ထင်ပါတယ်။

ဒါတွေကို ဘာဖြစ်လို့ ရှည်ရှည်ဝေးဝေး ရေးပြနေတာလဲဆိုရင် အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားတစ်ကားကို ကြည့်လိုက်မိရာကနေ အတွေးတွေ ပြန့်ထွက်လာလို့ပါ။ ကလေးတွေ နှစ်တန်း၊ သုံးတန်း ရောက်နေပေမယ့်လည်း 'စာအိတ်' ဆိုတာလေးလောက်တောင် ပေါင်းမဖတ်တတ်အောင် သားသမီးတွေရဲ့ ပညာရေးကျဆင်းနေရတဲ့အတွက် မိခင်နှစ်ဦးရဲ့ ရင်ဆိုင်တိုက်ပွဲဝင်တဲ့ ဖြစ်ရပ်တစ်ခုကို ရိုက်ကူးထားတာပါ။

ရိုက်ကူးတဲ့ ဒါရိုက်တာက အမေရိကန် ဒါရိုက်တာ ဒယ်မီယယ်ဗန့်ဇ် Damiel Bainz ဖြစ်ပြီး မိခင်နှစ်ဦးနေရာမှာတော့ အသက် ၃၄ နှစ် အရွယ် အမေရိကန်မင်းသမီး 'မဂ္ဂီဂယ်လင်ဟဲ'နဲ့ အသက် ၄၇ နှစ်အရွယ် အမေရိကန်သူလူမည်းမင်းသမီး 'ဗီယိုလာဒေးဗစ်' တို့က သရုပ်ဆောင်ထားပါတယ်။ အမေရိကန် ဒေါ်လာ ၁၉ သန်းသာ ကုန်ကျပြီး သန်း ၂၇၀ ကျော် ပြန်ရထားတဲ့ ဇာတ်ကားလည်းဖြစ်ပါတယ်။ ပြသမှု ကြာမြင့်ချိန်က ၁၂၃ မိနစ်ပါ။

အဖျော်ယမကာဆိုင်မှာ စားပွဲထိုးလုပ်တဲ့ အမျိုးသမီး ဂျိမ်းမီပရက်ဇ်နဲ့ မူလတန်းပြကျောင်းဆရာမ (လူမည်းမင်းသမီး) 'နိုနာအဲလ်ဘတ်ဇ်'တို့ နှစ်ယောက်ဟာ သူတို့ရဲ့ ကလေးတွေကို မြို့လယ်ကောင်မှာရှိတဲ့ ကျောင်းမှာ ကြုံတွေ့ရတဲ့ အားနည်းချက် အရပ်ရပ်တွေကို ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် အခိုင်အမာချထားတဲ့ မိခင်တွေအဖြစ် ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်နေကြပုံဟာ ကြည့်နေရသူအဖို့ ရင်တမမ ရှိလှပါတယ်။

ဒီဖြစ်ရပ်က အမေရိကန်နိုင်ငံရဲ့ မြောက်ကာရိုလိုင်းနားပြည်နယ်ထဲ 'ဟိုလန်' အမည်ရှိ မြို့တစ်မြို့မှာပါ။ ယူနီယံ ပုဂ္ဂလိကကျောင်းများအဖွဲ့ရဲ့ လက်အောက်ခံဖြစ်တဲ့ 'အက်ဒမ်'ဆိုတဲ့ ကျောင်းတစ်ကျောင်းမှာပါ။

အဲဒီကျောင်းမှာ 'ဂျိမ်းမီ'က သမီးငယ်လေး 'မာလီယာ'အတွက်။ လူမည်းကျောင်းဆရာမ 'နိုနာ' က သူ့သားငယ် 'ကိုဒီ'အတွက်။ ဆရာအသင်း ဥက္ကဋ္ဌတာဝန်ယူထားတဲ့ အမျိုးသမီးနဲ့ ကျောင်းအုပ်ကြီးတို့ကို အဲဒီ မိခင်နှစ်ယောက်ဟာ ထိပ်တိုက်တွေ့ကြပါတော့တယ်။

အနှစ် ၂၀ ကျော် သက်တမ်းရှိတဲ့ ကျောင်းကြီးဟာ အိုဟောင်းပြီး ပြတင်းပေါက်တွေ၊ စာသင်ခန်းတွေလည်း ဖရိုဖရဲဖြစ်သလို၊ ဆရာ၊ ဆရာမလုပ်သူက အစားစားနေရင်း၊ လက်သည်းနီဆိုးနေရင်း၊ မဂ္ဂဇင်းဂျာနယ် ဖတ်နေရာကနေ ပျင်းတိပျင်းတွဲသင်ကြားခြင်းတွေကြောင့် ကလေးတွေမှာ စာသင်ချင်စိတ် တဖြည်းဖြည်းလျော့ပါးလာပြီး အိပ်သူက အိပ်၊ ဆော့သူကဆော့နဲ့ ဆုံးရှုံးမှုတွေ ကြီးမားလာနေပါတယ်။

အဲဒီကျောင်းကြီးမှာ အကျင့်ပျက်ခြစားမှု အမြစ်တွယ်နေတဲ့၊ အရာမရောက်တဲ့ ဗြူရိုကရေစီစနစ်နဲ့ စည်းကမ်း၊ ပါဝါ၊ အာဏာစနစ် စတာတွေကို အဲဒီ မိခင်နှစ်ယောက်ဟာ ကလေးတွေရဲ့ အနာဂတ်ပညာရေးနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းပုံဖော်ကြတာဟာ အလွန်စိတ်ဝင်စားစရာကောင်းလှပါတယ်။

အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လူမည်းကျောင်းဆရာမ ဗီယိုလာဒေးဗစ်က သူ့ရဲ့အတွင်းစည်းမှာ တစ်ယောက်ချင်းစီရဲ့ ရင်ဆိုင်တိုက်ခိုက်တာကို ကြံ့ကြံ့ခံ

စာမျက်နှာ (၃၃) သို့



## အိန္ဒိယလူငယ်နှစ်သန်း စာရေးဝန်ထမ်း ၃၀၀ အတွက် အလုပ်လျှောက်ထား



အိန္ဒိယနိုင်ငံ၌ လူဦးရေအများဆုံး ပြည်နယ်တစ်ခုဖြစ်သော ဥတ္တာပရာဒက် တာဝန်ရှိသူများက ပြောရာ၌ သူတို့ပြည်နယ်၌ အဆင့်နိမ့် စာရေးဝန်ထမ်း ၃၆၈ နေရာအတွက် လျှောက်လွှာ ၂. ၃သန်းကျော် လက်ခံရရှိထားကြောင်း အလုပ်လက်မဲ့များသည့် ဒေသဖြစ်နေကြောင်း ပြောသည်။

အဆိုပါ ရာထူးများအတွက် အခြေခံလိုအပ်ချက်မှာ မူလတန်းအဆင့် ပညာအရည်အချင်းရှိရန်နှင့် စက်ဘီးစီးတတ်ရန်သာလိုအပ်သည်။ထောင်ပေါင်းများစွာသော ဘွဲ့ရ၊ ဘွဲ့လွန်နှင့် အချို့ပါရဂူဘွဲ့ရများကပင် ဝင်ရောက်လျှောက်ထားကြသည်ဟုဆိုသည်။

တာဝန်ရှိသူများ၏ ပြောစကားအရ အဆိုပါလျှောက်ထားသူများကို တွေ့ဆုံမေးမြန်းရန် အဖွဲ့ ၂၀ ဖွဲ့ကာ တစ်နေ့ကို လျှောက်ထားသူ ၂၀၀ လက်ခံပြီး၊ တစ်လ ၂၅ ရက် တွေ့ဆုံလျှင်ပင် အနည်းဆုံး လေးနှစ်ကြာမည်ဖြစ်သည် ဆို၏။

အဆိုပါ ရာထူးကို ဩဂုတ်လကခေါ်ယူခဲ့ရာ Ph D ပါရဂူ ဘွဲ့ရ ၂၅၅ ဦးနှင့် သာမန် ဘွဲ့ရ ၁၅၂၀၀၀ က လျှောက်ထားကြသည်။

ယင်းရာထူးအတွက် ရရှိမည့် လစာမှာ တစ်လလျှင် ရူပီးငွေ ၁၆၀၀၀ အမေရိကန် ဒေါ်လာ ၂၄၀ သာဖြစ်၏။

ဥတ္တာပရာဒက် ပြည်နယ်၌ ယခုအခါ အလုပ်လက်မဲ့ ၁၀ သန်းကျော်ရှိနေပြီ။

ယင်းပြည်နယ်၌ နေထိုင်သူ ၂၁၅ သန်းရှိသည်။

၁၉၉၉ ခုနှစ်က အနောက်ဘင်္ဂလားပြည်နယ်၌ အလုပ် ၂၈၁ နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ရာ လူတစ်သန်းကျော် လျှောက်ထားခဲ့ကြသည်။

Source; BBC.com.

## ရွှေ့ပြောင်းသူများပြဿနာ ခရိုအေးရှားနိုင်ငံက နယ်ခြားမျဉ်းပိတ်ပစ်

ခရိုအေးရှားနိုင်ငံက ဆာဘီးယားနှင့် နယ်ခြားဖြတ်သန်းသည့် လမ်းကြီးရှစ်လမ်းရှိသည့်အနက် ခုနစ်လမ်းကို ပိတ်ထားခဲ့သည်။

ဟန်ဂေရီနိုင်ငံကလည်း ဆာဘီးယားနှင့် နယ်ခြားလမ်းကို လုံးဝ ပိတ်ထားလိုက်ပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤလမ်းဝင်ပေါက်မှ တစ်နေ့တည်း၌ လူဦးရေ တစ်သောင်းကျော် နိုင်ငံတွင်းသို့ ဝင်လာ၍ ဖြစ်ပါ၏။

ဆလိုဗဲနီးယားနိုင်ငံကလည်း ရွှေ့ပြောင်းလာသည့် လူများပါသော ရထားကို လမ်း၌ ရပ်တန့်စေပြီး ခရိုအေးရှားနိုင်ငံသို့ ပြန်လွှတ်လိုက်၏။

မြေထဲပင်လယ်မှနေ၍ မြောက်ဘက်ဒေသသို့ ဦးတည်လာနေသော ရွှေ့ပြောင်းသူများမှာ များပြားလာလျက်ရှိရာ ထိုပြဿနာသည် ဥရောပ သမဂ္ဂအတွက် ခေါင်းခဲစရာ ဖြစ်နေသည်။

ခရိုအေးရှားနိုင်ငံမှ တာဝန်ရှိသူများ၏ အဆိုအရ နယ်ခြားမျဉ်းကို ဖြတ်မည့်လမ်းမှန်သမျှအားလုံး ပိတ်လိုက်ပြီးပြီဟု ဆိုသည်။

နယ်ခြားမျဉ်းကိုဖြတ်ကျော်သည့် လမ်းဆို၍ ဘဲလ်ဂရိတ် Belgrade နှင့် ဇရပ် Zagrab တို့ ဆက်သွယ်ထားသည့် လမ်းတစ်ခုတည်းသာဖွင့်ထားသည်။

BBC သတင်းသမား ဂိုင်းဒီလောနီ Guy Delauney က 'ယခုကဲ့သို့ ပိတ်လိုက်ခြင်းသည် ရွှေ့ပြောင်းလာ သူတို့၏ ခရီးလမ်းဖြစ်သော ဂရိနိုင်ငံမှ ဥရောပသို့ လမ်းကြောင်းကို ဖြတ်တောက်လိုက်ခြင်းလည်း ဖြစ်သည်' ဟု ဆို၏။

ခရိုအေးရှားနိုင်ငံသည် ရွှေ့ ပြောင်းလာသူ ဒုက္ခသည်များအတွက် ကြားခံ ဗဟိုစခန်းသဖွယ် နေရာဖြစ်ပြီး ဒုက္ခသည် အရေအတွက်မှာ များလွန်း၍ လမ်းများပေါ်၌ နားခိုနေကြရ၏။

Souerce; BBC.com.



ခရိုအေးရှားနိုင်ငံ နယ်ခြားမြို့ တိုဗိနစ်၌ ရွှေ့ပြောင်းလာသူ ဒုက္ခသည်များ ရှေ့ဆက်သွား၍မရသဖြင့် စောင့်ဆိုင်းနေကြရသည်။

## ဆော်ဒီသံတမန် အဓမ္မကျင့်မှုဖြင့် စွပ်စွဲခံရသော်လည်း အိန္ဒိယနိုင်ငံမှ တရားဝင်ထွက်ခွာ

နီပေါနိုင်ငံသူ အမျိုးသမီးနှစ်ဦးကို အိမ်ဖော်အဖြစ် ခေါ်ယူခန့်ထားပြီး အဓမ္မကျင့်ခဲ့သည်ဟု စွပ်စွဲခံရသူ ဆော်ဒီသံတမန်ကို သံတမန်တို့ ကျင့်ဝတ်စည်းကမ်းနှင့်အညီ နိုင်ငံမှ ထွက်ခွာခွင့်ပေးခဲ့ရသည်ဟု အိန္ဒိယ နိုင်ငံခြားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစော်ကားခံရသော အသက် ၃၀ နှင့် ၅၀ အ ရွယ် အမျိုးသမီးနှစ်ဦးတို့သည် အစာငတ်၊ ရေငတ်ဘဝနှင့် နေခဲ့ရသည့်အပြင် သံတမန် အပါအဝင် အခြားဆော်ဒီနိုင်ငံသားများ၏ အဓမ္မကျင့်ခြင်းကိုလည်း ခံခဲ့ရသည်။

ဆော်ဒီနိုင်ငံကမူ အဆိုပါ စွပ်စွဲချက်များ တစ်ခုကိုမှ လက်သင့်မခံ၊ သူ့နိုင်ငံသားကို အရေးယူခွင့်မပေးဘဲ၊ အိန္ဒိယနိုင်ငံတွင် ထိုသို့ တရားစွဲဆိုရန် ကြိုးစားနေမှုကို ဆန့်ကျင်ပြီး နိုင်ငံသို့ပြန်ခေါ်ခဲ့သည်။



*ဆော်ဒီသံတမန်၏ အဓမ္မကျင့်ခြင်းခံခဲ့ရသော အမျိုးသမီးနှစ်ဦးကို ဒေလီမြို့ ဂါဝွန်အရပ်မှ ကယ်ဆယ်လာကြစဉ်။*

သုံးသပ်သူများက ထိုဆော် ဒီနိုင်ငံသား၏ နိုင်ငံမှ ထွက်ခွာခွင့်သည် အိန္ဒိယနိုင်ငံအတွက် ဆုံးဖြတ်ရန် ခက်ခဲစေခဲ့မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နီပေါနှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် အလွန်ရင်းနှီးသော သံတမန် ဆက်ဆံရေးရှိနေကြောင်း၊ သို့သော်လည်း အိန္ဒိယနိုင်ငံအနေနှင့် ရေနံပေါကြွယ်ဝသော ဆော်ဒီနိုင်ငံသို့ အိန္ဒိယနိုင်ငံသားသန်းပေါင်းများစွာသွားရောက် အလုပ်အလုပ်နေကြ၍ တင်းမာမှုမဖြစ်စေရန်လည်း ဂရုထားနေရသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

အစော်ကားခံရသော အမျိုးသမီးတစ်ဦးက AFP သတင်းဌာနကို ပြောရာ၌ သူတို့က နေ့တိုင်းလိုလို အနိုင်ကျင့်ကြသည်ဟု ဆို၏။

သူတို့ကို ထားသော အခန်းမှာ မြင့်မားလှ၍ မည်သို့မှ ထွက်ခွာခွင့်မရခဲ့ပေ။

အဆိုပါအမျိုးသမီးနှစ်ဦးသည်လည်းယခုသီတင်းပတ်၌ နီပေါနိုင်ငံသို့ ပြန်သွားခဲ့ကြပြီဖြစ်သည်။

နီပေါနိုင်ငံမှ အမျိုးသား အမျိုးသမီး ထောင်ပေါင်းများစွာသည် ဆင်းရဲချို့တဲ့လှ၍ အိန္ဒိယနိုင်ငံသို့ လာကာ၊ အိမ်ဖော်နှင့် အောက်ခြေအလုပ်အလုပ်သမားအဖြစ် လုပ်ကိုင်ရန် နှစ်စဉ် ရောက်လာလေ့ရှိသည်။

BBC.com.

P-16

A

F5

## ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့ လေဆိပ်ဌာနချုပ် လက်နက်ကိုင်တိုက်ခိုက်ခံရ

စက်တင်ဘာ ၁၈ ရက်နေ့က ပတ်ရှဝါမြို့ လေတပ် အခြေစိုက် စစ်စခန်းသို့ စစ်သွေးကြွ ၁၀ ဦးက လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှု၌ အကြမ်းဖက်သမား သုံးဦး သေဆုံးပြီး ကင်းစခန်းကို တိုက်ခိုက်ပြီး နောက် လေတပ်အတွင်း ဘာဒါ ဘာ Badaber စခန်းသို့ ဝင်ရောက်လာသည်ဟု ဗိုလ်ချုပ် အဆင်ဘတ်ဝါ Asim Bajwa က ပြောသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိလာကာ စခန်းတစ်ခုလုံးကို ပိတ်ပစ်လိုက်သော်လည်း တိုက်ခိုက်မှုက ရှိနေဆဲဖြစ်၏။

ပက်ရှဝါမြို့ကို စစ်သွေးကြွများက ပစ်မှတ်သဖွယ် သတ်မှတ်ပြီး တိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာကလည်း လူ ၂၅၀ ကျော် သေဆုံးခဲ့သည့် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး တာလီဘန်အဖွဲ့က တပ်စာသင်ကျောင်းကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။

Source; BBC.

## မြောက်ကိုရီးယားက ညူပုံး ထုတ်လုပ်နိုင်သည့်စက်ရုံ ပြန်လည်စတင်လည်

မြောက်ကိုရီးယား နိုင်ငံ က ညူလက်နက်ထုတ်လုပ်နိုင် သည့် စက်ရုံဟု ခေါ်နိုင်သော ညူဓာတ်ပေါင်းဖိုတည်ရာနှင့် လုပ်ငန်းကို ပြန်လည်စတင်လည်ပတ်နေပြီဟု စက်တင်ဘာလ ၁၅ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

မကြာမီ ကျင်းပတော့မည့် နှစ်ပတ်လည် အခမ်းအနား၌ မြောက်ကိုရီးယားနိုင်ငံက သတင်းထုတ်ပြန်မည်ဖြစ်သည်။

ညူလက်နက်၊ ညူပုံး၊ သက်ဆိုင်သမျှသော ညူဓာတ်ပေါင်းဖိုနှင့် လုပ်ငန်းများ ပြန်လည်စတင်နေပြီဟု ဆိုသည်။



အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အတူ မကြာလှသော နေ့တစ်နေ့ မည်သည့်အချိန်၌မဆို ဒုံးပျံ တစ်စင်းမဟုတ်၊ နှစ်စင်းကို မြောက်ကိုရီးယားနိုင်ငံက ပင်လယ်ပြင်အတွင်းသို့ စွန့်ပစ်တော့မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ထိုသို့သော လုပ်ဆောင်မှုကို နိုင်ငံတကာက စောင့်ကြည့်နေကြသည်။ BBC.com.

## အမေရိကန်လေတပ်မှ ဗိုလ်ချုပ်ကြီးက ရုရှားလေတပ် အင်အားဖြည့်တင်းမှုအပေါ် သတိထား

ယခု သီတင်းပတ် အတွင်း ဥရောပတိုက်ဆိုင်ရာ အမေရိကန်လေတပ်ဗိုလ်ချုပ်ကြီး ဖရန့်ဂိုရင့် Frank Gorenc က သတင်းသမားများကို ပြောရာ၌ ဥရောပတိုက်အတွင်း၌ ရုရှားတပ်များ ရွှေ့လျားလာမှု များလာနေကြောင်း၊ တပ်များတိုးပွားလာနေမှုတွင် အရေအတွက်ရော၊ အရည်အသွေးပါ များလာနေကြောင်း၊ လေတပ်နှင့် မောင်းသူမဲ့ လေယာဉ်များပါ ဖြည့်တင်းနေကြောင်း သတိပေးစကားပြောခဲ့သည်။

ရုရှားတပ်များ ၂၀၀၈ ခုနှစ်က ဂျော်ဂျီယာနိုင်ငံကို ကျူးကျော်မဝင်ရောက်ခင်ကာလကလည်း ယခုကဲ့သို့ တပ်များ တိုးလာခဲ့ဖူးသည်။ တစ်ဆက်တည်း ကရိုင်းမီးယားကျွန်းကို ကျူးကျော်စဉ်ကလည်း ယခုကဲ့သို့ တပ်များပြင်ဆင်ခဲ့သည်။

"ကျုပ် ရိုးရိုးသားသား ပြောရရင် ကျုပ်တို့က လေကြောင်းက အခွင့်သာနေတာပဲ"ဟု ဆိုသည်။

သူက ရုရှားတို့သည် လေကြောင်းတပ်နှင့်ပတ်သက်၍ ခေတ်မီစေရန် ငွေကုန်ကြေးကျခံနေကြောင်း၊ မြေပြင်မှ ဝေဟင်သို့ ကာကွယ်နိုင်ရန် ပြင်ဆင်နေသည်မှာ သိသာလှပါကြောင်း။ ရှေ့၌လည်း ဥပမာနှစ်ခုရှိခဲ့ကြောင်း၊ ယူကရိန်းတို့၏ ကရိုင်းမီးယားကို ကျူးကျော်ရန် ဤသို့ပြင်ဆင်ဖူးခဲ့ကြောင်း။ ၂၀၁၄ ခုနှစ်က လီနင်ဂရတ်ကို သိမ်းခဲ့ကြောင်း ယခုလည်း ရုရှားသည် ပိုလန်နှင့် လစ်သူယန်နီးယားကို ကြံစည်နေဟန်ရှိကြောင်း ရှင်းပြသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ကာကွယ်ရေးကို ခြေလှမ်းကျဲကျဲနှင့် ပြင်ဆင်နေမှုကို သတိထားသည်။ ယခု ရုရှားသည်လည်း ခြေလှမ်းကျဲကျဲလှမ်းနေသည်ဟု ဆို၏။

"ဒီအပြုအမူတွေက ပစိဖိတ်ဒေသပြဿနာတစ်ခုတည်းမဟုတ် ဥရောပတိုက်အတွက်ပါ ထူးခြားနေတယ်၊ ဥရောပတိုက်သာ မဟုတ်ဘူး၊ ကမ္ဘာတစ်ခုလုံးအတွက် အရေးပါတယ်။ အခုဖြစ်ရပ်က အငြင်းပွားစရာရှိတယ်လို့ ပြောလို့မရဘူး။ ကျွန်တော်ကတော့ အငြင်းပွားစရာလို့ မမြင်ဘူး၊ သူတို့က ကွက်လပ်ဖြစ်နေတဲ့ နေရာမှာ ရရှိဖို့၊ လက်ဦးမှုရယူဖို့က သူတို့ အစီအစဉ်ပဲ"ဟု ဗိုလ်ချုပ်ကြီး ဂိုရင့်က သတိပေးသည်။

Source; BBC.com.



## မြောက်ကိုရီးယားနိုင်ငံအနေနှင့် မည်သည့် ဒုံးပျံစမ်းသပ်မှု ပြုသည်ဖြစ်စေ ထပ်မံအရေးယူမည်ဟု အမေရိကန်ပြော



အမေရိကန်နိုင်ငံမှ အဆင့်မြင့်ကာကွယ်ရေး အရာရှိကြီးတစ်ဦးက မြောက်ကိုရီးယား နိုင်ငံအနေနှင့် မည်သို့သော ဒုံးလက်နက် စမ်းသပ်မှုပြုလုပ်သည်ဖြစ်စေ၊ ပြန်လည်တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ထပ်မံဖြည့်စွက်အရေးယူမှုများပြုလုပ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်နေ့က ပြောကြားလိုက်သည်။

ပစိဖိတ်ဒေသရှိ အမေရိကန် တပ်ဖွဲ့များ၏ တပ်မှူးကြီးကလည်း တောင်ကိုရီးယားနိုင်ငံ၌ ဒုံးခွင်းဒုံး စနစ်များ ထပ်မံတပ်ဆင်ရန် ဆောင်ရွက်တော့မည်ဟု သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံမှ လက်ထောက်ကာကွယ်ရေးဝန်ကြီး ဒေးဗစ်ရှီးယား David Shear နှင့် ဗိုလ်ချုပ်ကြီး ဟယ်ရီဟားရစ် Harry Herris တို့ နှစ်ဦးက လွှတ်တော်လက်နက်များဆိုင်ရာ ကော်မတီကြားနာပွဲတွင် ယင်းသို့ ပြောကြခြင်းဖြစ်၏။ ယခုသီတင်းပတ် အတွင်း၌ မြောက်ကိုရီးယားနိုင်ငံက ဂြိုလ်တုတစ်လုံး လွှတ်တင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိုဂြိုလ်တုကတာဝေးပစ် ဒုံးလက်နက်အတွက် ပြင်ဆင်နေပြီဟု နှစ်ဦးစလုံးက တင်ပြခဲ့ကြသည်။

"တကယ်လို့ သူတို့ကသာ ဒုံးပျံစမ်းသပ်မယ်ဆိုရင် ကျုပ်တို့ကလည်း ဆွေးနွေးလက်စ ခြောက်နိုင်ငံနဲ့ တွေ့ဆုံပြီး ဘယ်လိုဖိအားတွေ ထပ်ပေးမလဲဆိုတာ ဆောင်ရွက်ရတော့မယ်၊ အဖြစ်နိုင်ဆုံးတစ်ခုကတော့ အရေးယူမှု ထပ်မံပြုလုပ်ရတော့မယ်ဆိုတာပဲ"

ဗိုလ်ချုပ်ကြီး ဟားရစ်က ပစိဖိတ်သမုဒ္ဒရာ တပ်မှူးကြီးအနေနှင့် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရပြီဖြစ်၍၊ တောင်ကိုရီးယားနိုင်ငံရှိ ဒုံးပျံကာကွယ်ရေးစခန်းကို အင်အားထပ်မံဖြည့်တင်းရန် လိုအပ်လာပြီဟု ဆိုသည်။

သူက အမေရိကန်နိုင်ငံ၏ မြင့်မားသော အာကာသနယ်ကာ ကွယ်ရေးအတွက် ဒုံးခွင်းဒုံးစနစ် Terminal High Altitude Area Defense THAAD. တပ်ဆင်ရန်ဖြစ်သည်။

နိုင်ငံတကာရှိ အင်အားကြီး ငါးနိုင်ငံထဲမှ တရုတ်နှင့် ရုရှားနှစ်နိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံကို ညူလက်နက် စွန့်လွှတ်ရေး ဆွဲဆောင်ရန် တာဝန်ယူထားသည်သာမက တောင်ကိုရီးယားနိုင်ငံ၌ အထက်ပါ THAAD စနစ်တည်ဆောက်ရန် ကိစ္စကိုလည်း ဆန့်ကျင်သူများဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေနှင့် သူ့နိုင်ငံ၏ အာဏာရပါတီဖြစ်သော အလုပ်သမားပါတီတည်ထောင်သည့် နှစ်ပတ်လည်အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်တွင် ပြုလုပ်မည်ဟု ပြင်ဆင်နေရာ၊ ထိုနေ့၌ အဆင့်မြင့် တာဝေးပစ် ဒုံးလက်နက်စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားနိုင်ကြောင်း ကြိုတင်ခန့်မှန်း၍ ယခုကဲ့သို့တင်ပြခြင်းဖြစ်သည်။

BBC.com ,Ruters.com.

**မောင်သာရွှေ**

## ယခုနှစ်တွင် မြန်မာနိုင်ငံ၏ အင်းအိုင်မြစ်ချောင်းများမှ ငါးပုစွန်ထုတ်လုပ်မှုပမာဏ ပိုမိုမြင့်တက်လာနိုင်

ရေကြီးရေလျှံ ဖြစ်မှုကြောင့် ယခုနှစ်တွင် အင်းအိုင်မြစ်ချောင်းငါး ရာသီချိန်မှာ ငါးပုစွန် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၏ သတင်းများ အရသိရသည်။

ယခုနှစ်ငါးဖမ်းဆီးသည့် ရာသီချိန်တွင် မွေးမြူရေးငါးကန်များလည်း ရေနစ်မြုပ်သွားခဲ့သဖြင့် အဆိုပါ ငါးများမှာ မြစ်ချောင်းအင်းအိုင်များသို့ ပြန့်ကျဲရောက်ရှိသွားကြသောကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် သတင်းများအရ ရေကြီး ရေလျှံမှုဖြစ်ပွားသည့်နှစ်များတွင် မြစ်ချောင်းအင်းအိုင်များမှ ငါးထုတ်လုပ်မှုပမာဏပိုမိုတိုးတက်လာလေ့ရှိကြောင်း သိရသည်။ မြစ်ချောင်း အင်းအိုင်များသည် မွေးမြူရေးကန်များထက် အဆများစွာ ကျယ်ဝန်းသည့်အပြင် ဖမ်းဆီးချိန်မှာလည်း နောက်ဆုတ်သွားသဖြင့် ငါးများကြီးထွားချိန် ပိုမိုရရှိလာကြောင်း၊ ရေကြီး ရေလျှံမှုမှာလည်း တစ်နိုင်ငံလုံး နီးပါးဖြစ်နေသဖြင့် ငါးပမာဏမှာ သိသိသာသာများပြားလာမည်ဖြစ်ကြောင်း သိရသည်။ **ဒသမ**

## ငါးကန်များပြန်လည်ထူထောင်ရန် လုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင်ရန် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းမှတိုက်တွန်း

ဇူလိုင်နှင့် ဩဂုတ်လ အတွင်း နိုင်ငံအနှံ့ ရေကြီး ရေလျှံဖြစ်စဉ် ဖြစ်ရပ်များကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ငါးကန်ဧက သုံးသောင်းကျော် ပျက်စီးသွားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ အများဆုံး ပျက်စီးခဲ့ရပြီး အထူးသဖြင့် ပဲခူးတိုင်း အနောက်ခြမ်းပြည်၊ မိုးညို၊ လက်ပံတန်း၊ ရန်ကုန်တိုင်း အတွင်းရှိ ထန်းတပင်၊ မှော်ဘီ၊ တိုက် ကြီး ဒေသများနှင့် ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဒေသများ၌ ပျက်စီးမှုအများဆုံး ရှိနေကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွား သည့် ငါးမွေးမြူရေးကန်များ ပြန် လည်ထူထောင်နိုင်ရေးတွက် မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၈၀၀၊ မြန်မာနိုင်ငံမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ ကျပ်သိန်း ၁၅၀၀၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ပျက်စီးသွား ငါးများပြန်လည် မွေးမြူနိုင်ရန်အတွက် ငွေကျပ် သိန်း ၃၅၀၀ တန်ဖိုးရှိ ငါးသားပေါက်များကို လှူဒါန်းပေးသွားမည်ဖြစ်သည်။

အခုချိန်တွင် ငါးမျိုးစေ့သားပေါက်ငယ်များ စိုက်ထည့်ပေးနိုင်လျှင် ရှေ့နှစ် ဇွန်၊ ဇူလိုင်လတို့၌ ပြန်လည်ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ **ဒသမ**



## ရေကြောင်းပို့ဆောင်ရေးမှ ကုန်ဝင်ကုန်ထွက်စာရင်း

**ကုန်တင် / ကုန်ချ ဆောင်ရွက်နေသည့် သင်္ဘောများ**

| စဉ် | ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|---|
| ၁။ | ထီးတန်းဆီဘော | Mt.Chao Anoma | စားအုန်းဆီ ၄၃၀၀ တန် ကုန်ချ |
| ၂။ | ထီးတန်းဆိပ်ကမ်း (၂) | Kota Tampan | ကုန်သေတ္တာ ၄၂၆ လုံး ကုန်ချ |
| ၃။ | အေးရှားလ်ဝေါ (၁) | Meratus Gorontalo | ကုန်သေတ္တာ ၅၃၃ လုံး ကုန်ချ |
| ၄။ | အေးရှားလ်ဝေါ (၂) | Thai Binh -039 | ဘိလပ်မြေ ၈၉၂၉ တန် ကုန်ချ |
| ၅။ | အေးရှားလ်ဝေါ (၃) | Thai Binh-28 | ဘိလပ်မြေ ၆၉၂၁ တန် ကုန်ချ |
| ၆။ | အလုံဆိပ်ကမ်း (၁) | Dynamic Ocean-09 | ဘိလပ်မြေ ၆၉၂၂ တန် ကုန်ချ |
| ၇။ | မြန်မာ့စက်မှုဆိပ်ကမ်း (၁) | Mathu Bhum | ကုန်သေတ္တာ ၅၇၉ လုံး ကုန်ချ |
| ၈။ | ဆူးလေ (၂) | Pioneer A | ဘိလပ်မြေ ၆၇၂၂ တန် ကုန်ချ |
| ၉။ | ဆူးလေ (၃) | Daiduong Sunrise | ဘိလပ်မြေ ၆၅၀၀ တန် ကုန်ချ |
| ၁၀။ | ဆူးလေ (၄) | Maan Aung | ဘိလပ်မြေ ၇၅၀၀ တန် ကုန်ချ |
| ၁၁။ | ဆူးလေ (၅) | Kulnatee | ဘိလပ်မြေ ၁၀၅၀၀ တန် ကုန်ချ |
| ၁၂။ | ဆူးလေ (၆) | Sagaing | ဘိလပ်မြေ ၁၁၄၉၈ တန် ကုန်ချ |
| ၁၃။ | ဆူးလေ (၇) | Thamee Hla | ဘိလပ်မြေ ၈၅၀၀ တန် ကုန်ချ |
| ၁၄။ | သီလဝါ (MITT-3) | Yangtze Pioneer | အထွေထွေကုန် ၁၇၂၇၄ တန် ကုန်ချ |
| ၁၅။ | မြန်မာ့ကြယ်ငါးပွင့်ဆိပ်ကမ်း | Weithu Kamma | Kenal Oil ၁၀၀၀ တန် ကုန်ချ |

**ကုန်တင်/ ကုန်ချရန် စောင့်ဆိုင်းနေသော သင်္ဘောများ**

| စဉ် | သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ရောက်သည့်ရက် |
|---|---|---|---|
| ၁။ | Dawei | ဘိလပ်မြေ ၁၀၅၀၀ တန် ကုန်ချရန် | ၃-၉-၂၀၁၅ |
| ၂။ | Thanh Thuy | ဘိလပ်မြေ ၆၁၀၀ တန် ကုန်ချရန် | ၅-၉-၂၀၁၅ |
| ၃။ | Han Linn | ဘိလပ်မြေ ၇၂၀၀ တန် ကုန်ချရန် | ၁၁-၉-၂၀၁၅ |
| ၄။ | Kulsamut | ဘိလပ်မြေ ၁၀၅၀၀ တန် ကုန်ချရန် | ၁၂-၉-၂၀၁၅ |
| ၅။ | Mt. Dong A Peneus | MOGAS 92 Ron ၉၂၅၈ တန် ကုန်ချရန် | ၁၅-၉-၂၀၁၅ |

**ဆိုက်ရောက်ရန် မျှော်လင့်ဆဲ အထွေထွေကုန်သင်္ဘောများ**

| စဉ် | သင်္ဘောအမည် | ရောက်မည့် ခန့်မှန်းရက် | ဆိုက်ကပ်မည့် ဆိပ်ကမ်း | ကုန်အမျိုးအစား |
|---|---|---|---|---|
| ၁။ | Maria T.L | ၁၇-၉-၂၀၁၅ | - | စတီး ၂၁၇၀၀ တန် ကုန်ချရန် |
| ၂။ | Observator | ။ | - | စတီးနှင့်အထွေထွေကုန်၂၃၅၅၀တန် ကုန်ချရန် |
| ၃။ | Han Thhr | ။ | - | ဘိလပ်မြေ ၉၀၀၀ တန် ကုန်ချရန် |
| ၄။ | Thai Binh-688 | ။ | - | ဘိလပ်မြေ ၁၂၄၀၀ တန် ကုန်ချရန် |
| ၅။ | New Energy | ။ | - | ဘိလပ်မြေ ၁၄၀၅၀ တန် ကုန်ချရန် |
| ၆။ | Csav Rio Maipo | ၂၀-၉-၂၀၁၅ | - | မော်တော်ယာဉ် ၇၃၀ စီး ကုန်ချရန် |
| ၇။ | City of Mumbai | ၂၁-၉-၂၀၁၅ | - | မော်တော်ယာဉ် ၁၂၄၆ စီး ကုန်ချရန် |
| ၈။ | Hong DE | ၂၄-၉-၂၀၁၅ | - | စတီး ၁၅၃၇၄ တန် ကုန်ချရန် |

**ဆိုက်ရောက်ရန် မျှော်လင့်ဆဲ စားအုန်းဆီ/စက်သုံးဆီသင်္ဘောများ**

| စဉ် | သင်္ဘောအမည် | ရောက်မည့်ခန့်မှန်းရက် | ကုန်အမျိုးအစား |
|---|---|---|---|
| ၁။ | Mt. AIM | ၁၇-၉-၂၀၁၅ | စားအုန်းဆီ ၃၉၅၀ တန် ကုန်ချရန် |
| ၂။ | Mt.Antares | ။ | စားအုန်းဆီ ၅၈၀၀ တန် ကုန်ချရန် |
| ၃။ | Mt. Meson | ၁၉-၉-၂၀၁၅ | စားအုန်းဆီ ၄၃၅၀ တန် ကုန်ချရန် |
| ၄။ | Mt. Primrose | ၂၀-၉-၂၀၁၅ | စားအုန်းဆီ ၄၂၅၀ တန် ကုန်ချရန် |
| ၅။ | Mt. Au Virgo | ။ | စားအုန်းဆီ ၄၂၅၀ တန် ကုန်ချရန် |
| ၆။ | Mt.Tien Thanh-26 | ၂၁-၉-၂၀၁၅ | စားအုန်းဆီ ၂၆၅၀ တန် ကုန်ချရန် |
| ၇။ | Mt. Au Gemini | ။ | စားအုန်းဆီ ၄၂၅၀ တန် ကုန်ချရန် |
| ၈။ | Mt. Aulac Jupiter | ။ | ဒီဇယ်ဆီ ၁၁၀၀၀ တန် ကုန်ချရန် |
| ၉။ | Mt.Dong A Tyche | ၂၂-၉-၂၀၁၅ | ဒီဇယ်ဆီ ၁၁၀၀၀ တန် ကုန်ချရန် |
| ၁၀။ | Mt.Ocean Gurnard | ၂၃-၉-၂၀၁၅ | ဒီဇယ်ဆီ ၁၁၀၀၀ တန် ကုန်ချရန် |

**မှတ်ချက် ။ ။ ၁၆-၉-၂၀၁၅ တွင် ကောက်ယူထားသောစာရင်း (ကောက်နုတ်ချက်) ဖြစ်ပါသည်။**

P-2

A

F4



### Laptop Computer
Acer,Aspire V3-574 G, 15-6" HD LED LCD,Core i7, 2.4 GHz, 4 GB DDR 3, 1 TB HDD, Graphic 2 GB.
ရောင်းဈေး ကျပ် ကိုးသိန်း ဝန်းကျင်။
***UNIQUE***
**အမှတ်-31,အင်းစိန်လမ်း (လှိုင်)။**
☎ : 09- 73171212.




### Enlarge Screen
3D Effect, F-1, 3" to 6" LCD Format compitable, for mobile phone.
ရောင်းဈေး ကျပ် တစ်သောင်း ဝန်းကျင်။
***TWO STAR***
**အမှတ်-40-122,လမ်း။** ☎ : 09- 421019542.

### Digital Camera
Canon, SX 610 HS, 3" LCD, 20.2 Megapix -el, 18 x Zoom, SD Card, Lithium battery.
ရောင်းဈေး ကျပ် နှစ်သိန်း ငါးသောင်း ဝန်းကျင်။
***ROYAL DIGITAL***
**အမှတ်-161, ၃၄ လမ်း (အထက်)။** ☎ : 09-511 3590.






### Wireless Mouse
Nx-6500, Renius, 2.4 GHz Techonology 120 dpi, 1 xAA battery. Rubber grip, Smooth scroll whell.
ရောင်းဈေး ကျပ် တစ်သောင်းခြောက်ထောင် ဝန်းကျင်။
***MICRO COMPUTER***
**အမှတ်-143, ၄၆ လမ်း (အထက်)။** ☎ : 01-294503.



### GSM Handset
Gionee, F-103, Dual Sim, 5" LCD, 8.5 Megapixel, Android 5.0, Quad Core 1-3 GHz, Ram 1 GB, Rom 16 GB.
ရောင်းဈေး ကျပ် တစ်သိန်းခြောက်သောင်း ဝန်းကျင်။
***MOBILE KING***
**အမှတ်-166, တာမွေလမ်း (တာမွေအဝိုင်းထိပ်အနီး)။** ☎ : 01- 542020.

### 4 Port Charger
For i-Phone, i-Pad and Android Phones, AC 220 V in DC 5 V 1A & 3.1 A Output.
ရောင်းဈေး ကျပ် ငါးထောင် ဝန်းကျင်။
***BRAVO MOBILE***
**အမှတ်-93, ရေကျော်လမ်း။** ☎ : 09-260411511.





### Solar Security Light
60 LED Light, 5 meter Cable, Solar Pamal, Waterproof, motion detector.
ရောင်းဈေး ကျပ် ငါးသောင်း ငါးထောင် ဝန်းကျင်။
***ASIA BEST LINK***
**အမှတ်-72/74, ဓါးသိန်းတင်လမ်း။ (၇၉ လမ်းထိပ်)။**
☎ : 01- 399 129, 09- 510 9442.






### Flashgum
Shanny, SN-600, GN-60, Speed 8000, 4x AA Battery, Battery Pack compitable, for Nikon & Canon.
ရောင်းဈေး ကျပ် တစ်သိန်း ဝန်းကျင်။
**မြန်မာ့အလှ ကင်မရာစင်တာ**
**အမှတ်-003, စင်ထရယ်တာဝါ၊**
**အနော်ရထာလမ်း။**
**(၃၉×၄၀ လမ်းကြား)။**
☎ : 01- 392 693.

### GSM Handset
Oppo, Mirror 5, Dual Sim, 5" LCD, 8.5 Megapixel,Android 5-1-1, Quad Core 1-2 GHz, Ram 2 GB, Rom 16 GB.
ရောင်းဈေး
ကျပ် နှစ်သိန်း ခုနစ်သောင်း ဝန်းကျင်။
***MOBILE KING***
**အမှတ်-116, တာမွေလမ်း**
**(တာမွေအဝိုင်းထိပ်အနီး)။**
☎ : 01- 542020.

### Solar Charger + LED Light
Longlasting High Capicity Powerbank, Solar + AC/DC Input, Output DC 5V 1A/2A, 20 LED Light.
ရောင်းဈေးကျပ် နှစ်သောင်း ဝန်းကျင်။
***EVER FINE***
**အမှတ်-152, အနော်ရထာလမ်း (၃၅ လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်)။**
☎ : 01-383466,01-387640.



## မလေးရှားထုတ်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာပြပွဲ တပ်မတော်ခန်းမတွင် ကျင်းပမည်

စတုတ္ထ အကြိမ်မြောက် မလေးရှားထုတ်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲ၌ ထုတ်ကုန်ပစ္စည်းများကဏ္ဍတွင် လျှပ်စစ်နှင့် အီလက်ထရောနစ်၊ အဆောက်အဦဆိုင်ရာ ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ ပရိဘောဂ ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ။ ဝန်ဆောင်မှုကဏ္ဍတွင် ဆောက်လုပ်ရေး ဝန်ဆောင်မှုများနှင့် တရားဝင်ကိုယ်စားလှယ်လုပ်ကိုင်ခွင့်ဆိုင်ရာ ပြခန်းများဖြင့် ပြသသွားမည်ဖြစ်သည်။

စက်တင်ဘာ ၃၀ ရက်နေ့တွင် လုပ်ငန်းရှင်များအတွက် သီးသန့် ပြသမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၃ ရက်ထိ အများပြည်သူ လေ့လာနိုင်ရန် ပြသမည်ဖြစ်သည်။

ဝင်ကြေးအခမဲ့ဖြင့် လေ့လာနိုင်ပြီး နေ့စဉ် ပထမဦးဆုံးလာရောက်သည့် ဧည့်သည် ၁၀၀၀ အတွက် လက်ဆောင်ပစ္စည်းများအပြင် မလေးရှားနိုင်ငံသို့ အသွားအပြန် လေယာဉ် လက်မှတ်၊ i pad Mini, Mobile Handset များ ကံစမ်းမဲဖွင့်လှစ် ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုရွှေ**

## မြန်မာ့ပို့ကုန်ဈေးကွက်သတင်း

**ဆန်**

ရန်ကုန်ဈေးကွက်အတွင်း (စက်တင်ဘာ ၁၁ ရက်ထိ) ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် ( ၁၀၈ ပေါင်)ကို ကျပ် ၂၀၀၀၀ ကနေ ၂၀၅၀၀ ကျပ်အထိ ဈေးနှုန်းဖြစ်ပေါ်ခဲ့တဲ့အတွက် လွန်ခဲ့တဲ့ တစ်ပတ်ထက်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးတက်လာပါတယ်။ WFP ဆန်သွင်းဖို့နဲ့ Export အတွက် အဝယ်ရှိနေပေမယ့် ဆန်အဝင်နည်းနေလို့ ဈေးတက်နေရပါတယ်။ မူဆယ်ကို ဆန်တိုက်ရိုက်တင်ပို့တာ မရှိသေးပေမယ့် Export ပြန်ဖွင့်ရင် မူဆယ်တရုတ်ဈေးကွက်ကို အနီးဆုံးနဲ့ အမြန်ဆုံးတင်ပို့နိုင်အောင် ဆန်ကြမ်းအချို့ကို ယခင်ရက်တွေကတည်းက မန္တလေးသို့ ကြိုပို့ထားတာရှိတယ်လို့ ဆန်ဈေးကွက်က သိရပါတယ်။ မူဆယ်ဆန်စပါးကုန်စည်ဒိုင်ကိုတော့ လောလောဆယ် တရုတ်ကုန်သည် လေး၊ငါး ဦးလောက်ပဲ လာရောက်ပြီး မူဆယ်ကို ရောက်ပြီးသား ဆန်လက်ကျန်အနည်းငယ်ကိုသာ အရောင်းအဝယ်ဖြစ်ပါတယ်။ မူဆယ်မှာ ဆန်လက်ကျန်အတော် နည်းသွားတာကြောင့် ပြည်တွင်းဆန်ချော၊ ဆန်ကြမ်း ဈေးတွေ လွန်ခဲ့အ ပတ်တွေထက်မြင့်တက်လာတဲ့အတွက် ဆန်ကုန်သည်အချို့ဟာ သကြားလိုင်းဘက်ကို ရောက်ကုန်တယ်လို့ သိရပါတယ်။ ဆန်ဈေးကွက်ရှေ့အလားအလာအနေနဲ့ ဆန်ကြမ်းအဝင်နည်းချိန် Export ပြန်ဖွင့်မှာဖြစ်လို့ လာမယ့်ရက်သတ္တပတ်တွေအတွင်း ဆန်ကြမ်းဈေးအနည်းငယ်ဆက် တက်နိုင်တဲ့ အခြေနေရှိပါတယ်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအချို့နေရာမှာ ကောက်စောစပါး ဧကအနည်းငယ်စတင်ရိတ်သိမ်းနေပြီဖြစ်ကာ စက်တင်ဘာလကုန်နဲ့ အောက်တိုဘာလတွေမှာ ကောက်စောစပါးတွေ ထွက်ရှိလာဖို့ရှိပါတယ်။ အာရှနိုင်ငံတွေရဲ့ FOB ဆန်ဈေးအများစုဟာ ငြိမ်နေပေမယ့် လက်ရှိပြည်တွင်း ဆန်ဈေးနှုန်းကြီး မြင့်လွန်းနေပြီဖြစ်တဲ့ ဆန်ကြမ်းဈေးတွေပြန်အေးသွားနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

**ပဲမျိုးစုံတင်ပို့မှု**

ဩဂုတ်လ ၂၉ ရက်နေ့ကနေ စက်တင်ဘာလ ၅ ရက်နေ့အထိ ပြည်ပသို့ပဲမျိုးစုံတင်ပို့မှု အခြေအနေကို ဇယား-၁ အတိုင်းတွေ့ရှိရပါတယ်။

ဇယား-၁ ဈေးနှုန်း **USD.PMT**

| ပဲအမျိုးအမည် | ယခင်တစ်ပတ် ၂၉-၈-၂၀၁၅ | ယခုတစ်ပတ် ၅-၉-၂၀၁၅ |
|---|---|---|
| မတ်ပဲ | ၉၂၁၀ | ၂၈၀၅ |
| ပဲတီစိမ်း | ၅၂၁၇ | ၉၈၃ |
| ပဲစင်းငုံ | ၂၁၂၈ | ၃၂၈၆ |
| ကုလားပဲ | ၄၈ | ၂၇ |
| ပဲလွန်းဖြူ | ၁၈၉ | ၂၄ |
| မြေထောက်ပဲ | ၄၈ | ၇၅ |

စက်တင်ဘာလ ဒုတိယပတ် ၁၄-၉-၂၀၁၅ နေ့ထိ ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယက ဝယ်လိုအားများလာတာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကို ကျပ် ၁၅၂၈၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲအနေနဲ့ ပစ္စည်းလက်ကျန်တန်ချိန် သောင်းဂဏန်းဝန်းကျင်သာရှိတော့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ကုန်သည်တွေရဲ့ လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အိန္ဒိယဘက်ကလည်း ဈေးဖွင့်ဝယ်တာမရှိတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်အေးနေပါတယ်။

**မူဆယ်ပြောင်းဈေးကွက်**

မူဆယ်ဈေးကွက်ကို ဒီတစ်ပတ် ပြောင်းသစ်တွေ ဝင်ရောက်လာပေမယ့် အဝင်နည်းနေပါသေးတယ်။ အဖွင့်ဈေးက ၅၀ ကီလိုတစ်အိတ်ကို ၁၀၅ ယွမ်ဈေးပေါက်ပါတယ်။ လက်ကျန်ပြောင်းတွေကိုတော့ တရုတ်ဝယ်လက်တွေက ဝယ်လိုအားပုံမှန်ရှိနေပေမယ့် ကုန်သည်တွေဆီမှာ ပစ္စည်းလက်ကျန်နည်းနေပါတယ်။ အရောင်းအဝယ်အနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၃ ယွမ်ကနေ အမြင့်ဆုံး ၁၀၃ ယွမ်အတွင်း ဈေးရှိပါတယ်။

**မောင်သုံးသပ်**

*စာမျက်နှာ - ၂၅*
*အောင် (ဆေး-၁) မှ အဆက်*

"ခုရောအဖြေရပြီလား"

"ရပြီဗျ၊ ဒီဒြပ်ပေါင်းတွေဟာ နှစ်ဖက်ချွန်တွေပဲ၊ အကောင်းရောအဆိုးရောရှိတယ်၊ တစ်ဖက်မှာ ဆဲလ်တွေ ပုံမှန်ကြီးထွားစေပေမယ့် တစ်ဖက်မှာ ကင်ဆာဆဲလ်တွေ ပွားအောင်လုပ်တယ်။ မီးစတစ်ဖက်၊ ရေမှုတ်တစ် ဖက်ပေါ့ဗျာ၊ Protein တစ်မျိုးတွေ့တယ်၊ နာမည်က PLEKHA 7 တဲ့၊ ဒီဒြပ်ပေါင်းက တီးဝိုင်းခေါင်းဆောင်လိုပဲ E-Cadherin နဲ့ Pizo Catenin ကို ထိန်းသိမ်းပေးတယ်လို့တဲ့ ရလဒ်ရစေတယ်"

"ဟုတ်ကဲ့ ဆရာကျော်"

"ဒီ Protein ကြောင့် E-Cadherin နဲ့ Pizo Catenin ဟာ ကောင်းကျိုးပဲပေးတယ်၊ ကင်ဆာဆဲလ်တွေ မပွားအောင် ဖိနှိပ်ပေးတယ်၊ ဒါပေမယ့် PLEKHA7 မရှိရင် အဲဒီနှစ်ခုဟာ ပုံမမှန်တော့ဘူး၊ ကင်ဆာဆဲလ်ကို အားပေးပြန်ရော"

"ဟုတ်ကဲ့ ဆရာကျော်"

"ဒါကြောင့် ပါရဂူတွေရဲ့ အဆိုအရ PLEKHA 7 Micrprocessor complex မရှိတာဟာ ကင်ဆာဖြစ်ဖို့ လမ်းစပါပဲတဲ့၊ လူနာတွေဆီက ကင်ဆာအသားစနမူနာ အမျိုးမျိုးကို စမ်းသပ်ကြည့်တယ်၊ ကင်ဆာဆဲလ်တွေ E-Caphrin နဲ့ Pizo Catenin က ရှိနေတယ်၊ Complex မရှိဘူး၊ ဒါကို တွေ့ရတယ်၊ ထူးခြားတဲ့ တွေ့ရှိချက်ပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာကျော်"

"Dr. Anasta Sindis က ပြောတယ်၊ ကင်ဆာဆဲလ်တွေထဲမှာ Micro RNA ပမာဏများလာအောင် လုပ်ကြည့်ပါတယ်တဲ့၊ အဲဒီအခါ ကင်ဆာဆဲလ်ဟာ ပုံမှန်ပြန်ဖြစ်ပြီး ကြီးထွားတာရပ်သွားပါတယ်တဲ့၊ ကင်ဆာဘဝကနေ ပုံမှန်ဘဝကို ပြန်ရောက်တာပေါ့"

"အံ့သြစရာပါလားဗျာ"

"အံ့သြစရာပဲ၊ ပါရဂူတွေက ဆိုးဝါးတဲ့ ကင်ဆာအမျိုးအစားတွေမှာ လက်တွေ့စမ်းကြည့်ကြတယ်၊ ရှေ့ပြေးသုတေသနတွေမှာ ရလဒ်ကောင်းတာတွေ့တယ်၊ အလားအလာသိပ်ကောင်းပါတယ်တဲ့"

"ဒါဆို ကင်ဆာကုထုံးသစ်ရမှာပဲ"

"ဖြစ်လာမှာပါ၊ ပုဏ္ဏားကြီးလို လူနာတွေအတွက် သတင်းကောင်းပါပဲ"

"ကြားရတာ ဝမ်းသာစရာပါပဲ"

"ဆေးရုံဆေးခန်းတွေ မှာ အသုံးချနိုင်တဲ့အဆင့် မြန်မြန်ရောက်ပါစေဗျာ"

အင်္ဂရတ်ဝါသနာပါ သောအငြိမ်းစား ကျောင်းအုပ်ကြီး ဦးမြသာက ယခုကဲ့သို့ချီးကျူးလိုက်၏။

"ကျမ်းဂန်ထဲမှာ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဆိုတာရှိသဗျ။ ခု Dr. Anas ta Sidis က တော့ ဆေးဝိဇ္ဇာပါပဲ"

"ကင်ဆာကို ပျောက်အောင်ကုနိုင်တာ ဆေးဝိဇ္ဇာပဲပေါ့ဗျာ"

"သတင်းတစ်ခုကြားတာက မုန့်ဟင်းခါးဖတ်မှာ ဖော်မလင်ပါတယ်ဆိုပဲ"

"ဟာ-ဟုတ်လား၊ မုန့်ဟင်းခါးတောင်မစားရဲတော့တဲ့ဘဝပါလား"

"အကြော်ကြော်တာလည်း ရေသန့်ဘူးခွံတွေထည့်ကြော်တယ်တဲ့"

"ကြောက်စရာပါလားဗျာ"

"သက်ဆိုင်ရာက ကြပ်ကြပ်မတ်မတ် အရေးယူသင့်တယ်ဗျ"

"ဟုတ်တယ်၊ ဥပဒေနဲ့အညီ ဆောင်ရွက်သင့်တယ်"



ဓာတ်ခွဲမှူး ဦးဉာဏ်အုန်းက ထောက်ခံလိုက်၏။

"ခုခေတ်မှာ ကင်ဆာတွေ ပေါလာတယ်၊ ဘာကြောင့်လဲ"

ဦးလွင်ဆင့်က မေးလိုက်၏။

"ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာများလာတာပေါ့ဗျာ"

ဒေါက်တာကျော်ဆွေသိန်းက ဖြေလိုက်၏။

"ဒါဆို လူငယ်တွေ ဆေးလိပ်မသောက်အောင် ပညာပေးရမယ်၊ အုပ်ထိန်းသူ မိဘတွေရော၊ ကျောင်းဆရာတွေရော၊ ရပ်မိရပ်ဖတွေရော၊ အစိုးရမဟုတ်တဲ့ လူမှုရေး အသင်းအဖွဲ့တွေရော၊ အားလုံးက စုပေါင်းညီညာ ကြိုးစားကြရလိမ့်မယ်"

ဝတ္ထုတိုဆရာမ မစပယ်က ဝင်ဆွေးနွေး၏။

"ဓာတုဗေဒဆိုးဆေးတွေကလည်း ကင်ဆာဖြစ်စေတယ်"

ဒေါက်တာတင်မောင်ဆွေက ပြောလိုက်၏။

"ဟုတ်တယ်ဗျ၊ လက်ဖက်လို၊ ငါးပိလို စားစရာတွေမှာ ဓာတုဗေဒဆိုးဆေးတွေပါနေတယ်၊ ကလေးတွေစားတဲ့ သရေစာမှာလည်း ပါနေတယ်၊ အန္တရာယ်ကြီးတယ်ဗျ"

အားလုံးက ညီညီညာ ညာထောက်ခံဆွေးနွေးကြ၏။

"စစ်မှန်တဲ့ ဒီမိုကရေစီရလာရင် ဒါတွေပပျောက်သွားမှာပါ၊ ဟော့ပေါ့ပူပူလေးသုံးဆောင်ကြပါ၊ မိုးအေးအေးမှာ အရသာရှိမှာပါ။ လိုရင်လည်း ထပ်မှာပါ"

"ဒကာက ဘယ်သူလဲဗျ"

"ဝတ္ထုတိုဆရာမောင်ညိုပြာဗျ၊ တလောက ဝတ္ထုတို ပေါင်းချုပ်အသစ်တစ်အုပ်ထွက်တယ်၊ စာအုပ်က အရမ်းရောင်းကောင်းတယ်၊ စာမူခက ရာခိုင်နှုန်းနဲ့ရတာ၊ မနည်းဘူးဗျ၊ ခုဒီဝိုင်းကို သူဒါနပြုထားတယ်၊ အဝစားကြပါ၊ဒါမှ ဒါနမြောက်မှာဗျ"

"ဟုတ်ပြီ၊ ဒါနမြောက်စေရမယ်"

စားသောက်ဖွယ်ရာမျိုး စုံထပ်မံမှာယူကြရာစားပွဲထိုးကလေးများ မရပ်မနား ပြေးလွှားနေရလေတော့၏။

**အောင် (ဆေး-၁)**

ရည်ညွှန်းချက်။ ။ မလေးရှားနိုင်ငံထုတ် Star သတင်းစာမှ "Cancer Breakthrough" ဆေးပညာဆောင်းပါးကို မှီငြမ်းကိုးကားပါသည်။

စာမျက်နှာ - ၅
ဒေါက်တာခင်မောင်ညို မှ အဆက်

အတွေးတွေနဲ့ လက်တွေ့တွေ မတူတာတွေ အများကြီးပါပဲ။ ဥပမာ-တိုင်တင်းနစ်သင်္ဘောဆိုတာ အင်မတန်စိတ်ချရတဲ့ သင်္ဘောလို့ သင်္ဘောတည်ဆောက်သူ အင်ဂျင်နီယာချုပ်က ယူဆတယ်။

သူတို့မှားသွားတာ တစ်ချက်ပဲရှိတယ်။ အဲဒါက သင်္ဘောရဲ့သံကို သံအထူကြီးလုပ်ထားလို့ပါပဲ။ ထူထဲတဲ့သံဟာ ပျော့ပျောင်းခြင်းမရှိဘူး။ သူတို့ဟာ အတ္တလန္တိတ် သမုဒ္ဒရာမှာ ရေခဲတုံးတွေနဲ့ တိုက်မိလို့ နစ်မြုပ်တယ်ဆိုတာကို သဘောပေါက်ပါလိမ့်မယ်။ ဒီလိုတိုက်မိတဲ့အခါမှာ အရိုက်ကပြင်းတော့ မာကျောတဲ့သံပြားဟာ ကွေးချိုင့်ဝင်သွားရမယ့်အစား တင်းခံနေတယ်။ အဲဒီမှာ ပြင်းထန်တဲ့ တွန်းကန်အားကြောင့် သံပြားတွေ ကွဲအက်သွားတယ်။ အက်ကြောင်းဟာပေ ၆၀ လောက် ရှည်သွားတယ်။

ရေတွေက အက်ကြောင်းထဲဝင်ပြီး သံတွေကို ဆွဲဖြဲလိုက်သလိုဖြစ်တာကြောင့် သင်္ဘောမြုပ်ရတာပါပဲ။

ယနေ့ခေတ် မော်တော်ကားတွေမှာ သံပြားပါးလေးတွေကို သုံးတာကို သတိပြုမိပေလိမ့်မယ်။ ဒီသံပြားပါးတာဟာ ယာဉ်တိုက်မှုဖြစ်ပွားတဲ့အခါ ပိုပြီးအန္တရာယ်နည်းတယ်လို့ဆိုတယ်။

မကြာသေးမီက ဖေ့စ်ဘွတ်တွေထဲမှာ လူကြီးကြီးတွေရဲ့ အရိုးကို တွေ့ရတယ်လို့ပြောတယ်။ ဘီးလူးပေ့ါ။ တစ်ချိန်က ဘီးလူးတွေ တကယ်ပဲရှိတယ်လို့ဆိုတာတွေ့ရတယ်။ ဒါဟာ အလိမ်အညာ (Hoaxes) တွေပါပဲ။

တကယ်တမ်း လူဟာအဲဒီလောက်ကြီးရင် ကမ္ဘာမှာ မျိုးသုဉ်းသွားနိုင်ပါတယ်။ ဥပမာ-ဒိုင်နိုဆောတွေဟာ အကောင်ကြီးလို့ မျိုးတုံးသွားတယ်ဆိုတဲ့ အချက်ကိုလည်း အလေးအနက်ထားကြတယ်မဟုတ်လား။ ခုခေတ်ဆင်တွေလည်း မျိုးသုဉ်းမဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဖြစ်တယ်။

တကယ်လို့ လူတွေသာ ဆင်လောက်သာကြီးရင် ကွန်ပျူတာတွေကို ဘယ်လိုအသုံးပြုနိုင်မှာလဲ။

သင့်တင့်တဲ့ အနေအထားဟာ အကောင်းဆုံးပါပဲ။

လူတိုင်းလူတိုင်းမှာ အိုင်ဒီယာတွေရှိတယ်လို့ ပြောရရင် သင့်မှာလည်း အိုင်ဒီယာရှိမှာပါ။ ကားကျပ်နေတဲ့အခါ မိုးပျံတံတားကြီးတွေ ထိုးချင်တဲ့စိတ်တွေဝင်လာမယ်။ ရထားတွေကို အချိန်မှန်မှန်ပြေးစေချင်မယ်။ လမ်းသစ်ထွင်ချင်တဲ့ စိတ်ရှိလာမှာပါ။

ဒါဟာ အမှန်တော့ ပတ်ဝန်းကျင်ကို ဂရုပြုတဲ့ လူတွေစဉ်းစားတာပါပဲ။ ရေနွေးငွေ့အင်ဂျင်ကို ရှာတွေ့တဲ့သူတွေ အများကြီးထဲ James Watt ရဲ့ အင်ဂျင်ဟာ အကောင်းဆုံးဖြစ်ခဲ့တယ်။

လူတွေအားလုံးမှာ အိုင်ဒီယာရှိကြတယ်။ အိုင်ဒီယာကနေ မိမိပန်းတိုင်ဟာဘာလဲဆိုတာကိုတော့ သိထားရမှာပေ့ါ။

**ဒေါက်တာခင်မောင်ညို**

စာမျက်နှာ - ၂၇
ဝင်းကိုမောင် မှ အဆက်

ဖြေရှင်းနေသလို အဖျော်ယမကာ စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်တဲ့ အမျိုးသမီး 'မဂ္ဂီယယ်လင်ဟဲ' ကလည်း ကျောင်းသား မိဘတွေရဲ့ တည်ရှိရာ နေရာတွေကို တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်လံဟောပြော စည်းရုံးရင်းနဲ့ သတင်းထောက်တွေ၊ စာနယ်ဇင်းတွေနဲ့ အတူလူထုကြီးပါ ပါဝင်လာပြီး၊ နောက်ဆုံးမှာ သူတို့နှစ်ယောက်လိုချင်တဲ့ ရင်သွေးငယ်တွေရဲ့ အနာဂတ် ပညာရေး လမ်းကြောင်းကြီးကို ပျော်ရွှင်စွာ ဖန်တီးနိုင်ခဲ့ပါတော့တယ်။

ဒီမှာဂျိမ်းမီက သူ့သမီးကို 'စိတ်ချ ငါ့သမီး အညွန့်မကျိုးတော့ဘူး။ တက္ကသိုလ်ကြီးကိုလည်း ရောက်အောင်သွားနိုင်တော့မယ်။ ပြီးတော့ ဒီနိုင်ငံမှာ သမ္မတဖြစ်ခွင့်လည်း ရှိလာမယ်လေ'တဲ့။

**ဝင်းကိုမောင်**

## တောင်ကြီး၊ မုံရွာ သတင်းကျွတ်အကြို ကုန်စည်ပြပွဲ

Winner Business Group က သီတင်းကျွတ်အကြို ကုန်စည်ပြပွဲများကို တောင်ကြီးမြို့နှင့် မုံရွာမြို့တို့တွင် ကျင်းပရန် စီစဉ်ထားသည်။ တောင်ကြီးမြို့ ကျောက်တိုင် အားကစားခန်းမ၌ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၄ ရက်ထိ မုံရွာမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာလ ၁၄ ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်ရာ ကုန်စည်ပြပွဲဝင်လိုသော ကုမ္ပဏီ လုပ်ငန်းများသည် ဖုန်း ၀၉-၅၁၇ ၂၀၇၆၊ ၀၉-၂၅၀၀ ၅၈၃၀၆၊ ၀၉-၂၅၀ ၆၆၀၁၃၉ သို့ ဆက်သွယ်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

**ကိုရွှေ**

စာမျက်နှာ - ၂၉
ဒေါက်တာခင်မောင်လတ် မှ အဆက်

လောက်ကြီးကို အာရုံများများစိုက်လေ စင်ပေါ်က မင်းသားမင်းသမီးတွေ၊ သရုပ်ဆောင်နေတဲ့သူတွေဟာ ဘာမှမဟုတ်ကြောင်းသိလာလေပါ။ အခုလောလောဆယ်ပြနေတဲ့ ဇာတ်လမ်းရဲ့ အရသာကို တကယ်ခံစားနားလည်ချင်ရင် သရုပ်ဆောင်နေတဲ့ သူတွေအကြောင်းကို မေ့ထားလိုက်ပြီး ဇာတ်လိုက်မင်းသား ဒီအခန်းကိုဘာကြောင့်ကရတယ်၊ ဘယ်လိုကတယ်ဆိုတဲ့အကကိုပဲ အာရုံစိုက်ပြီး ခံစားပါ။

**ဒေါက်ခင်မောင်လတ်**
**(ရွှေမြန်မာ)**

(Rolf Dobelli ၏ "The Art of Thinking Clearly" စာအုပ်မှ Fundamental Attribution Error ကို ဘာသာပြန်ပါသည်။)

စာမျက်နှာ - ၁၂ မောင်ပုဆိုးကြမ်း မှ အဆက်

မြန်မာ့ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးအား အမည်ပျက်စာရင်းကနေ ပယ်ဖျက်ပေးလိုက်ပါတယ်။ ဒဂုံနိုင်ငံတကာ ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်လည်းဖြစ်၊ မြန်မာနိုင်ငံကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းများ အသင်းဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးဝင်းအောင်ကို ကန့်သတ်ပိတ်ပင်ထားတဲ့ သူတွေစာရင်းဖြစ်တဲ့ SDN (Specially Designated Nationals) စာရင်းက ပယ်ဖျက်ပေးလိုက်တယ်လို့ သိရပါတယ်။

ဦးဝင်းအောင်ကို အဲဒီစာရင်းက ပယ်ဖျက်ပေးဖို့ ၁၄ လကြာ အသနားခံ တောင်းဆိုမှုကို ဦးဆောင်တဲ့ စင်ကာပူအခြေစိုက် ရှေ့နေ Johnviverito ရဲ့ အဆိုအရ ဦးဝင်းအောင်အနေနဲ့ သူ့ရဲ့ငွေကြေးစာရင်းဇယားတွေကို လှစ်ဟပြသဖို့ ဆန္ဒရှိမှုတွေကို အမေရိကန်အာဏာပိုင်တွေက ထည့်သွင်းစဉ်းစားခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ စီးပွားရေး ပိတ်ဆို့တာခံထားရတဲ့ မြန်မာလုပ်ငန်းရှင်ကြီးတွေထဲက ပထမဦးဆုံး ကင်းလွတ်ခွင့်ပြုတာခံရခြင်းပဲဖြစ်ပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ အမေရိကန်ရဲ့ စီးပွားရေး ပိတ်ဆို့မှုဟာ ဆက်လက်ရှိနေဦးမှာပဲဖြစ်ပြီး အဲဒီပိတ်ဆို့မှုကလည်း နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပေါ် မူတည်ပြီး အတိုးအလျှော့ရှိတယ်လို့ ဆိုကြောင်းပါ ခင်ဗျား။

**မောင်ပုဆိုးကြမ်း**

Ref; "US Removes Prominent Myanmar Businessman From Sanction List" (Reuters).

စာမျက်နှာ - ၁၇ ဦးတင်ဦး(ကျူရှင်) မှ အဆက်

ကျွန်တော့်ဆရာ ဆရာဦးပြုံးက "ငါ့တပည့်ရာ တို့ပေးမယ့်လခကတော့ မင်းအရက်တစ်ခါသောက်မရှိပါဘူး။ နှစ်ရာငါးဆယ်တည်းပါ။ ဒါပေမယ့် သာသနာပြုသလို သဘောထားပြီး ကျောင်းမှာ တွဲဖက်ဆရာဝင်လုပ်ပါကွာ"ဟု ပြောပြီး ကျွန်တော့်အား တန်ဖိုးရှိသော ဘဝထဲသို့ ရောက်အောင် ပြောင်းပေးခဲ့ပါသည်။

မြားနတ်မောင် အယ်ဒီတာ ဒေါက်တာလွဏ်းဆွေကလည်း ကျွန်တော့်ကို မထင်မရှားနှင့် တောမြို့ကလေးမှာပဲ သေသွားရမည့် ကျူရှင်ဆရာလေး ကျွန်တော့်အား နိုင်ငံသိ စာရေး ဆရာတစ်ဦးအဖြစ်သို့ ပြောင်းပေးခဲ့ပါသည်။

ထို ဘဝနှစ်ခုစလုံးသည် ပိုက်ဆံရှိစေသော ဘဝများပင်မဟုတ်သော်လည်း ကျွန်တော့်အတွက် ဘဝရဲ့ အဓိပ္ပာယ်ကိုရှာပေးနိုင်သည့် အနေတော့ရှိကြပါပေသည်။ အဓိပ္ပာယ်ရှိသော ဘဝများကို ပြောင်းပေးခဲ့ကြသော ကျွန်တော့်ဆရာများဖြစ်ကြသည့် ဆရာဦးပြုံးနှင့် ဒေါက်တာ လွဏ်းဆွေတို့ကို တစ်သက်တာလုံး ကျေးဇူးတင်နေရမည်ဖြစ်ပါပေသည်။

**ဦးတင်ဦး(ကျူရှင်)**

### အိမ် ခြံ မြေ
### သတင်းအချက်အလက်များ

အိမ် ခြံ မြေ လုပ်ငန်းများမှ ယခုတစ်ပတ်အတွင်း ပေးပို့ထားသော အိမ် ခြံ မြေ ရောင်းဝယ်ငှား သတင်းအချက်အလက်များ ဈေးနှုန်းများကို စာမျက်နှာ ၁၈ နောက်ပိုင်းမှစ၍ လေ့လာကြည့်ရှုနိုင်ပါသည်။



*စာမျက်နှာ - ၃*
*စိုးမင်းဦး မှ အဆက်*

Bank of Chvna- PBOC မှ ငွေချေးလာပါက PBOC ဘဏ်က တင်းကြပ်မှုမရှိဘဲ ငွေချေးမည်။ ထိုအခါ၌ ထိန်းချုပ်မှုသည် ထိန်းချုပ်ရမည့်အစား ငွေကြေးမူဝါဒက အားနည်းနေပြန်သည်။

သို့ဖြစ်၍ နိုင်ငံတကာ၌ သတင်းပျံ့နှံ့နေသည့် အချက်မှာ တရုတ်နိုင်ငံ၏ ငွေကြေးယွမ်သည် အားအင်မရှိ။ ဆိုလိုသည်မှာ ခိုင်မာမှုမရှိသော ငွေကြေးအဖြစ် အခြေအနေသို့ ရောက်သွားပါ၏။

**တရုတ်နိုင်ငံ အလိုရှိသည်မှာ အဘယ်ပါနည်း**




၂၀၀၈ ခုနှစ် ဘဏ္ဍာရေး အကြပ်အတည်းအပြီး၌ တရုတ်နိုင်ငံ၏ စီးပွားရေးသည် အလွန်အမင်းချိန်ခွင်လျှာညီနေခြင်းထက်ပင် ပိုနေပါသေး၏။

ထိုစဉ်က ကမ္ဘာ့စီးပွားရေး ချိန်ခွင်လျှာကို အဓိက ကြီးကိုင်ထားသူအဖြစ်မြင်ထားကြသည်။ ထိုစဉ်က တရုတ်နိုင်ငံ၏ အစွန်းထွက်ငွေသည် GDP ထက် ၁၀ ရာခိုင်နှုန်းအထိပင် ပိုနေပါသေးသည်။ ထိုစဉ်က အခြေအနေ ဖြစ်သည်။

ယခု တရုတ်နိုင်ငံ၏ ရာခိုင်နှုန်းသည် ၂ ရာခိုင်နှုန်းအထိ ကျသွားခဲ့ပြီး ဖြစ်သည်။ တစ်ချိန်တည်းတွင် အင်အားချည့်နဲ့ နေသော ငွေကြေးကလည်း မကျန်းမမာ၍ ထောက်ပံ့ ကူညီပံ့ပိုးထားရသည့် အခြေအနေ။ ငွေကြေးဖောင်းပွမှု မဟုတ်သည့် ကုန်ပစ္စည်း ဈေးနှုန်းများ နိမ့်ကျနေသည့် ကာလဖြစ်ချိန်တွင် အနောက်နိုင်ငံများ၏ ငွေကြေးဖောင်းပွမှုမှာ သုညသာရှိသည့် ကာလတွင် ကမ္ဘာတစ်ခုလုံး အနေနှင့် တရုတ်နိုင်ငံထံမှ အလို အပ်ဆုံးမှာ ငွေကြေးတန်ဖိုး လျှော့ချပေးခြင်း ဖြစ်ပါ၏။

သို့မှလည်း ငွေကြေးတန်ဖိုး မြင့်တက်ခြင်း၏ဒဏ်ကို ခံနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေနှင့် ပေါ့ပါးပြီး တင်းကြပ်မှု မရှိသော ငွေကြေးမူဝါဒ လိုအပ်သည်။ သို့မှသာ အနောက်ကမ္ဘာအနေနှင့် အင်အားချိ့တဲ့သော ရာမင်ဘီ- renmimbe ဆိုသည့် ယွမ် yuan ငွေနှင့် အလုပ်လုပ်၍ ဖြစ်မည်ဟု အနောက်ကမ္ဘာက မြင်ကြသည်။

တရုတ်နိုင်ငံက ယင်း အချိန်တွင် ထိုသို့ ယွမ်ငွေတန်ဖိုးချလိုက်ခြင်းအပေါ် ကျေးဇူးတင် ရမည်ဟု The Economics မဂ္ဂဇင်းကြီးမှ စီးပွားရေး သတင်းသမား ဒန်ကင်ဝဲလ်ဒန် Dumcam Weld -on က ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။

သို့သော် တရုတ်တို့သည် ရင်းနှီးမြှုပ်နှံမှုကို ထိန်းချုပ်ထားနေသ၍ ပြဿနာများရှိနေဦးမည်ဟု ကောက်ချက်ချ၏။

တရုတ်နိုင်ငံအနေနှင့် ငွေကြေးမူဝါဒကိုလည်း လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရမည်။ ငွေကြေးလဲလှယ်မှုကိုလည်း တည်ငြိမ်နေစေရန် ပြုလုပ်ရမည်ဟုလည်း ဆက်လက်အကြံပေး၏။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ကလည်း နိုင်ငံများအနေနှင့် မူသေဆုံးဖြတ်ထားခြင်းကို သက်သာစေပြီး၊ ငွေအရင်းအနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ ရွေ့လျားခွင့်ပြု ရန်သဘောတူသင့်သည်ဟု တရုတ်နိုင်ငံကို သာဓကထား၍ ခြုံငုံသုံးသပ်ထားသည်။

အနောက်နိုင်ငံမှ စီးပွားရေး သတင်းသမားများ၊ သုတေသီများ၊ ပညာရှင်များကမူ တစ်ခုပြီးတစ်ခု တောင်းဆိုကြပါလိမ့်မည်။

ထိုသို့ရှာဖွေတောင်းဆို ဝေဖန်၊ သုံးသပ်ခြင်းကပင် သူတို့၏ အလုပ်၊ သူတို့၏ တာဝန်ဖြစ်သည်ကိုလည်း သိထားသင့်ပါ၏။

တရုတ်နိုင်ငံသည် ယခုကဲ့သို့ အကြပ်အတည်း ဆိုက်နေချိန်၌ ဦးတည်ချက်များ ပြောင်းသင့်သည်။ အချိန်အခါလိုက်၍ လုပ်ရသည့် အလုပ်များရှိသည်။ မည်သည့်အချိန်၌ ရင်းနှီးမြှုပ်နှံမှုများကို ကိုင်တွယ်ရမည်၊ သင့်တင့်စွာ ပြုမူရမည့် အချက်များရှိသည်။

တရုတ်နိုင်ငံ၏ ငွေကြေးအဆင့်ကို ပုံမှန်အဖြစ်ထားပြီး ရင်းနှီးမြှုပ်နှံမှု ရွှေ့ပြောင်းခြင်းကို ထိန်းချုပ်ထားပါက ခေတ္တခဏ ငွေကြေးချိန်ခွင်လျှာညီစေမည့် အချိန် ရောက်လာနိုင်သည်ဟု သဘောပေါက်ရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ ခြေလှမ်းမှားမှုများကို လွန်ခဲ့သည့် နှစ်များကတည်းက လွယ်လင့်တကူဝေဖန် တိုက်ခိုက်ခဲ့ကြသည်။



ယခုလည်း တရုတ်တို့သည်စတော့ဈေးကွက်၌ တန်ဖိုးများကို မတန်တဆမြင့်တင် သတ်မှတ်ထားသည်မှုက ဈေးကွက် အံ့အားသင့်သွားစေလောက်သည်။ ငွေတန်ဖိုး လျှော့ချခြင်းသည် တရုတ်နိုင်ငံအတွက် နောက်ဆုံးပေါ် နမူနာများဖြစ်လာခဲ့၏။ တရုတ်နိုင်ငံနှင့် ပတ်သက်၍ ဝေဖန်အခံရဆုံး ပြဿနာတစ်ခုမှာ ၂၀၀၉ ခုနှစ် စီးပွားရေးအပေါ် အားအင်ဖြည့်တင်းသည့် အစီအစဉ်ကြီးတစ်ခုဖြစ်၏။

ထို အစီအစဉ်ကြောင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုမှာ တိုးမြင့်က အစိုးရပိုင်လုပ်ငန်းများများမှာမူ အကြွေးနွံနစ်သွားခဲ့ရသည်။ ယင်းအထဲတွင် နိုင်ငံပိုင် ဘဏ်များ၊ ဒေသဆိုင်ရာ အစိုးရများ၏ ဘဏ်များလည်း ပါဝင်သွားသည်။

ထိုစီမံကိန်းအပြီး၌ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ရင်းနှီးမြှုပ်နှံမှု အမှားပြဿနာဆိုသည့် ရောဂါဆိုးကြီး ကပ်ငြိသွားတော့၏။

ထိုအဖြစ်အပျက်ကို ပုံဖော်သည့် စကားလုံးတစ်လုံးပင် ပေါ်ပေါက်လာရသည်။ ထိုစာလုံးကိုလည်း မကြာဏ ဖော်ပြမေး လေ့ရှိကြသည်။ မည်သူမှ မရှိသည့်၊ သူရဲ တစ္ဆေမြို့၊ Enpty Ghost Cities ဟု ဖြစ်ပါ၏။ အကြွေးများက အဆင့်အမြင့်ဆုံး ရောက်သွားသည်။

ဤနေရာ၌ တရုတ်နိုင်ငံအပေါ် ဝေဖန်သုံးသပ်ရာ၌ ဆန့်ကျင်ဘက် အချက်အလက်၊ ပမာအားဖြင့် တရုတ်နိုင်ငံဘက်မှ အချက်အလက်များ တင်ပြမှုများကား ရှားပါးလှပါ၏။

ထိုအခါ မေးခွန်းတစ်ခုပေါ်လာပါ၏။

ကမ္ဘာတစ်ခုလုံး ဖွံ့ဖြိုးလာစေရန်အတွက် တရုတ်နိုင်ငံမပါဘဲ အဘယ်သို့ ဖြစ်လာခဲ့ပါသနည်း။

ထိုအချိန်အခါက ကမ္ဘာကြီးတစ်ခုလုံး၌ စီးပွားရေးနှင့် ပတ်သက်၍ လိုအပ်ချက်များစွာရှိနေခဲ့ရာ ထိုစဉ်က တရုတ်နိုင်ငံသည် သူရပ်တည် နေရာမှ ရှေ့ခြေတစ်လှမ်းတိုးကာ အချို့ကိုကူညီ ပံ့ပိုးပေးခဲ့သည်။

ထိုသို့တွန်းအားပေး ပြုလုပ်ပေးခဲ့၍ အကြပ်အတည်းကာလတွင် ကမ္ဘာ့စီးပွားရေးပြန်လည် နာလန်ထူခဲ့သည်။

သို့သော် တရုတ်နိုင်ငံ၏ စီးပွားရေးကမူ ကြောက်မက်ဖွယ် ကောင်းလောက်သည့် ချိန်ခွင်လျှာ မညီမျှမှုနှင့် ရင်ဆိုင်ရတော့၏။

ယခုလည်း ကမ္ဘာလုံးဆိုင်ရာ မူဝါဒ ချမှတ်သူများအနေနှင့် အဓိကအချက်အဖြစ် သတ်မှတ်ကာ တရုတ်နိုင်ငံကို ကူညီကြရန် ဖြစ်ပါ၏။ တရုတ်နိုင်ငံ၏ စီးပွားရေး ချိန်ခွင်လျှာညီမျှသွားစေရန် ကူညီပေးသင့်သည် မဟုတ်ပါလား။

**စိုးမင်းဦး**

Source; Karishma Vaswani China's Slowdown takes its toll, Duncan wedon. China's impossible Trinity BBC. New. com.

## ရာဇဂြိုလ်ဆည်ကြောင့် ကလေးဒေသရေကြီး ရေလျှံရခြင်းမဟုတ်ကြောင်း ရှင်းလင်း



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ဇူလိုင်လကုန်ရက်ပိုင်းမှ အစပြု၍ စက်တင်ဘာလဆန်းအထိ ထူးကဲစွာ ရေကြီးရေလျှံရသည့်အကြောင်းရင်းများတွင် ရာဇဂြိုလ်ဆည်ကြီးဆည်တာကျိုးပြီဟု လည်းကောင်း၊ ရေပိုလွှဲမှ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ပြီဟု လည်းကောင်း ရာဇဂြိုလ်ဆည်ကို အကြောင်းခံ၍ ကောလာဟလ အမျိုးမျိုးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက်နေ့က ကလေးမြို့လုံးကျွတ် ထိတ်လန့်တုန်လှုပ် ထွက်ပြေးရသည်အထိ ဒေသခံတို့ ပြောဆိုနေမှုအပေါ် ရာဇဂြိုလ်ဆည်ကြောင့် ကလေးဒေသရေကြီးရေလျှံရခြင်းမဟုတ်ကြောင်းနှင့် ဆည်နှင့်ပတ်သက်၍ ရှင်းလင်းတိကျစွာ သိရှိလိုပါက လာရောက်လေ့လာနိုင်ပါကြောင်းနှင့် သက်ဆိုင်ရာ ဆည်တာဝန်ရှိများအနေဖြင့် ရှင်းလင်းပြောပြမည်ဖြစ်ကြောင်း ရာဇဂြိုလ်ဆည်တာဝန်ရှိတစ်ဦးမှပြောသည်။

"ကျွန်တော်တို့ ဆည်မှာ ရေပမာဏအလိုက် သတင်းပို့ရတယ်၊ ဥပမာ ရောက်နေတဲ့ ရေပမာဏအလိုက် ဒေသအုပ်ချုပ်ရေးအဖွဲ့၊ တိုင်းအဆင့်စသဖြင့် အဆင့်ဆင့်သတင်းပို့ တာဝန်ယူကြတယ်။ ကျွန်တော်တို့ ဆည်ရဲ့ အစီအမံဆိုတာရှိပြီးသား၊ ၆၄၀ ဆိုရင်ဘာ၊ ၆၄၅ ဆိုရင်ဘာပေါ့၊ (regul-ation) ရှိပြီးသား"ဟု ရာဇဂြိုလ်ဆည်မှ AE ဦးဗညားက ပြောသည်။

ကလေးဒေသနှင့် ချင်းတောင်ပေါ်တို့တွင် ဇူလိုင်လဆန်းရက်ပိုင်းက စတင်၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရာဇဂြိုလ်ဆည်တွင် သတ်မှတ်လှောင်ရေများရရှိခဲ့ပြီး ဇူလိုင် ၉ ရက်နေ့တွင် မိုးရေချိန် ၃.၆၉အထိ ရွာသွန်းသည့်အတွက် ဆည်ရေအမှတ် (RL- 640.01) သို့ ရောက်ရှိခဲ့ရာ ဆည်ရေပိုလွှဲပေါက်မှ စတင်၍ ၀.၁၀ ပေ ဝန်းကျင် ရေစတင်လွှတ်ခဲ့သည်။ ကလေး-ချင်းတောင်ဒေသတွင် ထိုရက်ပိုင်းမိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ဇူလိုင် ၁၀ ရက်နေ့တွင် ဆည်ရေမှာ (RL 640.01) သို့ လည်းကောင်း၊ ယင်းနေ့များတွင် ချင်းတောင်ပေါ်မှ သစ်တုံးကြီးများ ဒိုက်သရောများ မျောပါလာသည့်အတွက် ရေပိုလွှဲပေါက်ပိတ်ဆို့သွားပြီး ဇူလိုင် ၁၁ ရက်နေ့တွင် ဆည်ရေ အမှတ် (RL 653.60) အထိ မြင့်တက်ခဲ့ရာ စက်တင်ဘာ ၁ ရက်နေ့မှ အစပြု၍ စက်ယန္တရားကြီးများဖြင့် သစ်၊ ဒိုက်၊ အမှိုက်များကို ရှင်းလင်းခဲ့ရသည်။ စက်တင်ဘာလ ၂၀ ရက်တွင် ဆည်ရေအမှတ် (RL 640.50) အထိ ကျဆင်းသွားသည်။

"ကလေးဒေသ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ ရာဇဂြိုလ်ဆည်ကြီးရှိနေတဲ့အတွက် ကျွန်တော်တို့ ဆည်အောက်ဘက်ရွာတွေ ပျက်စီးမှုနည်းခဲ့တာဖြစ်ပါတယ်။ မဟုတ်ရင် အိမ်ရာတွေ၊ လယ်ယာတွေ အပျက်အစီးများမှာဖြစ်ပါတယ်။ ရာဇဂြိုလ်ဆည်က သစ်တုံးတွေ ဒိုက်သရောတွေ၊ တောင်ကျရေတွေ ပိတ်ထားလိုက်တဲ့အတွက် ကျွန်တော်တို့ ဆည်အောက်ရွာတွေ အတော်သက်သာသွားတာပါ"ဟု ရာဇဂြိုလ်ရွာမှ ကျောင်းအုပ်ကြီး (ငြိမ်း) ဦးမောင်ဝင်းက ပြောသည်။

ရာဇဂြိုလ်ဆည်သည် ယခုအခါ လှောင်ရေပြည့်မီနေပြီဖြစ်သည့်အတွက် လျှပ်စစ်မီးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ရာဇဂြိုလ်ဆည်မှ လျှပ်စစ်မီး ၄ မီဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ကလေး-တမူးကားလမ်းဘေးရှိ ကျေးရွာများ၊ ဆည်အောက်ဘက်ရှိ ကျေးရွာများကို အဓိကထားလျှပ်စစ်မီးပေးမည်ဖြစ်ပြီး၊ နွေရာသီတွင် ယင်းဆည်မှ နွေစိုက်ခင်းဧက ၈၅၀၀ ကိုရေပေးဝေနိုင်မည်ဖြစ်ကြောင်း ရာဇဂြိုလ်ဆည်မှ တာဝန်ရှိတစ်ဦးမှပြောသည်။

**ကြာကြာကွတ်**

*စာမျက်နှာ - ၂၁ မောင်ကံ မှ အဆက်*

တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်များမှ ရေငန်ပုစွန်မွေးကန်ဧကများစွာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ရာသီအမီပြန်လည်မွေးမြူနိုင်ရန်အတွက် ပုစွန်သားပေါက်နှင့် တာများဆည်ဖို့ရန်၊ ကန်များပြုပြင်ရန် ငွေကြေးများစွာ လိုအပ်နေကြောင်း မောင်တောမြို့နယ်မှ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းနှစ်ခု ထိခိုက်နစ်နာမှုအများဆုံးဖြစ်ပေါ်ခဲ့မှုကို ပြန်လည်ကုစားကာ စီးပွားရေးနာလန်ပြန်ထူနိုင်ဖို့ စိုက်ပျိုးရေး လုပ်ကိုင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများကို သက်ဆိုင်ရာမှ အတိုးနည်းချေးငွေများ ထုတ်ချေးပေးသင့်ကြောင်း ဒေသခံများက ပြောသည်။

ထိုကဲ့သို့ မလုပ်ပေးနိုင်ပါက ဂီရိမုန်တိုင်းဒဏ်ခံခဲ့ရသည့် မြေပုံမြို့နယ်ကဲ့သို့ မိမိဒေသတွင် အလုပ်လုပ်ကိုင်သူမရှိတော့ဘဲ တခြားပြည်နယ်နှင့် နိုင်ငံခြားတိုင်းပြည်များသို့ ထွက်ခွာသွားကြမည်ဖြစ်ကြောင်း မြို့မိမြို့ဖများက သုံးသပ်ပြောကြားသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ရာသီပေါ် သီးနှံစိုက်ခင်းများမှာလည်း ပျက်စီးဆုံးရှုံးမှုများခဲ့သည့်အတွက် လေးမြို့မြစ်ဒေသထွက် ရှောက်ချိုသီး၊ ကွဲကောသီးများမှာလည်း ယခုနှစ်တွင် ပေါပေါများများ ဝင်ရောက်လာခြင်းမရှိတော့ကြောင်း တွေ့ရသည်။ အလားတူ ကုလားတန်မြစ်ကမ်းဘေး ဝဲယာတွင် နှစ်စဉ်စိုက်ပျိုးနေသည့် မြေပဲစိုက်ကိုင်းမြေများမှာလည်း နွံများဖုံးလွှမ်းနေမှုကြောင့် မြေပဲစိုက်ရန် အဆင်မပြေဖြစ်နေကြကြောင်း ကုလားတန်မြစ်အထက်ပိုင်းမှ မြေပဲစိုက်သူများက ဆိုသည်။

မြေပဲစိုက်ပျိုး၍မရသောကြောင့် မြေပဲဈေးမြင့်တက်လာကာ ပဲဆီဈေးမှာလည်း မလွဲမသွေမြင့်တက်လာမည်ဖြစ်ကြောင်း ကျောက်တော်မြို့မှ စားကုန်ဆိုင်ရောင်းသူတစ်ဦးက ပြောသည်။

ဘဝတွင် မတွေ့ကြုံမခံစားခဲ့ဖူးသည့် ရေကြီးနစ်မြုပ်မှုကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများက ရခိုင်ဒေသနေပြည်သူများ၏ စီးပွားရေးလုပ်ငန်းအားလုံးကို ဖျက်ဆီးလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ်အဖြစ် ရပ်တည်နေသော ရခိုင်ပြည်နယ်၏စီးပွားရေး ပြန်လည် ကောင်းမွန်လာစေရန် ဒေသခံများနှင့် အစိုးရများက ကောင်းမွန်သော အစီအမံများဖြင့် ဆောင်ရွက်ပေးသင့်ချိန်တန်နေပြီဖြစ်ပြီး ယင်းသို့မဟုတ်ပါက ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ ကျဆုံးခန်းသို့ ဆက်လက်ဦးတည်နေဦးမည်ဖြစ်ပေသည်။

**မောင်ကံ**

*စာမျက်နှာ - ၁၆ လွင်ချန်ဖြိုး (နတ်မောက်) မှ အဆက်*

နိုင်ငံရေးမှာ အရှုပ်ထုပ်အဖြစ် ပါဝင်ပတ်သက်ချင်ကြလို့ စည်းရုံးကြမှာလား။

NLD ကတော့ နိုင်ငံကို ပြုပြင်ပြောင်းလဲဖို့၊ အစိုးရဖွဲ့နိုင်ဖို့၊ ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား အနိုင်ရလိုတယ်လို့ ပြည်သူကို ချပြဟောပြောနေပြီဖြစ်ပါတယ်။ NLD ပါတီအနေနဲ့ ပြတ်ပြတ်သားသား အနိုင်ရခဲ့ပြီး အစိုးရဖွဲ့နိုင်မယ်ဆိုပါက ငြိမ်းချမ်းရေးအတွက် ကတိဖျက်တဲ့ အဖွဲ့မျိုး မဖြစ်စေရလို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အာမခံတာကိုလည်း ကြားနေကြရပါတယ်။

ပြည်သူတွေဘက်က တတ်သိလိမ္မာစွာ မပျက်မကွက်ပါဝင်ကြဖို့ လိုသလို နိုင်ငံရေးသမားများ၊ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မည့်သူများအနေနဲ့လည်း ကိုယ့်ဘက်က မရိုးမဖြောင့်စိတ်ထားများရှိထားခဲ့မယ်ဆိုရင် အချိန်မီ ပြင်ဆင်နိုင်ဖို့ အခွင့်အရေးများရှိနေကြပါတယ်။ ခါးတောင်းများ မကျိုက်ခင်မှာ ခါးတောင်းကျိုက်နည်း မမှားကြဖို့ သတိပေးချင်ပါတယ်။

**လွင်ချန်ဖြိုး (နတ်မောက်)**

## ရေနစ်မြုပ်မှုကြောင့် လယ်ကွင်းပြင်တွင် တင်ကျန်ခဲ့သည့် ရွှံ့နွံများကြောင့် မတ်ပဲများ အထွက်ကောင်းမည်ဟုဆို

ရခိုင်ပြည်နယ်တွင် မတ်ပဲအများဆုံး စိုက်ပျိုးရာဒေသဖြစ်သည့် မြောက်ဦးမြို့နယ်တွင် ရေနစ်မြုပ်မှုကြောင့် လယ်ကွင်းပြင်တွင် တင်ကျန်ခဲ့သည့် ရွှံ့နွံများကြောင့် မတ်ပဲများ အထွက်ကောင်းမည်ဟု မတ်ပဲစိုက်တောင်သူများထံမှ သတင်းရရှိသည်။

"လယ်ကွင်းတွေမှာ တင်ကျန်ခဲ့တဲ့ ရွှံ့နွံတွေက သဘာဝမြေဩဇာတွေဖြစ်တဲ့အတွက် မတ်ပဲစိုက်ပျိုးချိန်မှာ ဓာတ်မြေဩဇာကြွေးရာမလိုတော့ဘဲ အထွက်ကောင်းသွားမှာဖြစ်ပါတယ်။ မတ်ပဲကို စက်တင်ဘာ နောက်ဆုံးပတ်နဲ့ အောက်တိုဘာ ပထမပတ်လောက်မှာ စပြီးတော့ စိုက်ကြတော့မှာဖြစ်ပါတယ်"ဟု မြောက်ဦးမြို့နယ် နန်းကျားကျေးရွာမှ တောင်သူဦးလှမောင်က ပြောသည်။

ယခုနှစ်မတ်ပဲဈေးမှာ ဈေးကောင်းနေသည့်အတွက် လွန်ခဲ့သည့်နှစ် မတ်ပဲ ရိတ်သိမ်းချိန်က ဝယ်ယူသိုလှောင်ထားခဲ့သည့် မတ်ပဲလှောင်လက်များမှာ ဈေးကောင်းရနေကြောင်း မတ်ပဲလှောင်လက် ဦးကျော်မောင်က ဆိုသည်။

"ကျွန်တော်ရောင်းလိုက်တဲ့ မတ်လလောက်က မတ်ပဲပိဿာ သုံးဆယ်ဆန့်တစ်အိတ်ကို ခြောက်သောင်းဈေးဖြစ်ပါတယ်။ အခုမတ်ပဲ တစ်အိတ်ကို ခုနစ်သောင်းငါးထောင်ဈေး ရှိနေပါတယ်"ဟု ဦးကျော်မောင်ကပြောသည်။

မတ်ပဲဈေးများတက်လာသည့်အတွက် တောင်သူအများစုမှာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြပြီး ပိုးဖျက်ဆီးမှုမရှိပါက တောင်သူအများစု စားဝတ်နေရေး အဆင်ပြေမည်ဖြစ်ကြောင်း မတ်ပဲစိုက်တောင်သူများက ပြောသည်။

**မောင်ကံ**

*စာမျက်နှာ - ၁၈*
***တက္ကသိုလ် စိန်တင် မှ အဆက်***

မအုန်း၊ (နောင် M.A မအုန်း) မခင်မြ၊ (နောင်၊ ရန်ကုန် ပညာရေး တက္ကသိုလ် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မြ)တို့သည် တက္ကသိုလ်ကျောင်းသူများကို ရဲရဲတောက်သတ္တိခဲများဖြစ်လာစေရန် တက္ကသိုလ်သပိတ်စခန်းဖြစ်သော ရွှေတိဂုံစေတီ အနောက်ဘက်မုခ်၊ မော်လမြိုင်ဇရပ်တွင် ဟောပြော စည်းရုံးနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ အင်းလျားဆောင်သူ ကျောင်းသူတို့၏ နိုင်ငံရေး စိတ်ဓာတ်တက်ကြွမှု၊ အမျိုးသားရေ စိတ်ဓာတ်မြင့်မားမှုကို တွေ့မြင်ရသော ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ပြန်ကြားရေးမှူးလည်းဖြစ် ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကို ဦးဆောင်သူလည်း ဖြစ်သူ B.A နောက်ဆုံး နှစ်ကျောင်းသား ကိုအောင်ဆန်းသည် အလွန်ကျေနပ်နေသည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး သုံးလကြာမှောက်ခဲ့ပြီး တက္ကသိုလ်အာဏာပိုင်များနှင့် စေ့စပ်ညှိနှိုင်း သဘောတူညီမှုရပြီးသည့်အခါ သပိတ်ကြီးလှန်ခဲ့စဉ် တစ်ဦးနှင့်တစ်ဦးခွဲခွာကြကာ အိမ်ပြန်ကြမည့်ဆဲဆဲ အမှတ်တရမှတ်တမ်း Autograph ရေးကြသည်။

အင်းလျားဆောင် သူကျောင်းသူခေါင်းဆောင် မခင်မြ (ဒေါက်တာဒေါ်ခင်မြ)မှာ ရုပ်ရည်အလွန်ပြေပြစ် ချောမောလှပြီး အမြဲတမ်း အလှပြင်ထားသူဖြစ်ရာ သူငယ်ချင်း မခင်မြ၏ Auto စာအုပ်တွင် (နောင်အခါ မြန်မာ့လွတ်လပ်ရေး ဗိသုကာဖြစ်လာသူ ဗိုလ်ချုပ် ဆောင်ဆန်း) ကိုအောင်ဆန်းက အင်္ဂလိပ်ဘာသာဖြင့် အောက်ပါ သဘောအဓိပ္ပာယ်ပါရှိသည့် မှတ်တမ်းကို ရေးသားခဲ့သည်။

*မခင်မြသို့-*

*မိန်းကလေးတွေဟာ အမြဲ မိမိတို့ အလှကို မိမိတို့ ခင်တွယ်မြတ်နိုးပြီး တိုင်းချစ်ပြည်ချစ်စိတ် နည်းပါးလှသည်ဟု ယခင်က ကျွန်တော် အထင်မှား အမြင်မှားဖြစ်ခဲ့မိပါတယ်။ ယခု ၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသား သပိတ်ကြီးမှာ မခင်မြတို့လို တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးသားရေး စိတ်ဓာတ်တက်ကြွသူတွေကို တွေ့ရသဖြင့် ကျွန်တော်အတွေးအခေါ် အယူအဆမှားယွင်းမိခဲ့ပုံကို နားလည်သဘောပေါက်ခဲ့ပါပြီ။*

*မခင်မြတို့လို အမျိုးသားရေးစိတ်ဓာတ်တက်ကြွသူတွေဟာ ဒီစိတ်ဓာတ်ကို မြန်မာပြည်လွတ်လပ်ရေး တိုက်ပွဲမှာ အသုံးချနိုင်ကြပါစေလို့ ဆန္ဒမွန်ပြုပါတယ်။*

*အောင်ဆန်း*

ဤကား ဗိုလ်ချုပ်ဆောင်ဆန်းဖြစ်လာမည့် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၏ အာပတ်ဖြေမှတ်တမ်းဖြစ်သည်ဟု ဖဆပလဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေးက နောင်အခါတွင် ဗိုလ်မှူးမင်းခေါင်၊ (ရဲဘော်သုံးကျိပ်) ထုတ်ဝေသော ရွှေတူ ဂျာနယ်၌ ဆောင်းပါးရေးသားခဲ့သည်။ ကိုအောင်ဆန်း၊ အာပတ်ဖြေမှတ်တမ်းရေးပေးလိုက်သော သပိတ်မှောက် ခေါင်းဆောင် အင်းလျားဆောင်သူ မခင်မြမှ ဒေါက်တာဒေါ်ခင်မြဖြစ်လာ၍ ၂၇-၈-၂၀၁၅ နေ့ တက္ကသိုလ် စိန်တင် အသက် ၈၀ ပြည့်သောနေ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ဒါနပြုစဉ် လာရောက်အားပေး သာဓုခေါ်ခဲ့သော ဆရာကြီး ဦးအုန်းခင်မှာ ဒေါက်တာဒေါ်ခင်မြ (ကွယ်လွန်)၏ ခင်ပွန်းပင်။ (ဆက်ရေးပါမည်)

**တက္ကသိုလ်စိန်တင်**




*စာမျက်နှာ - ၂၂*
***ထက်ကျော် မှ အဆက်***

ကြပါတယ်။ သူတို့ အလုပ်ကို သူတို့ တာဝန်ကျေပွန်အောင် လုပ်နိုင်ကြတယ်။

"Great Leaders Like Diamonds are Products of Pressure" ဆိုတဲ့ စကားတစ်ခုရှိတယ်။ ကြီးကျယ်တဲ့ ခေါင်းဆောင်တွေဟာ စိန်တုံးစိန်ခဲတွေလိုပဲ၊ အဖိခံရခြင်းများက ထွက်ပေါ်လာတဲ့ ပစ္စည်းတွေဖြစ်တယ်လို့ နားလည်နိုင်ပါတယ်။ ဟုတ်တယ်၊ စိန်တုံးတွေက မိုးပေါ်ကကျလာတာမဟုတ်ဘူး။ လေထဲမှာ ဝဲပျံနေတာမဟုတ်ဘူး။ တကယ့်ဘဝထဲ၊ တကယ့်အလုပ်ထဲကနေသာပေါ်လာကြတာဖြစ်ပါတယ်။

မိုးကျရွှေကိုယ်တွေက စိန်တုံးတွေမဟုတ်သလို တန်ဖိုးရှိတဲ့ အရာတွေလည်း မဟုတ်ဘူး။ ဒီတော့ ဘာမှလောကအကျိုး လူ့အကျိုးကို စွမ်းဆောင်ပေးနိုင်မှာမဟုတ်ဘူး။ ဌာနအကျိုး၊ ဘဝတူလုပ်သားရဲ့ အကျိုးကိုလည်း ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။

မိုးကျရွှေကိုယ်တွေ များလာရင် အဲဒီရုံးဌာနနဲ့ ကုမ္ပဏီတွေ ထန်းလျက်ခွေးလျက်သလို လုံးပါးပါးသွားတတ်တယ်။ **ထက်ကျော်**

ကျွန်ုပ်တို့က သင့်အား
ထာဝရမိတ်ဖက်အဖြစ်
တစ်ညီတစ်ညွတ်တည်း
ရွေးချယ်ထားပါသည်။

သင်တို့က
ကျွန်ုပ်တို့အား
ပြန်လည်ရွေးချယ်
အသိအမှတ်ပြုပေးနိုင်ရေးအတွက်
အမြဲကြိုးစား
အားထုတ်လျက်ရှိပါသည်။

ရွှေးကျော် ဂျာနယ်

အပတ်စဉ်
ကြာသပတေးနေ့တိုင်း










**EPI ဖုန်းပြုပြင်နည်းသင်တန်း**

စာတွေ၊ လက်တွေ့၊ နိုင်မာသော အလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သော သင်ကြားမှု...

ကိုယ်ပိုင်စဉ်းစား ဆုံးဖြတ်ပြီးပြုပြင်နိုင်အောင် လုပ်ငန်းခွင်မှ ဆရာများက သင်ကြားပေးမည်။ နယ်သင်တန်းများအတွက် တည်းခိုရန် အခမဲ့ စီစဉ်ပေးမည်။ Data 2000 GB ပေးမည်။

Software + Hardware ၁ သိန်း

အမှတ် (၁၃၂)၊ ၃ထပ်(ဝဲ)၊ (၃၇) လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

Ph: 09-254040200, 09-30047422.

Columbus Vocational Education
(CVEC)

ခရီးသွားလုပ်ငန်းနှင့်
ဆိုင်သောလုပ်ငန်းခွင်ဝင် သင်တန်းများ

Operational Ticketing Course &
Online Reservation System.

(Abacus And Galileo Certificate)
ဖွင့်မည့်ရက် - 6-7-2015 (48 Hours)

Introductory Coursr to Inbound
Tour Operation in Myanmar ဖွင့်မည့်ရက်
- 15-8-2015

လစဉ်ပုံမှန် သင်တန်းခွဲအသစ်များဖွင့်နေပါသည်။
No.65,Wadan Street,

Lanmadaw Tsp, Yangon.
☎:215868,09-250293831
Email:cvec@ myanmar.com.mm